# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 27 November 2020 ၁၀၂၀၉


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၀ ပြည့်နှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ





**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ကထိန်ခံ မဟာဝိသုတာရာမစျေးကုန်း ဗိမာန်ကျောင်း ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကဝိသာရထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၂၀ ပြည့်နှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုကြပြီး ကထိန်လျာသင်္ကန်း၊ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**ထူးခြားသည့် ညအပူချိန်များ**

နေပြည်တော် နိုဝင်ဘာ ၂၆

| | | |
|---|---|---|
| ဟားခါး | သုည | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၇ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၇ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၈ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၈ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၈ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၉ | ဒီဂရီစင်တီဂရိတ် |

**ကြေးမုံ ယနေ့ ဖတ်စရာ**


ကမ္ဘောဒီးယားနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း စာမျက်နှာ » ၅

အစွမ်းမသေးပေါင် မန္တလေးဆောင် စာမျက်နှာ » ၆

ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် စာမျက်နှာ » ၁၈



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ပြည်သူလူထုစောင့်ရှောက်မှု ပိုမိုမြှင့်တင်

ကလေးသူငယ်များနှင့် အမျိုးသမီးများမှာ အားနည်းသူများဟု ဆိုရမည်ဖြစ်သည်။ အားနည်းသောကလေးသူငယ်များနှင့် အမျိုးသမီးများမှာ အကြမ်းဖက်ခံရနိုင်ခြေများသော အုပ်စုများအဖြစ် တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ကလေးသူငယ်များနှင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ဥပဒေများပြဋ္ဌာန်းပြီး ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၅၁ ဒသမ ၈၁ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။ အဆိုပါအမျိုးသမီးထုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ အကြမ်းဖက်ခံရမှုမှ အကာအကွယ်ပေးရေးတို့ကို ဆောင်ရွက်ခြင်းသည် နိုင်ငံသားအားလုံးကို ကိုယ်စားပြုအကာအကွယ်ပေးခြင်းပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် ဒီမိုကရေစီစနစ်ကို ရှင်သန်ခိုင်မာအောင် ဖော်ဆောင်နေသည်ဖြစ်၍ ကျား/မ တန်းတူအခွင့်အရေးများ၊ အားနည်းသူကို ဖေးကူလက်တွဲ ကာကွယ်စောင့်ရှောက်ပေးရေးအစီအမံများကို ဦးစားပေးဆောင်ရွက်နေသော အချိန်အခါဖြစ်သည်။

အမျိုးသမီးနှင့် ကလေးသူငယ်များတွင် အိမ်တွင်းအကြမ်းဖက်ခံရမှု၊ အဓမ္မစေခိုင်းမှု၊ လူကုန်ကူးမှု စသည့်ဖိနှိပ်မှုအမျိုးမျိုးတို့ကို ခံနေကြရဆဲဖြစ်သည်။ အမျိုးသမီးနှင့် ကလေးသူငယ်အချို့သည် မှုခင်းကြီးကြီးမားမားဖြစ်ရသည်မှလွဲ၍ ဘဝအခြေအနေအရ အမှောင်ထဲတွင် ဇွတ်တိုးနေရသူများရှိသလို အရှက်အကြောက်တရားကြောင့်လည်းကောင်း၊ အလုပ်အရှုပ်မခံနိုင်၊ မတတ်နိုင်သည့် အခြေအနေကြောင့်လည်းကောင်း၊ အသိအမြင်ဗဟုသုတနည်းပါး၍ အကူအညီတောင်းခံရနိုင်သည်ကို မသိနားမလည်၍လည်းကောင်း အဖိနှိပ်ခံနိမ့်ကျသည့် ဘဝသံသရာတွင်လည်နေရသည်။

လက်ရှိကာလတွင် ယခင်နှင့်မတူ များစွာပြောင်းလဲနေသည်ကို သတိပြုမိရမည်ဖြစ်သည်။ အမျိုးသမီးအခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ပေးရေးအား များစွာဦးစားပေးဆောင်ရွက်နေသည်ကို တွေ့ရသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရန် ပြည်သူလူထုဗဟိုပြုပြီး အမှန်တကယ်အကျိုးဖြစ်စေမည့် လုပ်ငန်းများဖော်ဆောင်လျက်ရှိရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုများဖြင့် နှစ်စဉ်လက်တွေ့လုပ်ကိုင်ပြသလျက်ရှိသည်။

ယခုအခါ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကို ရေးဆွဲထားပြီး အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ မကြာမီပေါ်ပေါက်လာမည့် ဥပဒေပြုရေးမဏ္ဍိုင်သစ်တွင် အမျိုးသမီးပြည်သူ့ကိုယ်စားလှယ် ၁၇ ရာခိုင်နှုန်းကျော် ပါဝင်လာသဖြင့် အနာဂတ်တွင် အမျိုးသမီးများအား အကာအကွယ်ပေးမည့် ဥပဒေများ ပိုမိုအားကောင်းလာနိုင်ခြင်း၊ အမျိုးသမီးများအား အကာအကွယ်ပေးမည့် ကိုယ်စားပြုအသံများပိုမိုကြားသိရနိုင်ခြင်းတို့ကြောင့် အမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လူ့ဘောင်လောကတွင် အမှုအမျိုးမျိုးပွေနေရသဖြင့် အားနည်းသူများအပေါ်တွင် အကြမ်းဖက်မှုအမျိုးမျိုးတို့ ဖြစ်ပေါ်နေမည်ဖြစ်ရာ ပြည်သူများအနေဖြင့် အကြမ်းဖက်မှုဖြစ်ပေါ်လာလျှင် မည်သို့အကာအကွယ်ယူရမည်၊ မည်သို့ဆောင်ရွက်ရမည် စသည့်အသိအမြင်ဗဟုသုတများရှိဖို့ လိုအပ်ပါသည်။

ဒီမိုကရေစီခေတ်ကာလတွင် ပွင့်လင်းမြင်သာမှုနှင့် လူ့အခွင့်အရေးရရှိမှုတို့ အားကောင်းလာပြီဖြစ်ရာ တစ်စုံတစ်ရာကြုံတွေ့လာပါက အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်တတ်ဖို့ လိုအပ်ပါသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများရှိပါက သတင်းပို့တိုင်ကြားနိုင်ရေးအတွက် ၂၄ နာရီ Help Line ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်ကတည်းက ထူထောင်ထားရှိပြီး အကြမ်းဖက်ခံရသူများကို တရားရင်ဆိုင်ခရီးစရိတ်နှင့် အသက်မွေးဝမ်းကျောင်းစရိတ်ထောက်ပံ့ပေးခြင်း၊ လုံခြုံရေးအတွက် နားခိုရာနေရာများ စီစဉ်ပေးခြင်း၊ အခြားသောဝန်ဆောင်မှုများရရှိရေး ညွှန်းပို့ချိတ်ဆက်ပေးခြင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

အကြမ်းဖက်ခံရသည့် အမျိုးသမီးများအနေဖြင့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ မုံရွာမြို့နှင့် ကယားပြည်နယ်တို့တွင် ဖွင့်လှစ်ထားရှိသည့် One Stop Women Support Center များတွင် အကူအညီရယူ၍ ယာယီစောင့်ရှောက်ပေးမှုများကို ရယူနိုင်ပေသည်။ လက်ရှိကာလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေဆဲဖြစ်၍ အိမ်တွင်းအကြမ်းဖက်မှုများရှိနိုင်ရာ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ရှာဖွေတားဆီးကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန် ဝန်ကြီးဌာနက နှိုးဆော်ထားသည်။ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အမျိုးသမီးများသာမက ပြည်သူများပါ စိတ်ဖိစီးမှုများလျော့ကျစေရေးနှင့် စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် Hot Line များ ထားရှိပြီး အခမဲ့ဝန်ဆောင်မှုပေးနေသည်။

သို့ဖြစ်ရာ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေသော ကာလတွင် ကျား/မရေးရာအခြေပြုသည့် ကာကွယ်စောင့်ရှောက်မှုပေးရေးဆိုင်ရာတို့ကို အလေးထားဆောင်ရွက်ပေးနေသည်ဖြစ်ရာ အမျိုးသမီးများ၊ ကလေးသူငယ်များသာမက ပြည်သူအားလုံး သာတူညီမျှ ကာကွယ်စောင့်ရှောက်ရေး၊ အခွင့်အရေးရရှိရေးတို့ကို အပြည့်အဝရရှိနိုင်ရေးအတွက် အားလုံးပူးပေါင်းလက်တွဲ၍ ပိုမိုမြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်တင်ညွန့်ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးကို ယင်းရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ပန်းတမော့နှင့် ပန်းပွတ်အထိမ်းအမှတ် အထူးထုတ် ၂၀၀ ကျပ်တန် တံဆိပ်ခေါင်းသစ် နှစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၆**

မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များအကြား ပိုမိုသိရှိ အလေးထားစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သုခုမအနုပညာ ပန်းဆယ်မျိုးတွင် အပါအဝင်ဖြစ်သော **ပန်းတမော့နှင့် ပန်းပွတ်** အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်(၂၀၀ ကျပ်တန်) နှစ်မျိုးအား **(နိုဝင်ဘာ ၃၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (တနင်္လာနေ့)၊ နံနက် ၉ နာရီခွဲ)** မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် နိုဝင်ဘာ ၃၀ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ပြီး မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အခမ်းအနား အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ရုပ်လုံးကြွဒီဇိုင်းကတ်တို့အား တစ်ပါတည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**







## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆-၁၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၇၇၉ | ၇,၇၁၂,၁၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၀၀ | ၈,၈၈၄ | ၃၂,၈၉၉,၇၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၀ | ၈၄,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၉၀ | ၁,၉၈၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂ | ၅,၄၀၀ |
| EFR | ၃,၉၀၀ | ၃,၉၀၀ | ၄၁ | ၁၅၉,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂၆

ရန်ကုန်(ရွှေဈေး) ၁၂၉၃၀၀၀ မန္တလေး(ရွှေဈေး) ၁၂၉၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၉၅ ကျပ် | ၅၈၅/၆၁၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၈၅ ကျပ် | ၅၆၅/၅၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၃၅/၆၅၅ ကျပ် | ၇၀၀/၇၂၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၀၅/၅၄၅ ကျပ် | ၅၇၀/၅၈၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၁၅/၅၂၀ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၃၀ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၁၀ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၄.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၈.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၀.၀၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၃၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၈၁၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၇.၉၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၁.၇၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၀.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၉၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ဆက်ကပ်လှူဒါန်း

❖ **ရွှေဖုံးမှ**

အခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

### ငါးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ ကထိန်ခံ မဟာဝိသုတာရာမ ဈေးကုန်းဗိမာန်ကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကဝိသာရထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပေါက်မြိုင်ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံ လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာသီဟနာဒ ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံ လည်းကောင်း ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

❒ စာမျက်နှာ ၃ မှ

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဆရာတော် သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်းငွေကျပ် ၄၂၇ သိန်းကျော်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



### နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာသီဟနာဒဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ ကျောဖုံးမှ

အချိန်အခါသင့်ပြီး ကပ်ရောဂါတုံ့ပြန်တိုက်ခိုက်ရေးနှင့် ဒေသတွင်း စဉ်ဆက်မပြတ် လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို လှုံ့ဆော်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ကာကွယ်ဆေးတန်းတူရရှိရေး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအကြားတွင် ကမ္ဘာ့ကုန်သွယ်မှု အများဆုံး လမ်းကြောင်းရှိပါကြောင်း၊ ဒေသတွင်း စဉ်ဆက်မပြတ် အောင်မြင်သောအကျိုးတူပူးပေါင်းဆောင်ရွက်မှုကို အမှန်တကယ် နားလည်သဘောပေါက်ပြီး အတူတကွ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ကာကွယ်ဆေးများအား ချိုသာသော ဈေးနှုန်းဖြင့် တန်းတူညီမျှရရှိရေးသည် အရေးကြီးကြောင်း၊ နိုင်ငံအားလုံးသည် မျက်မှောက်ကာလနှင့် အနာဂတ်ကာလတွင် ကြုံတွေ့နိုင်သော ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများအား ကြံ့ကြံ့ခံနိုင်ရန် ဆက်လက်တည်ဆောက်သွားရန် လိုအပ်ပါကြောင်း။

**အလေးပေးဆောင်ရွက်ရမည်**

ဒေသတွင်း စီးပွားရေးပိုမိုကြံ့ကြံ့ခံနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရေး၊ ပို့ကုန်ဈေးကွက်ဆိုင်ရာ တန်ဖိုးကွင်းဆက်များနှင့် ဒေသတွင်း နိုင်ငံများအတွင်း ကုန်သွယ်မှု စသည့်ကဏ္ဍများကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပိုးလမ်းမစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသတွင်းနိုင်ငံများ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း၊ ထိုမှတစ်ဆင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အောင်မြင်ရေးတို့ကိုလည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အောင်မြင်မှုသည် ဒေသတွင်း နေထိုင်သူနိုင်ငံသား အားလုံးအတွက် အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအပါအဝင် အာဆီယံမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ထပ်လောင်းကတိကဝတ်ပြုအပ်ပါကြောင်း ပြောကြားသည်။

**ပါဝင်ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် တရုတ်ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာရေးရာဝန်ကြီးဌာနဝန်ကြီး Mr. Song Tao ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ CPC ကော်မတီအတွင်းရေးမှူး Mr. Lu Xingshe၊ အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများနှင့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director ဦးဆောင်သောအဖွဲ့နှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director Ms. Mariam Sherman ဦးဆောင်သောအဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director Ms. Mariam Sherman ဦးဆောင်သောအဖွဲ့က အောက်တိုဘာ ၁၃ ရက်က ကမ္ဘာ့ဘဏ်၏ Global COVID-19 Multiphase Programmatic Approach (MPA) အစီအစဉ်တွင် COVID-19 Vaccine ဝယ်ယူနိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကို Additional Financing အဖြစ် ထောက်ပံ့ရန် ကမ္ဘာ့ဘဏ်က အတည်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Additional Financing ရရှိနိုင်သည့် အခွင့်အလမ်းကောင်းများနှင့် ဝယ်ယူနိုင်မည့် နည်းလမ်းများ၊ အမေရိကန်ဒေါ်လာသန်း ၆၀ ကို IDA 19 အစီအစဉ်အောက်မှ မြန်မာနိုင်ငံသို့ ပံ့ပိုးပေးနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းကို နည်းလမ်းသုံးခုဖြင့် ဝယ်ယူဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကမ္ဘာ့ဘဏ်၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဆက်အောင်နှင့် ဒေါက်တာမင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကမ္ဘောဒီးယားနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၆**

ကမ္ဘောဒီးယားနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်းမှုကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်ရာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီအတွင်းရေးမှူး(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံခဲ့သည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

လှူဒါန်းမှုအခမ်းအနား၌ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Professor Mam Bunheng က ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ထံမှ မြန်မာနိုင်ငံ၏ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ နှုတ်ခွန်းဆက်စကားတစ်ဆင့် ပြန်လည်ပြောကြားအပ်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က "ကမ္ဘောဒီးယားနိုင်ငံနှင့် ညီရင်းအစ်ကိုသဖွယ် ချစ်ခင်သော မြန်မာနိုင်ငံမှ ပြည်သူများ ဘေးအန္တရာယ်ကင်းကာ ကျန်းမာကြစေရေးနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ရေး ဆုမွန်ကောင်း တောင်းသည်"ကိုလည်း တစ်ဆင့်ပြန်လည် ပြောကြားအပ်ပါကြောင်း။

ကမ္ဘောဒီးယားနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ဆေးပစ္စည်းကိရိယာများ လှူဒါန်းပေးအပ်မှုအား ကိုယ်စားလှယ်အဖြစ်လာရောက်ရခြင်းကို ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးကာလများစွာကပင် ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးရှိခဲ့ပြီး ယခုအခါတွင်လည်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းရေးကိစ္စရပ်များအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ယခု ၂၀၂၀ ပြည့်နှစ်သည် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့် (၆၅)နှစ်ပြည့်မြောက်သည့် နှစ်လည်းဖြစ်ပါကြောင်း၊ ယခုလှူဒါန်းမှုများသည် မျှော်မှန်းတွက်ဆရန်ခက်ခဲသော ကျန်းမာရေးနှင့် လူသားလုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများအား တစ်ကမ္ဘာလုံးရင်ဆိုင်နေရချိန်တွင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ခင်ရင်းနှီးမှုနှင့် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုများကို ဖော်ပြခြင်းတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အစဉ်အလာချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်း ပြည်သူများအတွက် ဟန်ချက်ညီပြီး ရေရှည်တည်တံ့သော လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အား အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာချမ်းသာကာ ပျော်ရွှင်ကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက လှူဒါန်းသော နှာခေါင်းစည်း နှစ်သန်း၊ Fabric Face Mask တစ်သိန်း၊ N 95 Mask နှစ်သောင်း၊ Goggle နှစ်သောင်း၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ (PPE Set) နှစ်သောင်း၊ Infrared temperature Manual Check ၅၀၀၊ မျက်နှာအကာ (Face shield) နှစ်သောင်း၊ အသက်ရှူစက် (Ventilator Machine for ICU set) ၂၀၊ Patient monitor and accessory ၂၀၊ ကလိုရင်းမှုန့် ပုံး ၅၀၀၊ ရောဂါကာကွယ်ရေး ဘွတ်ဖိနပ် ၁၀၀၀ နှင့် လက်ဆေးဆပ်ပြာရည် ၂၀၀၀ တို့အား ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Professor Mam Bunheng က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံအား ချစ်ခင်ရင်းနှီးမှုနှင့် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုများဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လှူဒါန်းမှုများအား ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများအားလုံးကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ လှူဒါန်းပေးအပ်သည့် အသက်ရှူစက်များ၊ လူနာအခြေအနေစောင့်ကြပ်ကြည့်ရှုမှု စက်ပစ္စည်းကိရိယာများသည် ကိုဗစ်-၁၉ လူနာများအား ကုသမှုပေးရာတွင်လည်းကောင်း၊ ရောဂါကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများသည် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ လုပ်ဆောင်ရာနှင့် လူနာများအား ကိုင်တွယ်ကုသမှုပေးရာတွင်လည်းကောင်း များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။

**တွေ့မြင်သိရှိနိုင်**

လက်ရှိတွင် မြန်မာနိုင်ငံ၌ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုလှူဒါန်းသည့် နှာခေါင်းစည်းများ၊ မျက်နှာအကာများစသည်တို့ကို အသုံးချဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့လှူဒါန်းမှုများကို သိရှိကြမည့် မြန်မာနိုင်ငံသားများအနေဖြင့်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို တွေ့မြင်သိရှိနိုင်ကြမည်ဖြစ်ပါကြောင်း၊ ယခုနှစ်သည် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ သံတမန်ဆက်ဆံရေးထူထောင်သည့် (၆၅)နှစ်မြောက်လည်းဖြစ်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အရှိန်အဟုန် ပိုမိုမြင့်မားတိုးတက်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လှူဒါန်းသည့် အထောက်အကူပြုပစ္စည်းများကို ကမ္ဘောဒီးယားနိုင်ငံ လေကြောင်းလိုင်းမှ အထူးလေယာဉ်သုံးစင်းဖြင့် လာရောက်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အစွမ်းမသေးပေါင် မန္တလေးဆောင်

## မောင်သံငြိမ်း

နှစ်ပေါင်း (၁၀၀) သက်တမ်းရှိသည့် ရန်ကုန်တက္ကသိုလ်ကြီးတွင် အဆောင်နေကျောင်းသား ကျောင်းသူများအတွက် ၁၉၂၂ ခုနှစ်မှစ၍ သုံးထပ်အုတ်တိုက်အဆောင်များ၊ နှစ်ထပ်သစ်သားဆောင်များစသဖြင့် အဆောင်များ ဆောက်လုပ်ပေးခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်စတင်တည်ထောင်ပြီး စုစုပေါင်း ၃၃ နှစ်၊ ၃၄ နှစ်ကြာကာလ ၁၉၅၃-၁၉၅၄ ခုနှစ်ခန့်မှာ နောက်ထပ်သုံးထပ် ကျောင်းသား ကျောင်းသူဆောင်များ ခံ့ခံ့ညားညား ပေါ်ထွန်းလာခဲ့ပါသည်။ ၎င်းအဆောင်များမှာ ကျောင်းသားများအတွက် မန္တလေးဆောင်၊ တောင်ငူဆောင်၊ အမရဆောင်၊ ရာမညဆောင်နှင့် ကျောင်းသူများအတွက် ရတနာဆောင်နှင့် မာလာဆောင် တို့ဖြစ်ကြပါသည်။

၁၉၅၈ ခုနှစ်မှ ရန်ကုန်တက္ကသိုလ်ရောက်သည့် ကျွန်တော်က ပထမနှစ်မှာ ကြည့်မြင်တိုင်ရှိ ရန်ကုန်တက္ကသိုလ်လက်အောက်ခံ ထီးတန်းကောလိပ်မှာ အဆောင်နေစာသင်ရပါသည်။ ကမာရွတ် ပင်မတက္ကသိုလ်ကြီးမှာ စာသင်ခန်း၊ လူနေဆောင်အခက်အခဲကြောင့် ခွဲထုတ်ထားသည့် ကောလိပ်များ ဖြစ်ပါသည်။ ရန်ကင်းမှာလည်း ရန်ကင်းကောလိပ် ရှိပါသည်။ ဒီကောလိပ်နှစ်ခုက ၁၉၅၆ ခုနှစ်ခန့်က စရှိခဲ့ပြီး ၁၉၆၀ ပြည့်နှစ်ခန့်မှာ မရှိတော့ပါ။

၁၉၅၉ ခုနှစ် စာသင်နှစ်မှာ ကျွန်တော် ရန်ကုန်တက္ကသိုလ်ကျောင်းသားစစ်စစ်ဖြစ်လာပြီး ပင်မတက္ကသိုလ်ကြီးက မန္တလေးဆောင်မှာ နေရပါသည်။ တက္ကသိုလ်ရိပ်သာလမ်းနှင့် အဓိပတိလမ်းဆုံရာ နေရာမှာ တည်ရှိ၍ တက္ကသိုလ်၏ ပင်မဝင်ပေါက်နေရာမှာ ရှိပါသည်။ သစ်လွင်သည့် သုံးထပ်တိုက်ကြီးများမှာ ၁၉၅၄ ခုနှစ်က စတင်၍ ကျောင်းသားများနေ အဆောင်များဖြစ်ပြီး ၁၉၆၄ ခုနှစ်မှာတော့ အနိစ္စသဘောဖြင့် စာသင်တန်း၊ ဘာသာရပ်ဆိုင်ရာရုံးဌာနများဖြစ်လာပြီး ကျောင်းသားများ မနေရတော့ပါ။

### မန္တလေးဆောင်ကျောင်းသား

မန္တလေးဆောင်က တက္ကသိုလ်ရဲ့ အဓိကနေရာမှာ တည်ရှိ၍ လူကြိုက်များသည်။ အဆောင်ရှေ့မှာ (ယခုမရှိတော့သည့်) သမိုင်းဝင်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံကြီး ရှိသည်။ ရန်ကုန်မြို့တွင်းသို့ ပြေးဆွဲသည့် နဂါးတံဆိပ်ဘတ်စ်ကားဂိတ်ဆုံးက ဘေးမှာရှိသည်။ လမ်းတစ်ဖက်မှာ စာတိုက်၊ စာအုပ်ဆိုင်နှင့် တက္ကသိုလ်ဆေးရုံ ရှိသည်။ တက္ကသိုလ်တွင်းဝင်လျှင် ဝိဇ္ဇာ၊ သိပ္ပံစာသင်ခန်းများ ဘေးဘယ်၊ ညာမှာရှိပြီး အဓိပတိလမ်းအဆုံးမှာ ခံ့ညားထည်ဝါလှသည့် ဘွဲ့နှင်းသဘင်အဆောက်အအုံရှိသည်။ စာသင်ခန်းနားအနီးမှာ တက္ကသိုလ်စာကြည့်တိုက်ကြီးလည်း ရှိပါသည်။ ကျွန်တော် ကံကောင်း၍ မန္တလေးဆောင်မှာ အခန်းရပါသည်။

မန္တလေးဆောင် ပထမနှစ်က အဆောင်၏

❖ ယင်းကဲ့သို့ နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ်များ နေထိုင်ခဲ့သည့်အဆောင်ဖြစ်၍ စာရေးဆရာကြီး ဒေါက်တာမောင်မောင်ညိုက “အစွမ်းမသေးပေါင် မန္တလေးဆောင်”သီချင်းကို စပ်ဆိုဂုဏ်ပြုခဲ့။

❖ ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်မှာ အဆောင်အဖြစ် ရပ်တည်နိုင်ခဲ့သည့်ကာလ ၁၀ နှစ်ခန့်သာ ကြာမြင့်သဖြင့် အဆောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး သုံးဦးသာရှိ။



ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပညာဒါနအလှူငွေချီးမြှင့်ပွဲ အခမ်းအနား၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မြောက်ဘက်တောင်ပံ (Wing) အခန်းမှာ နေရသည်။ တောင်ပံမှာ အခန်း လေးခန်းသာ ရှိသည်။ နံပါတ် ၃၊ ၅၊ ၇၊ ၉ တို့ဖြစ်သည်။ အခန်း (၁)နှင့် (၂)က ဒုအဆောင်မှူးနေ၍ အခြားစကြံမှ ဝင်ရသည်။ ကျွန်တော်တို့တောင်ပံ စကြံမှာ အခန်း လေးခန်းသာရှိ၍ တရားဝင်ကျောင်းသားက ရှစ်ယောက်သာရှိသော်လည်း အမြဲတမ်းဧည့်သည်တစ်ဦး၊ နှစ်ဦး ရှိသည်။ လေးခန်းလုံးက ခင်မင်ရင်းနှီးကြသည်။ ကြည့်မရသူ၊ သဟဇာတမဖြစ်သူ တစ်ဦးမျှမရှိ၍ အားလုံး ပျော်ရွှင်ကြသည်။ ယနေ့အထိ အဆက်အသွယ်မပြတ် ခင်မင်ကြသည်။

အခန်း လေးခန်းက ကျောင်းသားများထဲမှာ ကျွန်တော်က အငယ်ဆုံး (၁၇)နှစ်သား ဖြစ်သည်။ ဒုအဆောင်မှူး ဆရာလှက အိမ်နှင့်ခင်သဖြင့် သူ့အခန်းနားမှာထားခြင်း ဖြစ်သည်။ အခန်းဖော်ကလည်း ဘီအီးဒီသင်တန်းတက်နေသည့် ဆရာဦးရွှေမောင် ဖြစ်သည်။ သူကလည်း အသက်ကြီးသည်။ အခန်း (၅) မှာ သစ်တောသိပ္ပံကျောင်းသားတစ်ဦး နေသည်။ ဘာသာရပ်မတူ၍ ထိတွေ့မှုနည်းပါသည်။ အခန်း (၇) မှာ ကျွန်တော်တို့ခေါင်းဆောင်ကြီး စန္ဒရားနီနီ(ခ) အစ်ကိုလှိုင်ဝင်း(ကွယ်လွန်) ရှိသည်။ ဒီအခန်းမှာ လူစုံ၍ ပျော်ကြသည်။ ဂီတစာဆို ကိုမောင်မောင်သီ (ကွယ်လွန်)၊ ကိုညွန့်သိန်း (ဗိုလ်ကြီးကွယ်လွန်) တို့နှင့် အဆိုတော်၊ သရုပ်ဆောင် ကိုသန်းဖေလေးတို့ အလာများသည်။ တစ်ခါတစ်ခါ လာနေကြသည်။ ကိုနီ၏အခန်းဖော် ကိုလတ် (ကွယ်လွန်)က ဗိုလ်ချုပ်တစ်ယောက်၏အစ်ကို ဖြစ်သည်။

ထိပ်ဆုံးအခန်းနံပါတ်(၉)မှာတော့ အိမ်စောင့်အစိုးရကို ခေါင်းဆောင်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း၏ ဒုတိယသား ကိုငွေစိုး နေသည်။ သူ့အခန်းဖော်က ကျေးဇူးရှင် မန္တလေးသား ကိုဖေသန်း ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏သား ကိုငွေစိုးက အင်မတန်ယဉ်ကျေးသိမ်မွေ့သည်။ မာန်မာနမရှိ၊ အေးဆေးသည်။ ဗိုလ်သင်တန်းသွားတက်နေရာ လူကြီးသိသွားပြီး ကျောင်းပြန်တက်ခိုင်း၍ အဆောင်မှာနေကာ ကျောင်းတက်နေသူ ဖြစ်ပါသည်။ အားလုံးနှင့်ခင်မင်သည်။ ကျောင်းပြီးတော့ လေယာဉ်မှူးကြီးဖြစ်ပြီး ယခုကွယ်လွန်သွားပြီ ဖြစ်ပါသည်။ သူ့အခန်းမှာ အမျိုးတော်သူ၊ လူသိများသည့် ဂျပန်အသံလွှင့်ဌာနမှာ အလုပ်လုပ်သူ ကိုတင်အောင်ခိုင် (ကွယ်လွန်)လာနေတတ်သည်။

အခန်း(၉)က မန္တလေးသား ကိုဖေသန်းကို ကျေးဇူးရှင်ဟု ဝိသေသပြုရခြင်းမှာ အကြောင်းရှိပါသည်။ အဆောင်မှာ စားသောက်စကားပြောရင်း သူ့မှာ (ဝမ်းကွဲ) နှမနှစ်ယောက်ရှိတယ်။ လိုက်ကြည့်ကြပါ ဖိတ်ခေါ်၍ လိုက်သွားကြည့်ရာ ကျွန်တော့်ချစ်ဦးသူ (လက်ရှိဇနီး)နှင့် တွေ့သည်၊ ကြိုက်သည်၊ ငါးနှစ်ရည်းစားဖြစ်ပြီး လက်ထပ်သည်။ ထို့ကြောင့် ကျေးဇူးရှင်ဟု ခေါ်ပါသည်။ မြားနတ်မောင် ဖြစ်ပါသည်။ တခြားသူငယ်ချင်း တစ်ယောက်က တခြားနှမထံ လိုက်ကြည့်သည်။ ဟိုက ပြန်မကြိုက်၊ ရုပ်ရှင်မင်းသားကြီးနှင့်ရသွားသည်။ မန္တလေးဆောင် မြောက်ဘက်တောင်ပံက သူငယ်ချင်းများသတိရမိပါသည်။ နောက်ကျောဘက် အခန်းမှာ ကလေးဗိုလ်၊ ကိုဝင်းရွှေ (ပဲခူးကျောင်းဆရာကြီး/ငြိမ်း) (ကွယ်လွန်)၊ လသာ ပါတီယူနစ်ဥက္ကဋ္ဌဟောင်း ကိုဗကြည်၊ မောင်ရွှေ(ခ)စိုးနိုင် (ဟိုတယ်/ခရီး) တို့ နေကြသည်။ ခင်ကြသည်။

မန္တလေးအဆောင်ကို ၁၉၅၄ ခုနှစ်က စတင်ဖွင့်လှစ်ချိန်မှာ ဆေးတက္ကသိုလ်အကြိုကျောင်းသားများကိုလည်း ထားရှိခဲ့ရာ အငြိမ်းစားကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ လက်ရှိမန္တလေး ကျောင်းသားဟောင်းများအစုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ညို စသည်တို့လည်းပါဝင်ကြောင်း သိရှိရပါသည်။ ကွယ်လွန်သွားကြသည့် နာယက ဒုတိယဗိုလ်မှူးကျော်ရှိန် (MD/ငြိမ်း)၊ အစုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်အုန်း (လေယာဉ်မှူးကြီး ဗိုလ်မှူး/ငြိမ်း)၊ ပညာရေးဝန်ကြီး(ငြိမ်း) ဦးပန်းအောင်၊ ဟိုတယ်/ခရီးဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်စောလွင်တို့ နေခဲ့ကြပါသည်။

လက်ရှိတွင် (သစ်တောဝန်ကြီး/ငြိမ်း) ဦးအောင်ဖုန်း၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ကျော်ဝင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာတင်အောင်အေး၊ တိုင်းမင်းကြီး(ငြိမ်း) ဦးစောဂျူဗလီစံလှ၊ ဦးအုန်းခင်၊ ရာထူးဝန်/ငြိမ်း ဦးလှမြင့်ဦး၊ ညွှန်ချုပ်(ငြိမ်း)ဦးချစ်ဆွေ၊ ဦးခင်ဆွေ၊ ဦးစောကြိုင်၊ ဦးတင့်ဆွေ၊ ဦးဝင်းကြည်၊ ဦးငွေကိုင်၊ ဦးဗကြည်၊ မြန်မာ့အသံသိန်းဟန် စသည်တို့ ကျန်ရှိနေပါသေးသည်။ နာယကများ၊ အမှုဆောင်များ အဖြစ် တာဝန်ယူနေကြပါသည်။ ယင်းကဲ့သို့ နိုင်ငံ့တာဝန် ထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ်များ နေထိုင်ခဲ့သည့် အဆောင်ဖြစ်၍ စာရေးဆရာကြီး ဒေါက်တာမောင်မောင်ညိုက “အစွမ်းမသေးပေါင် မန္တလေးဆောင်”သီချင်းကို စပ်ဆိုဂုဏ်ပြုခဲ့ကြပါသည်။

### အစွမ်းမသေးပေါင် မန္တလေးဆောင်

မန္တလေးဆောင်ကျောင်းသားဟောင်း ဆရာဝန်ကြီး ဒေါက်တာမောင်မောင်ညို ရေးစပ်ခဲ့သည့် “ဂုဏ်ရောင်ပြောင်တဲ့မန္တလေးဆောင်”သီချင်း ကောက်နုတ်ချက်မှာ-

“အစွမ်းမသေးပေါင် မန္တလေးဆောင်၊ တစ်ထောင်ကိုးရာငါးဆယ်လေးက စတင်တည်ထောင်၊ အဘက်ဘက်က နိုင်ငံတာဝန်ထမ်းဆောင် x x x နိုင်ငံချစ်တဲ့ ခေါင်းဆောင်ကောင်းများ မွေးဖွားပေးလို့ ဂုဏ်ပြောင်အစွမ်းမသေးပေါင်မန်း x x x မန္တလေးဆောင် x x x နိုင်ငံလွတ်မြောက်ရေး ဆောင်ရွက်ပေးခဲ့တာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ပေါင်းများစွာ မွေးထုတ်ပေးခဲ့တာ တို့ရန်ကုန် တက္ကသိုလ်ပါ။ မန္တလေးဆောင်ရဲ့ ဂုဏ်ရောင်၊ x x x အားကစားကဏ္ဍမှာ ဆရာငြိမ်းကဦးဆောင် x x x ဘောလုံးဒိုင်းကြီးများ အပိုင်စားရခဲ့သနော် x x x စာပေအနုပညာနှင့် ရုပ်ရှင်မှာလည်းအောင် ကောလိပ်ဂျင်နေဝင်းတဲ့ သရုပ်ဆောင် မြန်မာပြည်တစ်ခွင်နော် ဟိုးဟိုးကျော်။ အသက်ကလေးရယ်တဲ့ရှည်စေလို မြနန္ဒာနေညိုသန်း မန်းတောင်ရိပ်ခို၊ တဘောင်အတိတ်နှင့် အောင်နိမိတ်ပြည့်စုံ x x x ဟု သီဆိုရပြီး နောက်ဆုံးမှာ တော်တယ်မောင် x x x တော်တယ်မောင် x x x ဂုဏ်ရောင်ပြောင်တဲ့ မန္တလေးဆောင်”ဟု သံပြိုင်သီဆိုရပါသည်။

ကျွန်တော်တို့ ဒီသီချင်းကို ဆရာဒေါက်တာမောင်မောင်ညိုရေးစပ်ပြီးချိန်မှစ၍ မိတ်ဆုံပွဲတိုင်း စုပေါင်းသီဆိုကြပါသည်။ နောက်ဆုံးကျင်းပသည့် မိတ်ဆုံညစာစားပွဲမှာ ၂၄-၁၂-၂၀၁၉ ရက်နေ့က ကျင်းပသည့် (၁၉) ကြိမ်မြောက်ပွဲ ဖြစ်ပါသည်။

၁၉၉၅ ခုနှစ်တွင် နိုင်ငံတော်က ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲကို ခြိမ့်ခြိမ့်သဲကျင်းပပေးပြီး ထို့နောက်ပိုင်းတွင် မန္တလေးဆောင် အဆောင်မှူးကြီးများအား ကန်တော့ပွဲများနှင့် မိတ်ဆုံစားပွဲများ ပေါ်ပေါက်လာခဲ့ပါသည်။ နာယကကြီး ဒုဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း/ကွယ်လွန်)၏ အစီအစဉ်အရ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲများကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ နှစ်စဉ် အောက်တိုဘာလတွင် ကျင်းပဖြစ်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်မှာ အဆောင်အဖြစ်ရပ်တည်နိုင်ခဲ့သည့်ကာလ ၁၀ နှစ်ခန့်သာ ကြာမြင့်သဖြင့် အဆောင်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး သုံးဦးသာ ရှိပါသည်။ ပထမဆုံး ၁၉၅၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် အားကစားအရာရှိ ဆရာဦးညိမ်း ဖြစ်ပါ သည်။ ကျောင်းသားများက ဆရာညိမ်းဟုသာ ခေါ်သည်။ ထိုအချိန်က လူပျိုကြီးဖြစ်ပြီး နာမည်ကြီး ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းကို ကြီးကြပ်၊ လေ့ကျင့်ပေးနေသူဖြစ်သဖြင့် တက္ကသိုလ်ဘောလုံးသမား၊ အားကစားသမားများကို သူ့အခန်းမှာ ခေါ်ယူစောင့်ရှောက် ထားသည်။ လက်ရွေးစင် ဘောလုံးသမားကိုနေဝင်း (နောင်တွင် နိုင်ငံကျော် ရုပ်ရှင် မင်းသားကြီး ကောလိပ်ဂျင်နေဝင်း)အပါအဝင်ဖြစ်သည်။ စကားနည်းသော်လည်း စိတ်စေတနာ ကောင်းမွန်သူဖြစ်၍ ကျောင်းသားများက မိဘသဖွယ် ချစ်ခင်လေးစားကြပါသည်။ ဆရာက ၁၉၅၄ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အဆောင်မှူး တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာညိမ်းက ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှာ ကွယ်လွန်ခဲ့ပါသည်။

ဆရာညိမ်းက ၁၉၆၀ ပြည့်နှစ်တွင် အိမ်ထောင်ကျ၍ အခြားသို့ပြောင်းသွားရာ ဒဿနိကဆရာကြီး ဒေါက်တာခင်မောင်ဝင်းက အဆောင်မှူးအဖြစ် ပြောင်းလာသည်။ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းမှာ နှစ်နှစ်ကျော် အဆောင်မှူးတာဝန် ထမ်းခဲ့ပါသည်။ ဆရာကြီးမှာ နောက်ပိုင်းတွင် ပညာရေးဝန်ကြီးနှင့် သံအမတ်ကြီး တာဝန်များကိုလည်း ထမ်းရွက်ခဲ့ပါသည်။ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ ကွယ်လွန်သွားခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ✪

✪ စာမျက်နှာ ၆ မှ

၁၉၆၂ ခုနှစ်ကျော်တွင် အဆောင်မှူးတာဝန် ထမ်းဆောင်ခဲ့သူမှာ ဆရာကြီးဒေါက်တာသိန်းအောင် ဖြစ်ပါသည်။ ကျွန်တော်က ၁၉၆၂ ခုနှစ် မတ်လမှာ ဝိဇ္ဇာတန်း ဖြေဆိုအောင်မြင်ပြီး ဇူလိုင်လတွင် တပ်မတော်သို့ ဝင်ရောက်ခဲ့သဖြင့် အဆောင်မှူး ဒေါက်တာသိန်းအောင်ကို မတွေ့မဆုံခဲ့ရပါ။ မန္တလေးဆောင်မှ တပ်မတော်သို့ ဝင်ရောက်ခဲ့သော ကျောင်းသားများစွာ ရှိပါသည်။ နိုင်ငံအတွက် အသက်ပေးသွားသူများ ဖြစ်ကြသော ဗိုလ်တင်ဝင်းမောင်၊ ဗိုလ်ဝင်းကြည်၊ ဗိုလ်ကျော်မြင့်၊ ဗိုလ်သိန်းအောင်၊ ဗိုလ်တင်မောင်မြင့်တို့ကို သတိရမိပါသည်။ ဗိုလ်မှူးအေးမင်း၊ ဒုဗိုလ်မှူးကြီးလှမောင်၊ ဗိုလ်မှူးစိုင်ခွန်အုံတိုင်း စသည်တို့က ကွယ်လွန်ခဲ့ကြပါပြီ။

စာရေးသူအနေဖြင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်ထဲဝင်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့သဖြင့် တက္ကသိုလ်နယ်မြေနှင့် ဝေးခဲ့ရပါသည်။ တပ်မတော်တာဝန်ပြီး၍ ၁၉၇၈ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသော်လည်း ပြည်ပနိုင်ငံ ခြောက်နိုင်ငံမှာ ၁၅ နှစ်ခန့် တာဝန်ထမ်းခဲ့ရသည်။ ကံအားလျော်စွာ ၁၉၉၅ ခုနှစ်က ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင် ကျင်းပနေချိန်မှာ သံအမတ်ကြီးတာဝန်ဖြင့် နီပေါနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့အပြောင်း ရန်ကုန်မြို့သို့ ညွှန်ကြားချက်များရယူရန်ပြန်လာခွင့်ရချိန်နှင့် ကြုံကြိုက်ခဲ့ရပါသည်။ ထိုကာလမှစ၍ ကျောင်းသားဟောင်းများ အစုအဖွဲ့တွင် အချိန်ရသရွေ့ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အမိတက္ကသိုလ်ကြီး၏ မင်္ဂလာရှိသော စိန်ရတုကာလမှ အစပျိုးခဲ့သည့် မန္တလေးဆောင်ကျောင်းသားဟောင်းများ၏ လှုပ်ရှားမှုကာလမှာ နှစ်ပေါင်း ၂၅ နှစ်ရှိပြီဖြစ်၍ ရေးသားမှတ်တမ်းဖော်ပြရန် များစွာရှိသော်လည်း စာမျက်နှာအခြေအနေအရ အကျဉ်းချုပ် ဖော်ပြရလျှင် - ၁၉၉၅ ခုနှစ် စိန်ရတုအကြို မိတ်ဆုံညစာစားပွဲ၊ ဓာတ်ပုံနှင့်လှုပ်ရှားမှုပြပွဲကျင်းပသည်။ ၁၉၉၅ ခုနှစ် အောက်တိုဘာလမှစ၍ အဆောင်မှူးကြီး သုံးဦးအား ပူဇော်ကန်တော့ပွဲကို နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် နှစ်စဉ်ကျင်းပသည်။ ၁၉၉၆ ခုနှစ်တွင် မန္တလေးဆောင် ပညာရေးရန်ပုံငွေ လှူဒါန်းပွဲနှင့် ဂုဏ်ပြုပွဲကျင်းပသည်။ ၁၉၉၆ ခုနှစ်တွင် အစွမ်းမသေးပေါင် မန္တလေးဆောင်မဂ္ဂဇင်းကို ပထမအကြိမ်အဖြစ် စိန်ရတုကိုကြိုဆိုထုတ်ဝေခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ဝန်ကြီး ဦးအောင်ဖုန်း(ငြိမ်း)၏ အကူအညီဖြင့် သစ်တောဦးစီးဌာန ခန်းမဆောင်၊ နောက်ပိုင်း အင်းလျားကန်ဘေး IBC မြက်ခင်းပြင်တွင် မိသားစုမိတ်ဆုံစားပွဲများကို နှစ်စဉ်ကျင်းပနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် နောက်ဆုံးကျန်ရှိခဲ့သည့် အဆောင်မှူး ဒေါက်တာသိန်းအောင်၏ဆန္ဒအရ မန္တလေးဆောင် ကျောင်းသားဟောင်းကြီးများထဲမှ အသက်(၈၀)ကျော်သူများအား ဂါရဝပြုလက်ဆောင်များ ပေးခဲ့ကြပါသည်။ အဆောင်မှာ ဘူမိဗေဒဌာနဖြစ်သွား၍ မျိုးဆက်သစ် ဘူမိဗေဒအထူးပြုကျောင်းသားများ ပညာထူးချွန်ဆုချီးမြှင့်ပေးခဲ့သည်။

မန္တလေးဆောင်ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို ဒီဇင်ဘာလ ၂၄ ရက်နေ့ ညတိုင်း အင်းလျားကန်စောင်း IBC မြက်ခင်းပြင်တွင် ကျင်းပခဲ့ပါသည်။ ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့်ပွဲမှာ (၁၉) ကြိမ်မြောက် ဖြစ်ပါသည်။ ညစာစားပွဲတွင် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဝယ်စားနေကျ "ခပတ်ခန်နာ"ဖြင့် ဧည့်ခံခဲ့သည်။ ရန်ကုန်တက္ကသိုလ်ရာပြည့်နှစ်မှာမှ ကပ်ရောဂါဘေးကြောင့် အထိမ်းအမှတ်မဂ္ဂဇင်းလည်း မထုတ်နိုင်သေးပါ။ မိတ်ဆုံညစာစားပွဲလည်း ဘယ်ဆီမှာလဲ မသိပါ။ ကျောင်းသားဟောင်းများ အစ်ကိုကြီး ဦးစောဂျူဘလီ စံလှမဂ္ဂဇင်းတွင် ရင်ဖွင့်ထားသကဲ့သို့ ရာပြည့်မိတ်ဆုံ စားပွဲကို (ယခင်အကြောင်းကြောင်းကြောင့် ခွင့်ပြုချက်မရ၍ မကျင်းပနိုင်ခဲ့သော) မန္တလေးဆောင် အရှေ့ မြက်ခင်းပြင်တွင် ကျင်းပရေးမှာလည်း ဝေးခဲ့ပြီထင်ပါသည်။

**အစွမ်းမသေးပေါင် မန္တလေးဆောင်ဟူသည့် ဆောင်ပုဒ်အရ နှစ်ကာလကြာမြင့်စွာ စုစည်းရပ်တည်ခဲ့သည့် အဆောင်သား နောင်တော်ကျောင်းသားကြီးများ လက်ထက်မှစ၍ ကြိုးပမ်းလှုပ်ရှားမှုများကို အမှတ်တရဖြစ်စေရန် ဤဆောင်းပါးကို ရေးသားဖော်ပြအပ်ပါသည်။**

မေတ္တာဖြင့် . . .။ ။




၁၉၉၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် "အစွမ်းမသေးပေါင် မန္တလေးဆောင်" မဂ္ဂဇင်းမျက်နှာဖုံးကို တွေ့ရစဉ်။



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး ဖြစ်သည်။
- ၁၉၄၂ ခုနှစ်တွင် ပျဉ်းမနားမြို့တွင် မွေးဖွားသည်။
- ၁၉၅၈ ခုနှစ် အထက(၁)ပျဉ်းမနားမှ တက္ကသိုလ်ဝင်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ် ထီးတန်းကောလိပ် တက်သည်။
- ၁၉၆၂ ခုနှစ် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။
- ၁၉၆၂ ခုနှစ် တပ်မတော်(ရေတပ်)တွင် ဗိုလ်အဖြစ်ခန့်အပ်ခြင်းခံရသည်။ စစ်ရေယာဉ်မှူးတာဝန်၊ ဗိုလ်မှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၇၈ ခုနှစ် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် လွှဲပြောင်းတာဝန်ထမ်းဆောင်၍ ၁၉၇၉ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီး နယ်ဘက်တာဝန်ထမ်းဆောင်သည်။
- ၁၉၇၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ ပီကင်း၊ ဂျကာတာနှင့် ဝါရှင်တန်ဒီစီတွင် သံရုံးဒုတိယအကြီးအကဲ၊ နီပေါနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နှင့် တောင်အာဖရိကနိုင်ငံများတွင် သံအမတ်ကြီး တာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် နယကမှ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် (ဒု-ဝန်ကြီး) အဖြစ် ခန့်အပ်ခြင်းခံရသည်။
- ၂၀၁၀ ပြည့်နှစ်တွင် ပျဉ်းမနားမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ခန့်အပ်သည်။
- ၂၀၁၆ ခုနှစ် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူသည်။
- ဝဏ္ဏကျော်ထင်ဘွဲ့၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမအဆင့်)နှင့် ပြည်သူ့ဝန်ထမ်းကောင်း၊ နိုင်ငံတော်စစ်မှုထမ်း၊ စစ်ရေယာဉ်မှူးနှင့် အခြားတံဆိပ်များ ရရှိ။ စံပြဗိုလ်လောင်းအဖြစ် ငွေဓားဆုရခဲ့ပါသည်။

# ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် "ရန်ကုန်တက္ကသိုလ် မြကျွန်းညို" ရောင်စုံဓာတ်ပုံ၊ ပန်းချီ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် ကာတွန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် "ရန်ကုန်တက္ကသိုလ် မြကျွန်းညို" ရောင်စုံဓာတ်ပုံ၊ ပန်းချီ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် ကာတွန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း က "ရန်ကုန်တက္ကသိုလ်က ၁၉၂၀ ဒီဇင်ဘာ ၁ ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်အဖြစ် စတင်ဖြစ်တည်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့မှာ နှစ် ၁၀၀ ပြည့်မှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်သဘင်ကျင်းပရေး အဓိကဦးတည်ချက်က တက္ကသိုလ်ရဲ့အစဉ်အလာကို စဉ်ဆက်မပြတ် ထိန်းသိမ်းပြီး ဆက်လက်တိုးတက်အောင်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် အဆင့်မြှင့်တင်သွားဖို့ ဆောင်ရွက်ကြိုးပမ်းခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ် မြကျွန်းညို ရောင်စုံဓာတ်ပုံ၊ ဆောင်းပါး၊ ပန်းချီ၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲတွေကို ရန်ကုန်တက္ကသိုလ်ရဲ့ဖြစ်တည်မှု၊ ရန်ကုန်တက္ကသိုလ်ရဲ့ ဂုဏ်သိက္ခာ၊ တက္ကသိုလ်ကြီးရဲ့ ကြီးမားတဲ့ အစဉ်အလာတွေကို သုတရသစုံလင်စွာနဲ့ မှတ်တမ်းတင်ထားတာတွေကို ပြန်လည်ဖော်ထုတ်ပြီး မျိုးဆက်ဟောင်းတွေအနေနဲ့ ပြန်လည်တမ်းတအမှတ်ရပြီး မျိုးဆက်သစ်တွေအနေနဲ့လည်း ပြိုင်ပွဲကရရှိတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ဂုဏ်သိက္ခာတွေ၊ အစဉ်အလာတွေကို သိရှိနားလည်စေဖို့ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ဒီပြိုင်ပွဲတွေကို ဖြစ်မြောက်အောင်စီစဉ်ပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ထို့နောက် ပြပွဲ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် "ရန်ကုန်တက္ကသိုလ် မြကျွန်းညို" ရောင်စုံဓာတ်ပုံ၊ ပန်းချီ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ဆုရရှိသူများကိုယ်စား ဦးမင်းသိန်းမွန်(အောင်ဟိတ်)က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

**သတင်းစဉ်**

# ဆေးဝင်ပင်များ၏ မိခင်ကြီး

## ပါမောက္ခ ဒေါက်တာတင်တင်သောင်း

ကျွန်မသည် ရန်ကုန်တက္ကသိုလ်တွင် ၁၉၇၄ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ၁၆ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အင်းလျားဆောင်တွင်လည်း "Hall Tutor" အဖြစ် တာဝန်ထမ်းဆောင်ခဲ့သဖြင့် ထိုကာလများကို ပြန်လည် တမ်းတလွမ်းနေမိပါသည်။

ကျွန်မသည် တက္ကသိုလ်ဝင်တန်းကို ဟသ်ာတ အ.ထ.က. (၁)မှ အောင်မြင်ခဲ့ပြီး မန္တလေး ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်တွင် ရုက္ခဗေဒ အဓိကကျောင်းသူဖြစ်ခဲ့ပါသော်လည်း တတိယနှစ်အထိ မပျော်ခဲ့မိတာ အမှန်ပါ။ စတုတ္ထနှစ် ရောက်သောအခါတွင် ဘာသာခွဲ ရှစ်ခုယူခဲ့ရရာ "ဆေးဝင်ပင်များ"အကြောင်း သင်ပေးသော ဆရာမကြီး ဒေါ်တင်မျိုးငွေ၏ ကျေးဇူးကြောင့် ရုက္ခဗေဒ ဘာသာရပ်ကို စိတ်ဝင်စားလာခဲ့ပါတော့သည်။

**"ကတိသစ္စာ၊ တည်သောခါတွင်**
**သြဇာလေးနက်၊ ပေါ်ဆီတက်၍**
**နှယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"**

ဆရာမကြီးသည် အရပ်မြင့်မြင့် အသံသြဇာပြည့်ဝပြီး ကျက်သရေရှိလှသောကြောင့် ရန်ကုန်တက္ကသိုလ်မှ ပြောင်းလာသော ဆရာမကြီး၏ "Lecture" တိုင်း ဘယ်သူမှ အတန်းမလစ်ရဲဘဲ အားကြိုးမာန်တက် တက်ရောက်ခဲ့ကြပါသည်။ **"စွမ်းအားပြည့်"** သင်ပေးနေသော ဆရာမကြီး၏ ဟန်ပန် အမူအရာ၊ စေ့စပ်သေချာမှုများမှာ ကျောင်းသား ကျောင်းသူတိုင်း အတုယူဖွယ် ဖြစ်ခဲ့ရပါသည်။

စား၊ ဝတ်၊ နေရေး၊ ဆေးဝါးများအပြင် လူသားတိုင်း စက္ကန့်မလပ်၊ အသက်ရှူနေရသော အောက်ဆီဂျင်ကို သစ်ပင်များက ထုတ်ပေးနေကြောင်း၊ လူများသည် သက်ရှိများဖြစ်၍ သက်ရှိတို့အကြောင်းသိထား၊ မှတ်သားထား၊ လေ့လာထားမှသာလျှင် မှန်ကန်သည့် လောကအမြင်များ ရှင်သန်လန်းဆန်းနေကြမည်ဖြစ်ကြောင်း၊ ရုက္ခဗေဒနှင့် ပတ်သက်သည့် သုတေသန လုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ကိုင်နေသင့်ကြောင်း တို့ကို နေ့စဉ်မပြတ် ကြားသိနေရသောကြောင့် စိတ်ဓာတ်များ တက်ကြွလာကာ ကျားကုတ်ကျားခဲ ကြိုးစားအားထုတ်ခဲ့ပါတော့သည်။



ဘုမ္မရာဇာပင် (သွေးတိုးကျစေပါသည်။)



ကန့်ချုပ်နီပင် (အရေပြားရောဂါများပျောက်ကင်းစေပါသည်။)



ဆရာမကြီး ဒေါ်တင်မျိုးငွေ(M.Sc, ရုက္ခဗေဒ)

နောက်ဆုံးနှစ်တွင် paper ရှစ်ခုလုံးအမှတ်များ ကောင်းခဲ့၍ ကျွန်မ M.Sc. တက်ရောက်ခွင့်ရခဲ့ပါသည်။ F.I ကျောင်းသူဘဝတွင် ငါးကြိမ်မြောက် မြန်မာနိုင်ငံလုံး ဆိုင်ရာသုတေသန ဆွေးနွေးပွဲကြီးကို ၁၉၇၀ ပြည့်နှစ်၌ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပခဲ့ရာ ပုပ္ပားတောင်မှ ဆေးဝင်ပင်များ စာတမ်းကို ဆရာမကြီးက ဦးဆောင်၍ ရေးသားပြုစုပြီး အဖွဲ့ဝင် ကျွန်မကို ဖတ်ကြားစေခဲ့ပါသည်။ ဆရာမ မဖြစ်သေးခင်ကတည်းက ကျွန်မကို စင်မြင့်ပေါ်သို့ တင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်မတို့ ရုက္ခဗေဒ ဘာသာရပ်တွင် သင်ကြားပေးကြသော ဆရာကြီး ဆရာမကြီးများ၏ ကျေးဇူးတရားများကား ကြီးမားလှပါသည်။ အပင်များကို ချစ်တတ်ရန်၊ ပတ်ဝန်းကျင်လှပစိမ်းလန်းနေစေရန်၊ ရာသီဥတုဖောက်ပြန်မှု လျော့နည်းစေရန်၊ အပင်များကို အလေးထား ထိန်းသိမ်းစိုက်ပျိုးတတ်စေရန် သွန်သင်ဆုံးမ၊ လမ်းညွှန်ပြပေးခဲ့ကြပါသည်။

ဆရာမကြီးဒေါ်တင်မျိုးငွေသည် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး သမီးဖြစ်သူ ဒေါက်တာ မေသင်းဆွေကို ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်စေခဲ့ပါသည်။ ပါရဂူနှင့် မဟာသိပ္ပံကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးခဲ့သော ဆရာမကြီး တစ်ဦးလည်း ဖြစ်ခဲ့ပါသည်။

ယခုအခါဆရာမကြီးနှင့် သမီးဒေါက်တာ မေသင်းဆွေတို့ တမလွန်ဘဝသို့ ရောက်ရှိသွားကြသော်လည်း နာမည်ကတော့ ရှင်သန်ကျန်ရစ်နေခဲ့ပါသည်။ တပည့်များအပေါ် သံယောဇဉ်ကြီးသော ဆရာမကြီးနှင့် သံဃာတော်၊ သီလရှင်များ လူနာများအပေါ် မေတ္တာတရား၊ စေတနာ စွမ်းပကားများ ကြီးမားစွာ ပြုစုစောင့်ရှောက်ခဲ့သော သမီးဖြစ်သူတို့၏ ကုသိုလ်များကား သံသရာအထိ ပါသွားမည်ထင်ပါသည်။

ယခု ရန်ကုန်တက္ကသိုလ်ကြီး နှစ် ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်ရာ တက္ကသိုလ်ကြီးတွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများ၏ ကျေးဇူးဂုဏ်ကို ရည်မှန်းပြီး ပြည်တက္ကသိုလ် အငြိမ်းစား ပါမောက္ခချုပ် ဆရာကြီး ဦးမြဝင်း (မောင်လင်းကြည်)၏ "ဆရာရှိသောနေရာ"ကဗျာဖြင့် ဂုဏ်ပြုပူဇော်လိုက်ပါသည်။

**"ဆရာရှိသောနေရာ"**

**⁂ ဤနေရာ၊ ဆရာရှိ၏**
**ပညာရောင်တန်ဆောင်မီး၊ ထိန်ညီးပါဘိ၊**
**⁂ ဤနေရာ၊ ဆရာရှိ၏**
**စေတနာ မေတ္တာဖျန်း၊ လန်းဆန်းပါဘိ၊**
**⁂ ဤနေရာ၊ ဆရာရှိ၏**
**ဘေးဘယာ၊ ဝေးကွာပ၊ အေးမြပါဘိ၊**
**⁂ဤနေရာ၊ ဆရာရှိ၏**
**အလှစုံ၊ ဘဝဘုံ၊ အမှောင်ခွင်း၊ လင်းလှပါဘိ။**

ရန်ကုန်တက္ကသိုလ်ကြီး သက်တမ်းရှည်စွာဖြင့် ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့ ခိုင်မြဲနိုင်ပြီး သားကောင်း သမီးမွန်များ မွေးထုတ်ပေးနိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်။ ။

**ဆရာမကြီးသည် အရပ်မြင့်မြင့် အသံသြဇာပြည့်ဝပြီး ကျက်သရေရှိလှသောကြောင့် ရန်ကုန်တက္ကသိုလ်မှ ပြောင်းလာသော ဆရာမကြီး၏ "Lecture" တိုင်း ဘယ်သူမှ အတန်းမလစ်ရဲဘဲ အားကြိုးမာန်တက်တက်ရောက်ခဲ့ကြပါသည်။ "စွမ်းအားပြည့်" သင်ပေးနေသော ဆရာမကြီး၏ ဟန်ပန်အမူအရာ၊ စေ့စပ်သေချာမှုများမှာ ကျောင်းသား ကျောင်းသူတိုင်း အတုယူဖွယ် ဖြစ်ခဲ့ရ။**

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



**အမည်** - ဒေါက်တာတင်တင်သောင်း
**မွေးသက္ကရာဇ်** - ၁၉၄၉ခုနှစ် ဧပြီလ ၉ ရက်၊
**မွေးရပ်** - မြန်အောင်မြို့ ရေဝတီတိုင်း။
**မိဘ** - အခွန်ဝန်ထောက် ဦးသန်းမောင်-အမိ ဒေါ်သိန်းရင်။
**အလုပ်အကိုင်** - ပါမောက္ခ/ဌာနမှူး၊ ရုက္ခဗေဒဌာန၊ ရန်ကုန်အဝေးသင် တက္ကသိုလ်။ ၂၂.၃.၂၀၀၈ ခုနှစ်တွင် (အငြိမ်းစား) ယူခဲ့ပါသည်။
**အမှုထမ်းသက်**- ၃၇ နှစ်
မန္တလေးတက္ကသိုလ် ညနေသင်တန်း (အချိန်ပိုင်းသရုပ်ပြ ဆရာမ)၊ ပုသိမ်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်တို့တွင် ၁၉၇၁ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ သရုပ်ပြဆရာမရာထူးမှ ပါမောက္ခ/ဌာနမှူးရာထူးအထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့ပါသည်။
**ဘွဲ့များ** - B.Sc,M.Sc,Ph.D(Botany)

ဤဆောင်းပါးတွင် ဖော်ပြချက်များသည် ဆောင်းပါးရှင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၏ အာဘော်သာဖြစ်ပါသည်။

# တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအသစ်များနှင့် တရုတ်-မြန်မာဆက်ဆံရေး ခေတ်ကာလသစ်

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai



မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Chen Hai

### တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်သစ်များ

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်သစ်များအကြောင်းဆိုရလျှင် တရုတ်နယ်စပ်က အဖြစ်အပျက်လေးတစ်ခုကို ကျွန်တော် အရင်ဆုံးမျှဝေလိုပါသည်။ ယူနန်ပြည်နယ် ကျင်းဖျင်ခရိုင်တွင်နေထိုင်သည့် ယောင်တိုင်းရင်းသား လယ်သမား ဖန်ကွေ့သည် အသက် ၅၆ နှစ်ရှိပြီဖြစ်သည်။ သူနှင့်အတူ နှစ်ပေါင်း ၃၀ ကျော်ကြာ အဖော်ပြုလျက်ရှိသည့် ဇနီးဖြစ်သူမှာ တရုတ်-မြန်မာနယ်စပ်မြို့လေးမှ အလုပ်သမတစ်ဦး ဖြစ်သည်။ ယခုနှစ် မေလတွင် ကျင်းဖျင်ခရိုင်သည် ဆင်းရဲသောခရိုင်အဖြစ်မှ ကင်းလွတ်ခဲ့ပြီး အိမ်ထောင်စု ၂၇၀၀၀၊ လူဦးရေ ၁၂၀၀၀၀ နီးပါး ဆင်းရဲတွင်းမှ လွတ်မြောက်လာနိုင်ခဲ့ရာ ဖန်ကွေ့တို့ ဇနီးမောင်နှံ၏ဘဝလည်း အပြောင်းလဲကြီး ပြောင်းလဲလာခဲ့ပါသည်။ ယခုအခါ တရုတ်နိုင်ငံအစိုးရ၏ ကူညီဖေးမမှုကြောင့် ဖန်ကွေ့တို့မိသားစုသည် ခိုင်ခံ့သော တိုက်အိမ်၌ နေထိုင်နိုင်ခဲ့ရုံသာမက ငှက်ပျော၊ ရော်ဘာ စိုက်ပျိုးခြင်း၊ ကြက်၊ ဝက် မွေးမြူခြင်းဖြင့် တစ်နှစ်လျှင် တရုတ်ယွမ်ငွေ ၅၀၀၀၀ နီးပါး ဝင်ငွေရရှိလာခဲ့ပါသည်။ ကျင်းဖျင်ခရိုင်သည် ကျွန်တော်အလုပ်လုပ်ကိုင်သည့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဆင်းရဲမှုလျှော့ချရေး သတ်မှတ်ခရိုင်တစ်ခုလည်းဖြစ်ရာ ကျင်းဖျင်ခရိုင် ဆင်းရဲမှုမှ လွတ်မြောက်သည့်သတင်းကောင်း ကြားရသောအခါ ကျွန်တော် အတိုင်းမသိဝမ်းသာမိပါသည်။

### သမိုင်းဝင်စွာ ဆင်းရဲမှုမှ လွတ်မြောက်

ကျင်းဖျင်ခရိုင်သည် ယူနန်ပြည်နယ်နှင့် တရုတ်နိုင်ငံ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကြီး၏ ပုံရိပ်ငယ်တစ်ခုသာ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ယူနန် ပြည်နယ်တစ်ခုလုံး၌ လူဦးရေ ၁ ဒသမ ၆၄၉၅ သန်း ဆင်းရဲမှုမှ လွတ်မြောက်ခဲ့ပါသည်။ ယခုနှစ်တွင် ယူနန် ပြည်နယ်သည် သမိုင်းဝင်စွာ ဆင်းရဲမှုမှ လွတ်မြောက်မည်ဖြစ်ပြီး ဆင်းရဲမှုနှင့် နှုတ်ဆက်ခွဲခွာနိုင်တော့မည် ဖြစ်သည်။ တရုတ်တစ်နိုင်ငံလုံး အတိုင်းအတာအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျေးလက်ဆင်းရဲသူဦးရေ ၅၅ ဒသမ ၇၅ သန်း ဆင်းရဲမှုမှ လွတ်မြောက်ခဲ့သည်။ တရုတ်နိုင်ငံသည် "ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ ၂၀၃၀ အစီအစဉ်" ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက်ကို ၁၀ နှစ် ကြိုတင်အကောင်အထည်ဖော်နိုင်ပြီး ဆင်းရဲမှုတိုက်ဖျက်ရေးစစ်ပွဲကို အောင်နိုင်တော့မည်ဖြစ်သည်။

### ရှိသင့်ရှိထိုက်သည့် သဘောတရား

တရုတ်နိုင်ငံသည် မိမိကိုယ်ကို ဆင်းရဲမှုမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသည့်နည်းတူ ဆွေမျိုးပေါက်ဖော်ညီအစ်ကိုဖြစ်သည့် မြန်မာနိုင်ငံကိုလည်း မမေ့လျော့ပါ။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံ နေပြည်တော်ရှိ အေးချမ်းသာကျေးရွာနှင့် မင်းပြင်ကျေးရွာ၌ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းကို ဦးဆောင်၍ အကောင်အထည်ဖော်လျက် ရှိပါသည်။ ယမန်နှစ် အောက်တိုဘာလက ကျွန်တော် နေပြည်တော်ရှိ အေးချမ်းသာကျေးရွာသို့ သွားရောက်ခဲ့ဖူးပါသည်။ ယခုနှစ်တွင် ထိုကျေးရွာလေး အသွင်သစ် အမြင်သစ်ဖြင့် ပြောင်းလဲနေပြီ ဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်မှ ပေးပို့လာသော ဓာတ်ပုံကိုကြည့်ရင်း အေးချမ်းသာကျေးရွာ၏ လမ်းများ၌ လမ်းမှ ကွန်ကရစ်လမ်းအဖြစ် ပြောင်းလဲလာပုံ၊ ရွာသူရွာသားများ သန့်ရှင်းသောသောက်သုံးရေရရှိပုံ၊ ရွာထဲ၌ ရပ်ကွက်ဝန်ဆောင်မှုစင်တာ၊ ဆေးခန်းများ တိုးပွားလာပြီး ဝင်ငွေတိုးကာ ကျန်းမာရေး အာမခံချက်များ ရရှိလာပုံကို ကျွန်တော် ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။ ယခင်က အပြင်ထွက်အလုပ်လုပ်၍ အသက်မွေးဝမ်းကျောင်းပြုနေရသော ရွာသား ဦးအောင်စိုးဝင်းသည် ဥယျာဉ်ခြံစီးပွားရေးစီမံကိန်းတစ်ခုကို အမှီပြု၍ မြေငှားနိုင်ခဲ့ပြီး လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ခဲ့လေပြီ။ ဤကျေးရွာနှင့် မဝေးလှသည့် မင်းပြင်ကျေးရွာတွင် ရွာသူငါးဦးသည် အတတ်ပညာ သင်တန်းတက်ပြီးနောက် အထည်ချုပ်စက်ရုံ၌ အလုပ်ရခဲ့ရာ ဘဝ၏ ပထမဆုံး လုပ်အားခဝင်ငွေ ရရှိခဲ့ပါသည်။ ပြည်သူကိုဗဟိုပြု၍ "တိတိကျကျ ဆင်းရဲမှုလျှော့ချခြင်း"(targeted poverty alleviation)၊ ဖွံ့ဖြိုးမှုပုံစံ ဆင်းရဲမှုလျှော့ချရေးနှင့် ကယ်ဆယ်မှုပုံစံ ဆင်းရဲမှုလျှော့ချရေးတို့ ပေါင်းစပ်ခြင်းစသည့် တရုတ် ဝိသေသဆောင်သော ဆင်းရဲမှုလျှော့ချရေး အတွေ့အကြုံများသည် မြန်မာပြည်သူများကိုလည်း အကျိုးပြုလျက် ရှိပါသည်။ တရုတ်-မြန်မာ အတူလက်တွဲ၍ အတော်အသင့်ချမ်းသာသောလူနေမှုဘဝကို ဖော်ဆောင်ခြင်းသည် တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း၏ ရှိသင့်ရှိထိုက်သည့် သဘောတရားလည်း ဖြစ်ပါသည်။

> **ပြည်သူကိုဗဟိုပြု၍ "တိတိကျကျ ဆင်းရဲမှုလျှော့ချခြင်း" (targeted poverty alleviation)၊ ဖွံ့ဖြိုးမှုပုံစံ ဆင်းရဲမှုလျှော့ချရေးနှင့် ကယ်ဆယ်မှုပုံစံ ဆင်းရဲမှုလျှော့ချရေးတို့ ပေါင်းစပ်ခြင်းစသည့် တရုတ် ဝိသေသဆောင်သော ဆင်းရဲမှုလျှော့ချရေးအတွေ့အကြုံများသည် မြန်မာပြည်သူများကိုလည်း အကျိုးပြုလျက်ရှိပါသည်။ တရုတ်-မြန်မာ အတူလက်တွဲ၍ အတော်အသင့် ချမ်းသာသောလူနေမှုဘဝကို ဖော်ဆောင်ခြင်းသည် တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း၏ ရှိသင့်ရှိထိုက်သည့် သဘောတရားလည်းဖြစ်။**

### စီးပွားရေးတိုးတက်မှုနှုန်း ပြောင်းလဲလာ

အတော်အသင့်ချမ်းသာသောလူနေမှုဘဝ ဖော်ဆောင်ရေးအကြောင်းဆိုရလျှင် ၂၀၂၀ ပြည့်နှစ်သည် တရုတ်နိုင်ငံမှ အတော်အသင့်ချမ်းသာသောလူနေမှုဘဝ ဘက်စုံတည်ဆောက်နိုင်သည့်နှစ် ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါ၏ တိုက်ခိုက်မှုနှင့် ရှုပ်ထွေးခက်ခဲလှသည့် ပြည်တွင်း၊ ပြည်ပ အခြေအနေများကို ရင်ဆိုင်ရင်း တရုတ်နိုင်ငံ တစ်နိုင်ငံလုံးသည် ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေး စသည့်လုပ်ငန်းအသီးသီးကို ဘက်ပေါင်းစုံစီမံခန့်ခွဲ တွန်းအားပေးဆောင်ရွက်ပြီး ကုန်ထုတ်လုပ်ရေးနှင့် လူနေမှုဘဝအခြေအနေများ ပြန်လည် လည်ပတ်လာစေရန် အားကောင်းထိရောက်စွာ တွန်းအားပေးဖော်ဆောင်ခဲ့ရာ ကာလပတ်သုံးခု၏ စီးပွားရေးတိုးတက်နှုန်းမှာ အနုတ်လက္ခဏာမှ အပေါင်းလက္ခဏာအဖြစ်သို့ ပြောင်းလဲလာခဲ့ပါသည်။ တရုတ်နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှု စုစုပေါင်းတန်ဖိုး တရုတ်ယွမ်ငွေ ၁၀၀ ထရီလီယံ ကျော်လွန်မည်ဟု ခန့်မှန်းရပါသည်။

တရုတ်နိုင်ငံ၏ အောင်မြင်မှုလျှို့ဝှက်ချက်ကို လူတော်တော်များများက သိရှိလိုကြသည်။ ကျွန်တော်၏အဖြေကတော့ တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကြောင့်ပင် ဖြစ်ပါသည်။ တရုတ်ကွန်မြူနစ်ပါတီသည် လူထုဗဟိုပြုသော ဖွံ့ဖြိုးတိုးတက်ရေးအတွေးအခေါ်ကို တစိုက်မတ်မတ် လက်ကိုင်စွဲထားသည်။ ပြည်သူလူထု ကောင်းမွန်သောဘဝ၌ နေထိုင်နိုင်ရေးသည် တရုတ်ကွန်မြူနစ်ပါတီ၏ မူလရည်မှန်းချက်နှင့် သမိုင်းပေးတာဝန် ဖြစ်ပါသည်။ တရုတ်နိုင်ငံသစ် ထူထောင်ခါစက အခက်အခဲများစွာဖြင့် ပြည့်နှက်နေခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်သူလူထုကို ဦးဆောင်၍ ခြေလက်ဗလာဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကာ နှစ် ၇၀ ကြာ ရုန်းကန်တိုက်ပွဲဝင်ခဲ့ပြီးနောက် အတော်အသင့်ချမ်းသာသော လူနေမှုဘဝကို ဘက်စုံတည်ဆောက်နိုင်တော့မည်ဖြစ်သည်။ တရုတ်နိုင်ငံ ကွမ်တုံးပြည်နယ်ရှိ စန်းကျန့်မြို့သည် နှစ် ၄၀ အတွင်း တံငါရွာလေးအဖြစ်မှ ခေတ်မီ နိုင်ငံတကာမြို့ပြကြီးအဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲခဲ့လေသည်။ ပြီးခဲ့သည့်ရက်ပိုင်းက ရှန်ဟိုင်းမြို့ ဖူတုံးဒေသသစ် တံခါးဖွင့်လှစ်၊ ဖွံ့ဖြိုးတိုးတက်ခြင်း နှစ် ၃၀ ပြည့်အထိမ်းအမှတ်အတွက် ကျွန်တော်တို့ ဂုဏ်ပြုခဲ့ကြသည်။

ရှန်ဟိုင်းမြို့ ဖူတုံးဒေသသစ်သည် နှစ် ၃၀ အတွင်း ခေတ်မီမြို့သစ်နှင့် ကမ္ဘာ့အဆင့်မီ ဘဏ္ဍာရေးအချက်အချာနေရာအဖြစ် တိုးတက်လာခဲ့သည်။ အထက်ပါ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများသည် တရုတ်နိုင်ငံ မြန်နှုန်းမြင့် ဖွံ့ဖြိုးတိုးတက်မှု၏ စံနမူနာများဖြစ်ပါသည်။ တရုတ်ပြည်သူလူထုသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများ အများဆုံးရရှိသူဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ရင်း မိမိကိုယ်ကို ပြီးပြည့်စုံအောင်၊ အရည်အချင်းမြင့်မားအောင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ အဂတိလိုက်စားမှု လုံးဝပပျောက်အောင် အရေးယူဆောင်ရွက်ရင်း ပါတီသန့်ရှင်းရေးနှင့် ပြုပြင်ပြောင်းလဲရေးများကို ဆက်တိုက် တိုးမြှင့်ဆောင်ရွက်သည်။ ပြည်သူလူထုနှင့် တစ်သားတည်း ရပ်တည်ရင်း အားကောင်းသော ရှင်သန်မှုအခွင့်အလမ်းများနှင့် ခွန်အားများကို တောက်လျှောက်ထိန်းသိမ်းထားသည်။ တရုတ်နိုင်ငံသည် ကပ်ရောဂါ တိုက်ဖျက်ရာ၌ ပြည်သူသာအဓိက၊ အသက်သာအဓိက ဟူသောအတွေးအခေါ်ကို လက်ကိုင်စွဲခဲ့ရာ ကပ်ရောဂါတိုက်ဖျက်ရေး၏ အရေးပါမဟာ ဗျူဟာမြောက်ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။ ယခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ တရုတ်အမျိုးသားနေ့ အားလပ်ရက်ရှည်အတွင်း တရုတ်ပြည်သူ သိန်း ၆၃၇၀ အေးချမ်းစွာ သွားလာလည်ပတ်နိုင်ခဲ့ရာ ကပ်ရောဂါ တိုက်ဖျက်ရေးအောင်မြင်မှုရလဒ်ကို ထင်ဟပ်နေပါသည်။ ထိုသို့ဖြင့် တရုတ်ပြည်သူလူထုမှ ပါတီ၏ ဦးဆောင်မှု အပေါ် ယုံကြည်မှုနှင့် ထောက်ခံမှုများ ထပ်ဆင့်မြင့်မား လာခဲ့ပါသည်။ တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်သူများကို ဦးဆောင်၍ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်သစ်၌ စာမျက်နှာသစ်များ မပြတ်ရေးသားနိုင်ပြီး အောင်မြင်မှုအသစ်များ ဆွတ်ခူးနိုင်မည်ဟု ယုံကြည်ပါသည်။

> **တရုတ်နိုင်ငံသည် မိမိကိုယ်ကို ဆင်းရဲမှုမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသည့်နည်းတူ ဆွေမျိုးပေါက်ဖော် ညီအစ်ကိုဖြစ်သည့် မြန်မာနိုင်ငံကိုလည်း မမေ့လျော့ပါ။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံ နေပြည်တော်ရှိ အေးချမ်းသာကျေးရွာနှင့် မင်းပြင်ကျေးရွာ၌ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်းကို ဦးဆောင်၍ အကောင်အထည်ဖော်လျက် ရှိပါသည်။**

### တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အခင်းအကျင်းသစ်

"အသီးမှာ သရက်၊ အသားမှာဝက်၊ အရွက်မှာ လက်ဖက်"ဟု မြန်မာဆိုရိုးစကားတစ်ခု ရှိပါသည်။ သရက်သီးသည် မြန်မာလူမျိုးများ၏ စိတ်နှလုံးထဲ၌ အရသာအရှိဆုံးသစ်သီး ဖြစ်သည်။ မြန်မာ့စိန်တလုံး သရက်သီးသည် မွှေးကြိုင်လှပြီး အရသာ တစ်မူထူးခြားသဖြင့် တရုတ်ပြည်သူ အများအပြားက ကြိုက်နှစ်သက်ကြသည်။ တရုတ်စားသုံးသူများက စိန်တလုံးသရက်သီးကို "သရက်သီးဘုရင်" ဟု ရင်းရင်းနှီးနှီး တင်စားခေါ်ဝေါ်ကြသည်။ နှစ်စဉ် ဧပြီလမှ ဇွန်လအတွင်း စိန်တလုံးသရက်သီးများ တင်ဆောင်လာသောကားများ တစ်စီးပြီးတစ်စီး တယ်ဟုန်ဝမ်တိန်နယ်စပ်ဂိတ်မှတစ်ဆင့် ယူနန်၏ ဈေးဆိုင်များသို့ ရောက်ရှိလာကြပြီး တရုတ်ပြည်သူတို့၏ နေအိမ်များသို့ ရောက်ရှိလာကြသည်။ ယခုနှစ်တွင် COVID-19 ကပ်ရောဂါ၏ဒဏ်ကို ခံနေရသော်လည်း မြန်မာ့စိန်တလုံးသရက်သီးများ တရုတ်နိုင်ငံသို့ အများအပြား ရောင်းချနိုင်ခဲ့ပါသည်။ သရက်သီးကုန်သွယ်ရေးသည် တရုတ်-မြန်မာ လယ်ယာထွက်ကုန် ကုန်သွယ်ရေး၏ ပုံရိပ်ငယ်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ၏ တစ်နေ့ထက်တစ်နေ့ ကြီးမားလာသည့် ပြည်တွင်းဈေးကွက်သည် မြန်မာ့လယ်ယာထွက်ကုန်များအတွက် ကျယ်ပြောသော အလားအလာများ ထောက်ပံ့ပေးနေပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# (၁၄)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**
(၁၄)ကြိမ်မြောက် အာဆီယံ ဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အစည်းအဝေး (14th AMMTC) ကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် Video Conferencing ဖြင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုက အဖွင့်မိန့်ခွန်းပြောကြားပြီး ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးတိုလမ်က မိတ်ဆက်အမှာစကားပြောကြားသည်။ ထို့နောက် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုပြသ၍ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဝန်ကြီးအဆင့်စုံညီအစည်းအဝေးကို ဗီယက်နမ်နိုင်ငံ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပရာ 13th AMMTC သဘာပတိ၊ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၁၉ ခုနှစ်အတွင်း တာဝန်ယူဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးတိုလမ်သို့ 14th AMMTC သဘာပတိ တာဝန်များကို လွှဲပြောင်းပေးသည်။ အစည်းအဝေးတွင် သဘာပတိ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဝန်ကြီးက




အဖွင့်အမှာစကားပြောကြားပြီး အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်က AMMTC လုပ်ငန်းစဉ်နှင့် အာဆီယံမူဘောင်များနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ဝန်ကြီးများက ဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က အာဆီယံဒေသတွင်း ပုံစံမျိုးစုံဖြင့် ပြောင်းလဲဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးအပါအဝင် နိုင်ငံဖြတ်ကျော် မှုခင်းများတိုက်ဖျက်ရေးတွင် မှုခင်းဖြစ်ပေါ်စေသည့်အရင်းခံအကြောင်းတရားများကို အဖွဲ့ဝင်နိုင်ငံအားလုံး၏ ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာနှင့် စွမ်းဆောင်ရည် မြင့်မားမှုတို့ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ထိရောက်စွာ တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ မှုခင်းပြဿနာများကို ရှုထောင့်တစ်ခုတည်းမှ သုံးသပ်၍မရတော့ဘဲ ကဏ္ဍပေါင်းစုံမှ ရှုမြင်သုံးသပ်၍ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြဿနာအရင်းအမြစ်ကို ဖော်ထုတ်ဖြေရှင်းရန် ၂၀၁၉ ခုနှစ် 13th AMMTC အစည်းအဝေးတွင်မြန်မာနိုင်ငံက ဆွေးနွေးတင်ပြခဲ့ပါကြောင်း။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ရာဇဝတ်မှုခင်းဂိုဏ်းများ အားလုံးနှင့် ဆက်စပ်နေသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိုမိမိတို့အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးနိုင်မှုသည် ယခင်နှစ်များထက် ၆ ဒသမ ၅ ဆခန့် ပိုမိုဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ အကြမ်းဖက်မှုပြဿနာသည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများနှင့် ထဲထဲဝင်ဝင် ပါဝင်ဆက်စပ်မှုရှိနေပါကြောင်း၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးကိစ္စတွင် အကြမ်းဖက်ဝါဒ (Terrorism) အတွင်းကျကျ ဆက်စပ်နေသည့်အတွက် လက်ခံခြင်းမပြုကြရန်နှင့် အကြမ်းဖက်လုပ်ရပ်များနှင့် ယင်းတို့၏ ဝါဒဖြန့်မှုကို ရပ်တန့်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြမ်းဖက်ဝါဒ ကွယ်ပျောက်သွားမှသာ နိုင်ငံတွင်း တည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတစ်ဝန်း ဘေးကင်းလုံခြုံမှု၊ တရားမျှတမှုနှင့် အသိုက်အဝန်းများအကြား သဟဇာတရှိမှုတို့ကို ဖော်ဆောင်နိုင်ရေးအတွက် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးသည်။

14th AMMTC အစည်းအဝေးတွင် ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်း စီမံချက်အကောင်အထည်ဖော်မှု၊ လူကုန်ကူးမှုတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်းသည့် TOR များ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များကို အတည်ပြုခြင်း၊ ဝန်ကြီးအဆင့်အစည်းအဝေး ပူးတွဲထုတ်ပြန်ချက်နှင့် နိုင်ငံအလိုက် ဆွေးနွေးအကြံပြုချက်များကို မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်၍ 15th AMMTC ကို ၂၀၂၁ ခုနှစ်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ကျင်းပရန် အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များ၌ လှူဒါန်းကြသည့် အလှူရှင်များအား အသိအမှတ်ပြု ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၂၆**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များ၌ စေတနာ၊ မေတ္တာ၊ ဝီရိယအားတို့ကို အခြေခံ၍ ဆောင်ရွက်နေကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် 9-COVID Team ၏ ဦးဆောင်စည်းရုံးမှုဖြင့် နေထိုင်ရန် အဆောက်အအုံများ၊ အကျွေးအမွေးနှင့် သွားလာရေးတို့အတွက် လှူဒါန်းကြသော အလှူရှင်များအား အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နေပြည်တော်မှ ဗီဒီယိုကွန်ဖရင့်ဖြင့် ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင် ဦးသိန်းဟန်က လှူဒါန်းရ



ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး 9-COVID Team မှ ဦးခင်အောင်ထွန်းက 9-COVID Team ဖွဲ့စည်းခဲ့မှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်ခဲ့မှုများကို Power point ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယနေ့အခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းစဉ်များ၌ စေတနာ၊ မေတ္တာ၊ ဝီရိယအားတို့ကို အခြေခံ၍ ဆောင်ရွက်နေကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ နေထိုင်ရန်အဆောက်အအုံများ၊ အကျွေးအမွေးနှင့် သွားလာရေးတို့အတွက် လှူဒါန်းကြသော အလှူရှင် ၃၈ ဦးအား ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း - မင်းသစ်(MNA)**

**ဓာတ်ပုံ - ရဲထွဋ်**

○ **လျှပ်စစ်ဓာတ်အားမှ**
နိုင်ငံတော်အတွက် လိုအပ်နေတဲ့ လျှပ်စစ်စွမ်းအင်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီပါဝင်ခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်”ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်က ပြောသည်။

“ကျွန်တော်တို့ ဒီသင်္ဘောကနေ LNG ကို Gas ပြောင်းပြီး ဓာတ်ငွေ့အင်ဂျင်လည်ပတ်၍ ဓာတ်အားထုတ်လုပ်ခြင်းဖြစ်ပါတယ်။ တစ်နှစ် သီလဝါစီမံကိန်းအတွက် မဂ္ဂါဝပ် ၃၅၀၊ သာကေတရှိ စီမံကိန်းများအတွက် မဂ္ဂါဝပ် ၄၀၀၊ စုစုပေါင်း မဂ္ဂါဝပ် ၇၅၀ ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ ဒီသင်္ဘောကြီးကို ၄ ရက်တစ်ကြိမ်၊ ၅ ရက်တစ်ကြိမ် သူနဲ့အတူ တွဲထားတဲ့ အခြား LNG သင်္ဘောကနေ LNG ကို လာရောက်ဖြည့်ပေးမှာဖြစ်ပါတယ်။ မြိတ်ကျွန်းစု သမီးလှကျွန်းနားမှာ ဆိုက်ကပ်ထားတဲ့ တန်ချိန်တစ်သိန်းခွဲလောက်တင်ထားတဲ့အခြား LNG တင်သင်္ဘောကြီးမှတစ်ဆင့် လိုအပ်တဲ့ LNG ကို ဖြည့်တင်းမှာဖြစ်ပါတယ်”ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်ဝင်းသန့်က ပြောသည်။

အဆိုပါစီမံကိန်းသည် ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်ခဲ့သော V Power Group အား လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကုမ္ပဏီက V-Power LNG သင်္ဘောကြီးကို သီလဝါဆိပ်ကမ်းတွင် Floating Storage Unit( FTU) အဖြစ် ငါးနှစ်ကြာ ကျောက်ချရပ်နားပြီး LNG မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

“ဒီစီမံကိန်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနဲ့ ကျွန်တော်တို့ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ တင်ဒါငါးခုဝင်ရောက်ယှဉ်ပြိုင်ရာမှာ ကျွန်တော်တို့က ဈေးအနည်းဆုံးနဲ့ တင်ဒါအောင်မြင်ခဲ့ပါတယ်။ ကိုဗစ်ကာလမှာ လမ်းညွှန်ချက်များနဲ့အညီ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သင်္ဘောကြီးကိုတော့ စင်ကာပူနိုင်ငံမှာ လွန်းတင်ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်”ဟု PGK+Z&A Group မှ CEO ဦးဇေယျာသူရမွန်က ပြောသည်။

ယင်းစီမံကိန်းကြောင့် သီလဝါဆိပ်ကမ်း၊ သာကေတအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီကာလ၌ လျှပ်စစ်မီးပြတ်တောက်မှုကို လျှော့ချပေးနိုင်တော့မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်ကျော်**

# အားကစားနှင့် ကာယပညာဦးစီးဌာန အရာထမ်း၊ အမှုထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၂၆**
အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်း(SOP)အတိုင်း လိုက်နာဆောင်ရွက်ရန် အသိပညာပေး ရှင်းလင်းပြောကြားခြင်း အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အပေါ်ထပ် အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေး၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်း(SOP)အတိုင်း လိုက်နာဆောင်ရွက်ရန် အသိပညာပေး ရှင်းလင်းပြောကြားခြင်း အစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနလက်အောက်ရှိ ဝန်ထမ်းများနှင့် ၎င်းတို့မိသားစုများတွင် ကိုဗစ်-၁၉ တွေ့ရှိမှုကို သိရှိနေရပါကြောင်း၊ သက်ဆိုင်ရာအားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်းများ၊ အမှုထမ်းများအနေဖြင့် နိုင်ငံအဝှမ်း ကိုဗစ်ရောဂါ မပြန့်ပွားရေး၊ တားဆီးကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ယခု ကျင်းပပြုလုပ်သော အသိပညာပေး ရှင်းလင်းပြောကြားခြင်း အစည်းအဝေးတွင် ပါဝင်သည့် လိုက်နာကျင့်သုံးဆောင်ရွက်နေထိုင်ရမည့် အကြောင်းအရာများကို မိမိတို့ ပတ်ဝန်းကျင်နှင့် လက်အောက်ရှိ ဝန်ထမ်းများအား ပြန်လည်မျှဝေပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားဆေးဘက်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနှင့် အားကစားနှင့် ဆေးဘက်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထက်ဝေတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် ညွှန်ကြားရေးမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများက တင်ပြဆွေးနွေးရာတွင် မိမိတို့ပတ်ဝန်းကျင်နှင့် သင့်လျော်မှုရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ဆောင်ရွက်မည့် ကြိုတင်အစီအမံများ၊ အားကစားလေ့ကျင့်မှုပြုလုပ်ရာတွင် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများနှင့် အခြားသိရှိလိုသည့် အကြောင်းအရာများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက နိဂုံးချုပ်ပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်းများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့ ပတ်ဝန်းကျင်နှင့် မိမိတို့၏ လုပ်ငန်းခွင်များတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လိုက်နာဆောင်ရွက်ရမည့် အသိပညာပေးအကြောင်းအရာများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ယူနန်ပြည်နယ် ပြည်သူ့ပြည်ပချစ်ကြည်ရေးအသင်းက ရန်ကုန်တိုင်းဒေသကြီးသို့ Medical Vehicle တစ်စီးနှင့် Ventilator တစ်လုံး ပေးအပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၂၆**

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့ပြည်ပချစ်ကြည်ရေးအသင်းက ရန်ကုန်တိုင်းဒေသကြီးသို့ Medical Vehicle တစ်စီးနှင့် Ventilator တစ်လုံး ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ကူမင်းမြို့ ကောင်စစ်ပရဝုဏ်ရှိ ကောင်စစ်ဝန်ချုပ်ရုံးများ ဝန်ဆောင်မှုဌာန၌ ယနေ့ ကျင်းပရာ ယူနန်ပြည်နယ် ပြည်သူ့ပြည်ပချစ်ကြည်ရေးအသင်းကိုယ်စား ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ပြည်ပချစ်ကြည်ရေးအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mme. Pu Hong က လွှဲပြောင်းပေးအပ်ပြီး ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်က လက်ခံရယူ သည်။

လွှဲပြောင်းလက်ခံမှု အခမ်းအနားတွင် ယူနန်ပြည်နယ် ပြည်သူ့ပြည်ပချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mme. Pu Hong က လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ကောင်စစ်ဝန်ချုပ် ဦးထွန်းအောင်ကျော်က ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့လှူဒါန်းသည့် Medical Vehicle မှာ ယွမ် ၃၆၅၀၀၀ တန်ဖိုးရှိပြီး Ventilator မှာ ယွမ် ၄၅၀၀၀ တန်ဖိုးရှိကာ လှူဒါန်းမှုတန်ဖိုးမှာ စုစုပေါင်း ယွမ် ၄၁၀၀၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ Medical Vehicle နှင့် Ventilator တို့အား မူဆယ်မြို့ နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်းလမ်းဖြင့် ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသား အလုပ်ကျွမ်းကျင်ဝန်ထမ်းပြောင်းလဲခြင်း အကူအညီပေးရေးကော်မတီ(CCSC)တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။



အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၆၂ ဦး၊ ဂျပန်မှ ၂၅ ဦး၊ မလေးရှားမှ ၁၃ ဦး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုမှ သုံးဦး၊ ဘင်္ဂလားဒေ့ရှ်မှ သုံးဦး၊ ကာတာမှ တစ်ဦး၊ စင်ကာပူမှ ၁၂ ဦး၊ အမေရိကန်ပြည်ထောင်စုမှ တစ်ဦး၊ ပြင်သစ်မှ တစ်ဦး မြန်မာသင်္ဘောသား စုစုပေါင်း ၁၂၁ ဦး လိုက်ပါခဲ့ကြသည်။

ထို့ပြင် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ရီယာဒ်မြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၁၆) ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ဘာရိန်းမှ သုံးဦး၊ အိုမန်မှ တစ်ဦး၊ ယူအေအီးမှ ၈၆ ဦး၊ ကူဝိတ်မှ နှစ်ဦး၊ ဂျပန်မှ တစ်ဦး၊ အီရန်မှ နှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်မှ လေးဦး၊ အီဂျစ်မှ ၁၀ ဦး၊ ကွန်ဂိုမှ နှစ်ဦး၊ ဆူဒန်မှ ခြောက်ဦး၊ ပနားမားမှ ၁၈ ဦး၊ တောင်အာဖရိကမှ ခြောက်ဦး၊ အစ္စရေးမှ ၁၀ ဦး၊ ပါကစ္စတန်မှ နှစ်ဦး၊ အဇာဘိုင်ဂျန်မှ လေးဦး၊ နော်ဝေမှ လေးဦး၊ စင်ကာပူမှ ငါးဦး၊ တူရကီမှ တစ်ဦး၊ ဆိုမာလီယာမှ တစ်ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၆၈ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လာရောက်ထုတ်ယူသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့မှ ဦးဆောင်၍ အင်းစိန်မြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရန်နှင့် မကူးစက်နိုင်သောရောဂါများ မဖြစ်ပွားစေရန်အတွက် အင်းစိန်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ပင်စင်လာရောက်ထုတ်ယူကြသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုဝင်ဘာ ၂၃ ရက်မှ ၂၆ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက အင်းစိန်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပင်စင်လာရောက်ထုတ်ယူသူ ပင်စင်စားသက်ကြီးရွယ်အိုများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်များကို စနစ်တကျဆေးစေခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ပေးခြင်း စသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်စည်းကမ်းချက်များနှင့်အညီ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဘဏ်ဖွင့်ရက်များတွင် နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# လက်ပံတန်း၌ Cash For Work နှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကျေးရွာများ ရွေးချယ်



**လက်ပံတန်း နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် Cash For Work ၂၉ ရွာနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လေးရွာတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်နှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး)တို့က မြို့နယ်လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ ရွေးချယ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်ဆင့်**

# ဟသ်ာတမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဟသ်ာတ နိုဝင်ဘာ ၂၆**

ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နိုင်ငံတော်၏ ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်ကို အထောက်အကူပြုစေရန်နှင့် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများနှင့် အသေးစား



စီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော မရိုးသောင်ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၏ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၆၀ ကျော်ရှိလာ

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သန်း ၆၀ ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း အမေရိကန် ဂျွန်ဟော့ကင်းစ် တက္ကသိုလ်၏ ယနေ့ အချက်အလက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သော ၁၇ ရက်အတွင်း ၁၀ သန်းခန့် တိုးမြင့်လာကြောင်း အဆိုပါတက္ကသိုလ်၏ စစ်တမ်းများအရ တွေ့ရှိရသည်။

ကမ္ဘာ့နိုင်ငံများက ဗိုင်းရပ်စ်ကူးစက်မှုများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသော်လည်း လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ သန်း ၆၀ ကျော်လာခဲ့ပြီး သေဆုံးသူ ၁ ဒသမ ၄ သန်း ကျော် ရှိခဲ့ပြီဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်မှု အဆိုးရွားဆုံးခံစားနေရသည့် နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ရောဂါကူးစက်ခံရသူ ၁၂ သန်းကျော်ရှိကာ သေဆုံးသူ ၂၆၈၂၆၂ ဦးရှိသည်။

ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ကိုးသန်းကျော် ရှိပြီး သေဆုံးသူ ၁၃၅၂၆၁ ဦးရှိသည်။ တတိယအများဆုံး နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်သန်းကျော်ရှိကာ သေဆုံးသူ ၁၇၀၇၉၉ ဦးရှိကြောင်း သိရသည်။



ထို့ပြင် ဥရောပနိုင်ငံများတွင်လည်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် များပြားသည့်အတွက် တင်းကျပ်သော ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ချမှတ်ကာ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းလုပ်ဆောင်လျက် ရှိသည်။ သို့သော် ယခုရက်ပိုင်းအတွင်း နေ့စဉ်ကူးစက်မှုနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရသည်။

ပြင်သစ်နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်း ပြီးဆုံးသွားပြီဖြစ်ကြောင်းနှင့် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်ကျဆင်းလာပါက ဒီဇင်ဘာ ၁၅ ရက်မှစပြီး နိုင်ငံတစ်ဝန်းတွင် ခရီးသွားလာခွင့်ပိတ်ပင်မှုကို ပြန်လည်ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။ သို့သော် ည ၉ နာရီနောက်ပိုင်း နေအိမ်ပြင်ပသို့ သွားလာခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း မက်ခရွန်က ဆိုသည်။

ထို့ပြင် ခရစ္စမတ်ပွဲတော်ကာလနှင့် နှစ်သစ်ကူးအခါသမယမတိုင်မီ အဆိုပါ ညမထွက်ရအမိန့်ကို ပြန်လည်ရုတ်သိမ်းပေးမည်ဖြစ်ကြောင်း မက်ခရွန်က ပြောကြားခဲ့သည်။

အလားတူ ဗြိတိန်အစိုးရကလည်း ခရစ္စမတ်ပွဲတော်ကာလအတွင်း၌ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းအချို့ကို ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၆၀၈၆၁၆၅၃ | ဦး |
| သေဆုံးသူ | ၁၄၂၉၇၉၁ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၂၁၇၃၉၅၆ | ဦး |

## Sputnik V ကာကွယ်ဆေး ကန်ဒေါ်လာ ၂၀ အောက်သာ ကျသင့်မည်

**မော်စကို နိုဝင်ဘာ ၂၆**

ရုရှားနိုင်ငံထုတ် Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေးက နိုင်ငံတကာဈေးကွက်တွင် လူတစ်ဦးအတွက် ဒေါ်လာ ၂၀ အောက်သာ ကျသင့်မည်ဖြစ်ပြီး ရုရှားနိုင်ငံက လာမည့်နှစ်တွင် ပြည်တွင်း၊ ပြည်ပ၌ ကာကွယ်ဆေးအလုံးရေ တစ်ဘီလီယံကျော် ထုတ်လုပ်ရန် ရည်ရွယ်ထားသည်။

Sputnik V ကာကွယ်ဆေးကို လူတစ်ဦးလျှင် နှစ်ကြိမ် ထိုးရမည်ဖြစ်ပြီး တစ်ကြိမ်ထိုးလျှင် ၁၀ ဒေါ်လာအောက်သာ ကျသင့်မည်ဖြစ်ကာ ရုရှားနိုင်ငံသားများအတွက် အခမဲ့ထိုးပေးမည်ဟု ဆေးဝါးကုမ္ပဏီက တွစ်တာလူမှုကွန်ရက်တွင် ရေးသားခဲ့သည်။ ရုရှားနှင့် ပြည်ပရှိမိတ်ဖက်နိုင်ငံများက လူပေါင်း သန်း ၅၀၀ ကျော်ကို ကာကွယ်ဆေးထိုးပေးနိုင်မည့် Sputnik V ကိုဗစ်ကာကွယ်ဆေး အလုံးရေ တစ်ဘီလီယံကျော်ကို လာမည့်နှစ်မှစ၍ ထုတ်လုပ်မည်ဟု ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (RDIF) အကြီးအကဲ ကီရေးလ်ဒီမီထရိဗ်က ပြောသည်။

Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေးက တစ်ကြိမ်ထိုးလျှင် ၁၈ ဒေါ်လာ ကျသင့်မည့် Pfizer-BioNTech ထုတ် ကိုဗစ်ကာကွယ်ဆေးထက် ဈေးသက်သာသော်လည်း တစ်ကြိမ်ထိုးလျှင် ၃ ဒေါ်လာသာ ကျသင့်မည့် Astra Zeneca ကာကွယ်ဆေးထက် ဈေးပိုကြီးသည်။ Sputnik V ကာကွယ်ဆေးက ထိရောက်မှုအဆင့် တူညီသော mRNA ကာကွယ်ဆေးများထက် နှစ်ဆကျော် ဈေးသက်သာမည်ဟု RDIF က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောသည်။ အတည်ပြု ကိုဗစ်ကူးစက်မှု ၃၉ မှုနှင့် ဆေးနှစ်ကြိမ်ထိုးထားသည့် လူနာ ၁၈၇၉၄ ဦးကို အခြေခံသော စမ်းသပ်မှုအရ Sputnik V ဗိုင်းရပ်စ်ကာကွယ်ဆေးက ၉၁ ဒသမ ၄ ရာခိုင်နှုန်း ထိရောက်မှုရှိသည်ဟု RDIF နှင့် ဂါမာလီယာ အမျိုးသားစင်တာက ယမန်နေ့အစောပိုင်းတွင် အတည်ပြုခဲ့သည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - ကျော်ထိုက်စိုး

## ဂျာမနီနိုင်ငံ၌ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ထပ်မံသက်တမ်းတိုး

**ဘာလင် နိုဝင်ဘာ ၂၆**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဒုတိယလှိုင်းကို ထိန်းချုပ်ရန် ကြိုးပမ်းနေရသည့် ဂျာမနီနိုင်ငံက ဒီဇင်ဘာ ၂၀ ရက်အထိ ဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များ သက်တမ်းတိုးလိုက်ပြီဖြစ်သည်။

ဂျာမနီအဓိပတိ အိန်ဂျဲလာမာကယ်လ်က ပြည်နယ်အုပ်ချုပ်ရေးမှူး ၁၆ ဦးနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ထိုသို့ ကြေညာခဲ့ခြင်းဖြစ်သည်။ လိုအပ်ပါက ကန့်သတ်ချက်များကို ဇန်နဝါရီလအစပိုင်းအထိ သက်တမ်းတိုးနိုင်ကြောင်း မာကယ်လ်က ပြောသည်။ ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းများ လိုက်နာကြရန်၊ အခြားသူများနှင့် မလိုအပ်သော ထိတွေ့မှု ရှောင်ရှားကြရန်နှင့် အိမ်တွင်းနေကြရန် ၎င်းက ပြည်သူများသို့ မေတ္တာရပ်ခံခဲ့သည်။

ဂျာမနီနိုင်ငံ၌ မကြာသေးမီ သီတင်းပတ်များအတွင်း အထူးကုသဆောင်၌ ကုသပေးရသော လူနာအရေအတွက် များပြားလာခဲ့ပြီး ယမန်နေ့က ၃၇၇၀ အထိ ရှိလာခဲ့ကာ ထက်ဝက်ခန့်အား အသက်ရှူအထောက်အကူပြုကိရိယာ အသုံးပြုထားရသည်။ ဂျာမနီနိုင်ငံက ပြင်သစ်၊ စပိန်၊ ဗြိတိန်နှင့် အီတလီနိုင်ငံပြီးလျှင် ဥရောပတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ပဉ္စမမြောက်အမြင့်ဆုံးနိုင်ငံဖြစ်သည်။

ဂျာမနီနိုင်ငံတွင် လက်ရှိအချိန်ထိ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုကူးစက်လူနာ ၉၈၄၀၁၅ ဦးနှင့် သေဆုံးသူ ၁၄၉၈၄ ဦး ရှိကြောင်း သိရသည်။

ကိုးကား - အနာဒိုလူ၊ ဘာသာပြန် - ကျော်ထိုက်စိုး

## အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၁၇ ဦး တွေ့ရှိ

**ဂျကာတာ နိုဝင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၁၇ ဦး တွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၁၆၇၅၃ ဦးရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၂၇ ဦး သေဆုံးခဲ့ရာ လက်ရှိအချိန်အထိ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၃၅၂ ဦး ရှိလာကြောင်း သိရသည်။ သို့သော် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၃၈၄၂ ဦး ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၄၃၃၆၄၉ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး အထူးသဖြင့် မြို့တော်ဂျကာတာ၌ ၁၀၆၄ ဦး၊ အနောက်ဂျားဗား၌ ၇၇၆ ဦး၊ အလယ်ဂျားဗား၌ ၅၅၉ ဦး ၊ အရှေ့ဂျားဗား၌ ၃၉၀ နှင့် အနောက်ဆူမတြား၌ ၃၀၇ ဦး စသည်ဖြင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း အသီးသီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသည်။



ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

## ကိုဗစ်-၁၉ ကာလအတွင်း အမေရိကန်နှင့် အီတလီနိုင်ငံတို့အကြား လေကြောင်းခရီးစဉ် စတင်ပြေးဆွဲမည်

**ရောမ နိုဝင်ဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့ခဲ့သည့်အချိန်မှစပြီး အမေရိကန်နှင့် အီတလီနိုင်ငံတို့အကြား ပထမဆုံးအကြိမ်အဖြစ် လေကြောင်းခရီးစဉ်ပြေးဆွဲမှုကို လာမည့်လအစောပိုင်းတွင် စတင်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ လေကြောင်းခရီးစဉ်တွင် ကိုဗစ်-၁၉ ရောဂါ ကင်းစင်သော ခရီးသည်များကိုသာ လိုက်ပါစီးနင်းခွင့်ပြုမည်ဖြစ်သည်။

အမေရိကန် ဒက်တာလေကြောင်းလိုင်းနှင့် အီတလီလေကြောင်းလိုင်း အလီတာလီယာတို့က အမေရိကန်မြို့များနှင့် ရောမမြို့အကြား လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲမှုနှင့် ပတ်သက်ပြီး သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း ရောမမြို့ဖီမီစီကို လေဆိပ်တာဝန်ရှိသူများက ယနေ့ ပြောကြားခဲ့သည်။

အလားတူ ရောမမြို့နှင့် ဂျာမနီနိုင်ငံမြို့များဖြစ်သည့် မြူးနစ်နှင့် ဖရန့်ဖတ်တို့အကြား လေကြောင်းခရီးစဉ်များကို မကြာမီအချိန်တွင် စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်မှုမရှိသော ခရီးသည်များကိုသာ လိုက်ပါစီးနင်းခွင့်ပြုသည့် ရောမမြို့မှ မီလန်မြို့သို့ ပြေးဆွဲသည့် ပြည်တွင်းလေကြောင်းခရီးစဉ်ကို စက်တင်ဘာလတွင် စတင်ခဲ့သည်။

အီတလီနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ပြေးဆွဲမည့် လေကြောင်းခရီးစဉ်တွင် လိုက်ပါစီးနင်းမည့် ခရီးသည်များအနေဖြင့် သီးခြားခွဲနေခြင်းများ ပြုလုပ်ရန်မလိုအပ်ဘဲ လေဆိပ်များ၌သာ ဗိုင်းရပ်စ်ကူးစက်မှုရှိ၊ မရှိ စစ်ဆေးမှုခံယူရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေကြောင်းခရီးစဉ် ပြေးဆွဲမှုကို လာမည့် ၂၀၂၁ ခုနှစ် ခရီးသွားရာသီအတွက် မျှော်မှန်းကာ စတင်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - စီအင်န်အေ
ဘာသာပြန် - အောင်ကျော်ကျော်

# ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စံချိန်တင်မြင့်တက်



**မော်စကို နိုဝင်ဘာ ၂၆**

ရုရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၄၈၇ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံအတွင်း စုစုပေါင်းကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၈၇၉၈၀ အထိ ရှိလာခဲ့ကြောင်း ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရေးစင်တာမှ ယနေ့ ပြောကြားသည်။

တစ်ချိန်တည်းမှာပင် တစ်နေ့အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၂၄ ဦးရှိလာခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံအတွင်း သေဆုံးသူ စုစုပေါင်း ၃၈၀၆၂ ဦး ရှိလာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု များပြင်းထန်သည့် မော်စကိုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေမှာ ၅၇၇၁၇၇ ဦးအထိ ရှိလာခဲ့သည်။ ရုရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၌ ကမ္ဘာတွင် အဆင့်(၅) ဥရောပနိုင်ငံများ၌ ဒုတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဖြစ်သော Sputnik V နှင့် EpiVacCorona ဆေးများကို လက်တွေ့စမ်းသပ်မှုများပြုလုပ်နေပြီး အဆိုပါစမ်းသပ်မှုများကို ယခုနှစ်အကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် စီစဉ်ထားသည်။ လာမည့်နှစ်တွင် နိုင်ငံသားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသည့် အစီအစဉ်ကို စတင်ဆောင်ရွက်သွားရန်ရှိသည်ဟု ဒုတိယဝန်ကြီးချုပ် တက်ခ်ယာနာ ဂိုလီကိုဗာက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများ မကြာမီ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနိုင်တော့မည်ဟု ဥရောပကော်မရှင်အကြီးအကဲ ပြောကြား

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၆**

ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံမှ နိုင်ငံသားများအနေဖြင့် ခရစ္စမတ်ကာလတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ထိုးနှံခွင့်ရရှိတော့မည်ဟု ယူဆကြောင်း ဥရောပသမဂ္ဂမှ ပြောကြားသည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး(ထိုးဆေး) အရေအတွက် သန်းချီပြီး မိမိတို့နိုင်ငံများအတွင်းသို့ ဖြန့်ဖြူးနိုင်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းများကိုလည်း ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း ဥရောပကော်မရှင်အကြီးအကဲ ယူဆာလီယာ ဗွန်ဒါလီယန်က ပြောကြားခဲ့သည်။



မိမိတို့အနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိနိုင်မယ့် မျှော်လင့်ချက်ရောင်ခြည်ကို တွေ့နေရပြီဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံမှ နိုင်ငံသားများအနေဖြင့် ဒီဇင်ဘာလ မကုန်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနိုင်တော့မည်ဖြစ်ကြောင်း ဗွန်ဒါလီယန်က ဥရောပသမဂ္ဂမှ ဥပဒေပြုအမတ်များအား ပြောကြားခဲ့သည်။ ဥရောပကော်မရှင်အနေဖြင့် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်မည့် ကုမ္ပဏီ ခြောက်ခုနှင့် သဘောတူညီချက်များရရှိခဲ့ကြောင်း သိရသည်။ အဆိုပါသဘောတူညီချက်များအရ ဥရောပကော်မရှင်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး အရေအတွက် သန်း ၈၀၀ ကို ဝယ်ယူခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးစင်တာများနှင့် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများကို အသင့်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ဗွန်ဒါလီယန်က ပြောကြားသည်။ ဥရောပဒေသဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ကိုဗစ်-၁၉ လူနာများ ပြည့်နေပြီး လွန်ခဲ့သော သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် နေ့စဉ် သေဆုံးသူ ၃၀၀၀ ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းများကိုလည်း လိုက်နာကြရန်နှင့် ကိုဗစ်-၁၉ ဆိုင်ရာ ဖြေလျှော့မှုအများအပြား ပြုလုပ်ခြင်းအားဖြင့် ခရစ္စမတ်အပြီးကာလတွင် ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်လာနိုင်ကြောင်း ၎င်းက သတိပေးခဲ့သည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-စိုးသူရ**

# ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိမှသာ နယူးဒေလီမြို့ရှိ စာသင်ကျောင်းများအား ပြန်လည်ဖွင့်လှစ်မည်

**နယူးဒေလီ နိုဝင်ဘာ ၂၆**

ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးမှသာ နယူးဒေလီမြို့အတွင်းရှိ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်း ဒေလီမြို့ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး မာနစ်ရှ် ဆီဆိုဒီယာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးအခြေအနေအတွက် ဘေးကင်းလုံခြုံသည့်အချိန်မှသာ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်း ဆီဆိုဒီယာက ရုပ်သံလိုင်းတစ်ခုနှင့် အင်တာဗျူးတစ်ရပ်တွင် ပြောကြားခဲ့သည်။

နယူးဒေလီမြို့ရှိ စာသင်ကျောင်းများကို နိုင်ငံအတွင်းသို့ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့်အချိန် မတ်လကစပြီး ပိတ်ပင်ခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်နိုင်သည့် အချို့ပြည်နယ်များရှိ စာသင်ကျောင်းများကို မကြာသေးမီက ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သော်လည်း နယူးဒေလီမြို့ရှိ စာသင်ကျောင်းများကို ဆက်လက်ပိတ်ပင်ထားမည်ဖြစ်ကြောင်း ဆီဆိုဒီယာက ဆိုသည်။

နိုဝင်ဘာလကစပြီး နယူးဒေလီမြို့အတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လာခဲ့သည်။ နယူးဒေလီမြို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၄၀၅၄၁ ဦးရှိပြီး သေဆုံးသူ ၈၆၂၁ ဦး ရှိသည်။ အိန္ဒိယနိုင်ငံတစ်ဝန်း၌ နယူးဒေလီမြို့သည် ဗိုင်းရပ်စ်ကူးစက်မှု အများဆုံးမြို့ဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၂၆၆၇၀၅ ဦးရှိပြီး သေဆုံးသူ ၁၃၅၂၆၁ ဦးရှိသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသော ကမ္ဘာ့နိုင်ငံများအနက် အိန္ဒိယနိုင်ငံသည် အမေရိကန်ပြီးနောက် ဒုတိယမြောက် ဗိုင်းရပ်စ်ကူးစက်မှုအများဆုံးနိုင်ငံဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**



ဒေလီမြို့ ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး မာနစ်ရှ် ဆီဆိုဒီယာ

# ဆူဒန်ဝန်ကြီးချုပ်ဟောင်း ဆာဒစ် ယူအေအီးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်

**ဒူဘိုင်း နိုဝင်ဘာ ၂၆**

ဆူဒန်ဝန်ကြီးချုပ်ဟောင်း ဆာဒစ်အယ်လ်မာဒီမှာ ယူအေအီးနိုင်ငံ၌ ဆေးရုံတက်ပြီး သုံးပတ်အကြာတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်သွားခဲ့ကြောင်း မိသားစုနှင့် ပါတီထုတ်ပြန်ချက်တစ်ခုအရ သိရသည်။

အသက် ၈၄ နှစ်အရွယ် ဆာဒစ်မာဒီက ဆူဒန်နိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရသည့် နောက်ဆုံးဝန်ကြီးချုပ် ဖြစ်ခဲ့ပြီး သမ္မတဟောင်း အိုမာအယ်လ်ဘာရှားကို အာဏာရရှိစေခဲ့သည့် တပ်မတော်၏ အာဏာသိမ်းမှုတစ်ခုဖြစ်ခဲ့ရာ ၁၉၈၉ ခုနှစ်တွင် ရာထူးမှဖြုတ်ချခံခဲ့ရသည်။ ၁၉၈၉ ခုနှစ်တွင် သမ္မတဟောင်း ဘာရှား ရာထူးမှဖြုတ်ချခံရပြီးနောက် မာဒီက ဆူဒန်နိုင်ငံ၏ အကြီးမားဆုံးအတိုက်အခံ အွမ်မာပါတီ၌ ဩဇာရှိသောပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့သည်။ မာဒီ၌ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပြီး ဆူဒန်နိုင်ငံ၌ ခဏတာ ဆေးရုံတက်ပြီးနောက် ဆေးကုသရန် ယူအေအီးနိုင်ငံသို့ ပြောင်းရွှေ့ခဲ့ကြောင်း မိသားစုဝင်များက ပြောသည်။

ဆိုးရွားလာသော စီးပွားရေးအခြေအနေများကြောင့် ဆန္ဒဖော်ထုတ်မှုများ ဖြစ်ပွားနေစဉ် ပြည်ပ၌ တစ်နှစ်ကြာ ရှောင်တိမ်းခဲ့သည့် မာဒီက ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ဆူဒန်နိုင်ငံသို့ ပြန်လာခဲ့သည်။

**ကိုးကား-အိန္ဒိယတုဒေး၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အိန္ဒိယနိုင်ငံ၌ အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် တစ်ဦးသေဆုံးပြီး ပြည်သူသောင်းနှင့်ချီ နေအိမ်စွန့်ခွာ



**ပူဒူချယ်ရီ နိုဝင်ဘာ ၂၆**

ယနေ့အစောပိုင်းက အိန္ဒိယနိုင်ငံအရှေ့တောင်ဘက် ကမ်းရိုးတန်းဒေသများသို့ ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ သစ်ပင်ပြိုလဲမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဒေသခံပြည်သူ သောင်းနှင့်ချီ နေအိမ်စွန့်ခွာရကာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

နီဗာဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီ ၅ မိနစ်ခန့်က တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ နှုန်းဖြင့် ပူဒူချယ်ရီဒေသအနီး ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ဒေသဆိုင်ရာအာဏာပိုင်များသည် နီဗာဆိုင်ကလုန်း အိန္ဒိယနိုင်ငံသို့ ဝင်ရောက်ချဉ်းကပ်လာစဉ်ကတည်းက မဟာလျှပ်စစ်ဓာတ်အားလိုင်း ထိခိုက်ပျက်စီးမှုမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် နိုင်ငံ၏ တောင်ဘက် တမီးလ်နာဒူ၊ အင်ဒရာပရာဒေ့ရှ်နှင့် ပူဒူချယ်ရီ စသည့်ပြည်နယ်နှင့် ဒေသများရှိ မြို့ကြီးများတွင် လျှပ်စစ်ဓာတ်အားလိုင်းများကို ဖြတ်တောက်ထားသည်။ ထို့ပြင် ဆိုင်ကလုန်းမုန်တိုင်း ဖြတ်သန်းနိုင်ဖွယ်ရှိသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြည်နယ်နှင့် အမျိုးသားကူညီကယ်ဆယ်ရေးဝန်ထမ်းထောင်နှင့်ချီ အဆင်သင့် ဖြန့်ကြက်ထားကြောင်း သိရသည်။

တမီးလ်နာဒူပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခြံဝင်းအုတ်တံတိုင်း ပြိုကျမှုဖြစ်ပွားကာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြထားသည်။ ထို့ပြင် ပြည်နယ်၏ မြို့တော် ချင်နိုင်းရှိ လေဆိပ်များမှ လေယာဉ်ပျံသန်းလုပ်ဆောင်မှုနှင့် ဒေသအတွင်းပြေးဆွဲသည့် ရထားလိုင်းများကိုလည်း ယနေ့ နံနက်ပိုင်းအထိ ပိတ်ထားသည်။

နီဗာမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်၌ တိုက်ခတ်စဉ် အလွန်အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အဆင့်သတ်မှတ်ထားသော်လည်း အိန္ဒိယနိုင်ငံတောင်ဘက် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အားပျော့သွားကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောကြားသည်။ အဆိုပါမုန်တိုင်းသည် နာရီအနည်းငယ်အတွင်း နိုင်ငံ၏ မြောက်ဘက်သို့ ဦးတည်ရွေ့လျားသွားကာ ပိုမိုအားပျော့သွားကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်အကဲဖြတ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

(၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "နိုင်ငံ၏ တန်ဖိုး လူမျိုး၏ ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်အကဲဖြတ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်အကဲဖြတ်ခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနာယက ဒါရိုက်တာ ပန်းချီစိုးမိုးနှင့် ဥက္ကလာထွန်းရွှေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(ရုပ်ရှင်) ဦးရဲလင်းမြင့်၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များဖြစ်ကြသည့် ဒေါက်တာမြင့်သိန်းဖေ၊ ဦးမိုးမင်း၊ ဦးအောင်ကျော်မိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးအောင်ကျော်ထက်တို့က ပြိုင်ပွဲဝင်ဓာတ်ပုံများ စိစစ်အကဲဖြတ်ခြင်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်အကဲဖြတ်ကြသူများက ပြိုင်ပွဲဝင်ဓာတ်ပုံများထဲမှ အကြိုက်ဆုံးဓာတ်ပုံ ၁၅ ပုံ ခန့်ရွေးချယ်၍ ထိုပုံများထဲမှ အကြိုက်တူညီမှုများသည့် ဓာတ်ပုံများကို အဆင့်ဆင့် စိစစ်ရွေးချယ်ကာ ဆုရဓာတ်ပုံများအဖြစ် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု ငါးဆုအပါအဝင် စုစုပေါင်းဆုရှစ်မျိုးကို သတ်မှတ်ရွေးချယ်ကြသည်။

## ပါဝင်ယှဉ်ပြိုင်

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ၂၀၉ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံ ၁၁၁၆ ပုံ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားတို့၏စည်းလုံးညီညွတ်မှုများ၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှုများ၊ နိုင်ငံသားတို့၏ စည်းကမ်းပြည့်ဝမှုများနှင့် လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးတိုင်းဒေသကြီး သရက်မြို့၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအား ကိုဗစ်-၁၉ အလွန်တွင် ဖွင့်လှစ်ရန် စီစဉ်ထားရှိ



**နေပြည်တော် နိုဝင်ဘာ ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအား ပခုက္ကူခရိုင်ဦးစီးမှူး ဦးဆန်းလင်းက ယနေ့နံနက် ၁၀ နာရီခွဲတွင် သွားရောက်ပြီး ကျောင်းသားနစ်ထပ်အိပ်ဆောင်၊ အုပ်ချုပ်မှုရုံး၊ ကျောင်းသားနှစ်ထပ်စားရိပ်သာ၊ နှစ်ထပ်ခန်းမဆောင်၊ ဝန်ထမ်းအိမ်ရာ၊ ရေချိုးခန်း၊ သန့်စင်ခန်းနှင့် စာကြည့်တိုက်တည်ဆောက်ပြီးစီးခဲ့မှုများအား ကြည့်ရှုစစ်ဆေး၍ ကိုဗစ်-၁၉ ကာလအလွန် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် သရက်ခရိုင်အတွင်းမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော ပဥ္စမတန်း (Grade-6) နှင့် ဆဋ္ဌမတန်း (Grade-7) ကျောင်းသား ကျောင်းသူများအား စတင်လက်ခံပြီး ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသအသီးသီးရှိ တိုင်းရင်းသားလူငယ်များ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ မသင်ကြားရခြင်းများမရှိစေရေးအတွက် သက်ဆိုင်ရာဒေသများသို့ တာဝန်ရှိသူများ ကွင်းဆင်းလျက် တိုင်းရင်းသားလူငယ်များအား မိဘမဲ့၊ မိမဲ့ ဖမဲ့၊ ဆင်းရဲနွမ်းပါးဦးစားပေးအစီအစဉ်ဖြင့် စုစည်းရွေးချယ်ပြီး အခြေခံပညာရပ်များ သင်ကြားစေ၍ ကျောင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပြန်လည်ဆောင်ရွက်ကြမည့် မျိုးဆက်သစ်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစ၍ ယနေ့ထိတိုင်းဒေသကြီး၊ ပြည်နယ်များတွင် သင်တန်းကျောင်း ၄၅ ကျောင်း ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၆၇၀၀၉ ဦး ပြုစုပျိုးထောင်လေ့ကျင့်ပေးခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူ ကျောင်းသား ကျောင်းသူ ၃၁၆၃ ဦးတို့အား တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ ဆက်လက်တက်ရောက်စေခဲ့ပြီး ဘွဲ့၊ ဒီဂရီရရှိပြီးသည့် ၁၃၂၁ ဦးတို့အား အလုပ်တာဝန် ခန့်အပ်ပေးခဲ့ကာ ပြင်ပစီးပွားရေးလုပ်ကိုင်သူ ၁၉၈ ဦးနှင့် ကျောင်းတက်ရောက်ဆဲ ၁၆၄၄ ဦးရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပညာရေးအခြေခံမူဝါဒများဖြစ်သည့် မည်သည့်ခွဲခြားမှုမျှမရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးနှင့် ကျောင်းထွက်သူမရှိစေရေးစသည့် မူဝါဒများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဒုတိယဆုရရှိသည့် အိအိမော်(ယဉ်ကျေးမှု) ရေးသားသော "ပြတိုက်ကပြောသော တိုင်းရင်းသားယဉ်ကျေးမှု" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ယဉ်ကျေးမှုပြတိုက်အကြောင်းကို အခြေခံ၍ရေးသားထားသည်။ ပြတိုက်သမိုင်းကြောင်းနှင့် ပြတိုက်ရှိတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုနှင့် လူမှုဘဝပုံစံများ၊ ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင်များနှင့် ကချင်ပြည်နယ်တွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသားလူမျိုးနွယ်စုဝင်များထဲမှ တိုင်းလိုင်၊ တိုင်းလေ၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခမ်းတီး တိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာစာပေ၊ ဓလေ့ထုံးစံ၊ ရိုးရာပွဲတော်များအကြောင်းကို ကျမ်းအကိုးအကားများဖြင့် ဗဟုသုတဖြစ်ဖွယ် ဖော်ညွှန်းရေးဖွဲ့ထားပါသည်။ ကချင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းရေးအတွက် ထိရောက်စွာ အထောက်အကူပြုနိုင်မည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါ စာအုပ်ကို ရောင်းဈေး ၁၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ - ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၂၈ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဝေဒဗ္ဗမန္တန် တတ်မြောက်သည့်ပုဏ္ဏားသည် တပည့်ဘုရားလောင်း၏ စကားကို နားမထောင်သောကြောင့် အသက်ဆုံးရှုံးသွားရပုံ အကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းဝင်းမြင့်အောင်၏ "ဝေဒဗ္ဗမန္တန်" မျက်နှာဖုံးကာတွန်း၊ တန်ဆောင်မုန်းလတွင် ကျင်းပလေ့ရှိသော မြန်မာ့ရိုးရာပွဲတော်အကြောင်းကို ရေးဖွဲ့ထားသည့် "တန်ဆောင်မုန်းလနှင့် ရိုးရာပွဲတော်များ" သုတဆောင်းပါး၊ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် လျော့ကျသွားခြင်းမရှိဘဲ ဆက်လက်တိုးပွားနေသဖြင့် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို ပေါ့လျော့မသွားဘဲ ဆက်လက်လိုက်နာသွားရန်လိုအပ်ကြောင်း ရေးဖွဲ့ထားသည့် "ကိုဗစ်-၁၉ ကာကွယ်ရေးကို ဆက်လက်လုပ်ဆောင်ကြမယ်" သုတဆောင်းပါး၊ ကလေးတို့အတွက် ဉာဏ်ရည်ထက်မြက်စေပြီး ပြဿနာများကို မြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်ရန်အတွက် အထောက်အကူပြုသော ရုပ်ပုံများနှင့် တင်ဆက်ထားသည့် "ဘယ်သူမျက်စိပိုလျင်သလဲ" ဉာဏ်စမ်းကဏ္ဍ၊ ကြွက်ကလေးက ကြောင်ကြီးကို လှည့်စားထားသည့် အကြောင်းကို ဟာသဖြစ်ဖွယ်ရေးဖွဲ့ထားသည့် "လှည့်စား" နှစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်များသည် လူများကို အကူအညီပေးတတ်ပြီး ချစ်စရာကောင်းသည့်အကြောင်းကို ရေးဖွဲ့ထားသည့် "ပူစီလေးကို ချစ်တယ်" ကလေးဝတ္ထု၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရဌာနများ၏ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များကို Myanmar National Portal၊ Facebook Page နှင့် Mobile Application တို့မှတစ်ဆင့် ပြည်သူများ အလွယ်တကူ ရယူသုံးစွဲနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

အစိုးရဌာနများ၏ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များကို Myanmar National Portal၊ Facebook Page နှင့် Mobile Application တို့မှတစ်ဆင့် ပြည်သူများ အလွယ်တကူ ရယူသုံးစွဲနိုင်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနမှ သိရသည်။

**စုံစုံလင်လင်ရရှိနိုင်**

"အစိုးရနဲ့ ထိတွေ့ဆက်ဆံနေရတဲ့ ပြည်သူတွေဟာ အစိုးရနဲ့ထိတွေ့ ဆက်ဆံဖို့အတွက် လိပ်စာတွေ ဥပမာဆိုရင် ဌာနတွေရဲ့ဝက်ဘ်ဆိုက်လိပ်စာ တိုင်း ရှာဖွေအသုံးပြုနေရမယ့်အစား Portal လို့ခေါ်တဲ့ ဝင်ပေါက်တစ်ခု တည်းကနေပြီး လွယ်လွယ်ကူကူ ဆက်သွယ်ဆောင်ရွက်ခွင့်ရရှိသွားမယ်။ ဒါကြောင့် All Inclusive ဖြစ်လာမယ်။ နိုင်ငံသားတွေအတွက်တင်မကဘဲ နိုင်ငံတော်အစိုးရအတွက်ပါ နှစ်ဦးနှစ်ဖက်လုံး အကျိုးကျေးဇူး အများကြီး ရရှိနိုင်ပါတယ်။ တစ်နေရာတည်းကနေ information တွေ စုံစုံလင်လင် ရရှိနိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီ Portal ကို တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။

"Portal ပေါ်မှာဆိုရင် ပြည်သူတွေက သိချင်တဲ့ အချက်အလက်တွေ ဖြစ်တဲ့ အရေးပေါ်ကြေညာချက်တွေ၊ အရေးပေါ်ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ၊ မိုးလေဝသအခြေအနေတွေ၊ ပြီးတော့ အစိုးရဌာနအသီးသီးကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်တွေ၊ လိပ်စာတွေ၊ အစိုးရဌာနတွေက ခေါ်နေတဲ့ တင်ဒါတွေ၊ အလုပ်ခေါ်စာတွေ၊ ဝန်ဆောင်မှုတွေ၊ ဒီဝန်ဆောင်မှုတွေကို လျှောက်ဖို့အတွက် လျှောက်လွှာဖောင်ပုံစံတွေ၊ အွန်လိုင်းကနေ လျှောက်လို့ရတဲ့ အွန်လိုင်းလျှောက်လွှာတွေ ဒီလို information မျိုးတွေ ရရှိနိုင်မယ်။

"နောက်ပြီးတော့ အစိုးရဌာနတွေကတင်ထားတဲ့ Document တွေကို ရရှိနိုင်တယ်။ ဒီလိုမျိုး ကဏ္ဍစုံစုံလင်လင်ကို ဒီ Portal ကနေ တစ်နေရာတည်းမှာ လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန် ရရှိနိုင်မယ်။ ပြည်သူတွေကလည်း ပါဝင်ပြီးတော့ ဆွေးနွေးနိုင်မယ်။ အစိုးရက ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေကို ပြည်သူတွေက ရယူနိုင်ရုံတင်မက ပြည်သူကပါ ပါဝင်ပြီးတော့ ဆွေးနွေးနိုင်မယ့် ကဏ္ဍတွေ၊ ဥပမာဆိုရင် Blog၊ Discussion၊ Poll၊ Survey လိုမျိုး ကဏ္ဍတွေအများကြီး Portal မှာ စုံစုံလင်လင်နဲ့ ထည့်ပေးထားပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်က ပြောကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်၍ အစိုးရအဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများ၊ တင်ဒါများ၊ သတင်းအချက်အလက်များနှင့် Website များကို ပြည်သူလူထုမှ တစ်နေရာတည်းတွင် လွယ်ကူစွာရယူအသုံးပြုနိုင်ရန်အတွက် Myanmar National Portal အား အင်တာနက်လိပ်စာ www.myanmar.gov.mm ဖြင့် လွှင့်တင်ထားပြီးဖြစ်သည်။

**ပွင့်လင်းမြင်သာမှုပိုပြီးရရှိလာ**

"Portal ပေါ်ကနေ အစိုးရရဲ့ သတင်းအချက်အလက်တွေကို ဖြန့်ဖြူးပေးနေတာကို ပြည်သူတွေကြားထဲ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသွားစေဖို့ Facebook Page ပေါ်ကနေလည်း Portal ပေါ်က သတင်းတွေကို အချိန်နှင့် တစ်ပြေးညီ တင်ပေးနေပါတယ်။ ဒီစာမျက်နှာရဲ့ Comment တွေကနေတစ်ဆင့် ပြည်သူတွေက မေးလာတဲ့ မေးခွန်းတွေကိုလည်း ဖြေကြားပေးနေတဲ့အတွက်ကြောင့်မို့လို့ အစိုးရနဲ့ ပြည်သူတွေကြားထဲမှာ ပွင့်လင်းမြင်သာမှုတွေ ပိုပြီးရရှိလာတယ်။ ပြည်သူတွေရဲ့ ကျေနပ်မှုကိုလည်း အစိုးရအနေနဲ့ ပိုပြီးရရှိလာတယ်" ဟုလည်း ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်က ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများ၊ တင်ဒါများ၊ သတင်းအချက်အလက်များနှင့် Website များကို ပြည်သူများ ပိုမိုလွယ်ကူစွာ ရယူအသုံးပြုနိုင်ရန်အတွက် Myanmar National Portal ၏ Facebook Page နှင့် Mobile Application တို့ကို စီစဉ်ထားရှိပြီးဖြစ်သည်။

အဆိုပါ Mobile Application ကို Google Play Store (Android)၊ App Store (iOS) နှင့် AppGallery (Huawei) တို့တွင် လွှင့်တင်ထားပြီးဖြစ်ရာ Android ဖုန်းများအတွက် https://bit.ly/3pj1SVF ၊ iOS ဖုန်းများအတွက် https://bit.ly/3eGW2s0 နှင့် Huawei ဖုန်းများအတွက် https://bit.ly/3656SVZ (သို့) QR Code ကို Scan ဖတ်၍ Download ရယူအသုံးပြုနိုင်မည်ဖြစ်သည်။

ထို့အပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website (www.motc.gov.mm)၊ Myanmar National Portal ၏ Website (www.myanmar.gov.mm) နှင့် Facebook Page (www.facebook.com/ myanmarnationalportal) တို့တွင်လည်း Download ရယူအသုံးပြုနိုင်ပြီဖြစ်သည်။

Myanmar National Portal Mobile App တွင် အစိုးရ၏ဝန်ဆောင်မှုများ၊ လျှောက်လွှာပုံစံများ၊ တင်ဒါများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ နောက်ဆုံးရ သတင်းများ၊ မိုးလေဝသသတင်းများ၊ အရေးပေါ်ဆက်သွယ်ရန် ဖုန်းများ၊ Covid-19 နှင့်ပတ်သက်သည့် အချက်အလက်များ၊ အစိုးရဌာန လမ်းညွှန်၊ အရေးပေါ်ကြေညာချက်များ၊ အပြည်ပြည်ဆိုင်ရာငွေကြေး လဲလှယ်မှုနှုန်းထားများ၊ လာမည့်အစိုးရ ရုံးပိတ်ရက်များ၊ သတင်းစာများ၊ ဘလော့ဂ်များ၊ ဆွေးနွေးရေးကဏ္ဍများ၊ မဲဆန္ဒနှင့် စစ်တမ်းများနှင့် မြန်မာအကြောင်း၊ အစိုးရအဖွဲ့အစည်းများအကြောင်း၊ အကြံပြုရန် စသည့် ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်သည်။

"ပြည်သူတွေအနေနဲ့ Portal ကို ဝင်ရောက်အသုံးပြုတဲ့ အရေအတွက်က ရှစ်သန်းကျော်အထိ ရှိလာတယ်။ တော်တော်ကြီးကို ပြည်သူတွေ အသုံးပြုလာတယ်။ Portal ကိုအသုံးပြုတာတွေ များလာသလို မိုဘိုင်းဖုန်းကို အသုံးပြုမှုကလည်း တော်တော်ကို တိုးတက်များပြားလာပါတယ်။ ဒါကြောင့် Mobile App ကို ဘယ်လို စီစဉ်ထားသလဲဆိုတော့ iOS ရယ်၊ Android ရယ်၊ Huawei ဖုန်းတွေမှာရယ် ဒီသုံးခုမှာ အသုံးပြုနိုင်အောင် စီစဉ်ပေးထားတယ်။ QR Scan ဖတ်ပြီးတာနဲ့ တစ်ခါတည်း တိုက်ရိုက် Download ဆွဲလို့ရအောင် QR Scan ဖတ်လို့ရတဲ့ စနစ်ကိုလည်း ဖန်တီးပေးထားပါတယ်။ Login Page မှာဆိုရင် ပထမဦးဆုံး Announcement ပေါ့၊ Announcement မှာ Skip ဆိုတာ နှိပ်လိုက်ရင် Register Page ကို စတွေ့ရမှာ ဖြစ်ပါတယ်။ Mobile App ကနေ Portal ကို Login ဝင်ဖို့အတွက်ကျတော့ သုံးမျိုးရှိပါတယ်။ Register လုပ်ရမယ့် နေရာ၊ Facebook နဲ့ Login ဝင်တဲ့နေရာနဲ့ Guest အနေနဲ့ Login ဝင်လို့ရတဲ့နေရာဆိုပြီး သုံးမျိုးဖြစ်ပါတယ်။ Sign In with Facebook နဲ့ Continuous as a Guest က Register လုပ်စရာမလိုဘဲနဲ့ Portal ထဲကို တိုက်ရိုက်တစ်ခါတည်း ဝင်သုံးနိုင်အောင် လုပ်ထားတာပါ။ Register လုပ်တာနဲ့ မလုပ်တာ ကွာခြားမှုရှိပါတယ်။ Register မလုပ်ရင် Blog တို့၊ Discussion တို့ ၊ Voting တို့ ၊ Service တို့ ဒီဟာတွေကို သုံးလို့မရဘူး။ ဒီကဏ္ဍ ၄ ခုကိုတော့ Register လုပ်တဲ့သူကပဲ သုံးလို့ရမှာပဲဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်က ရှင်းပြသည်။

**ရှင်မင်း**

# ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဘူမိသိပ္ပံဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဘူမိသိပ္ပံဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမတွင် Zoom Video Conference ပုံစံဖြင့် ကျင်းပသည်။

**အမှာစကားပြောကြား**

အဆိုပါ စာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။ အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသောင်းထိုက်နှင့် ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာစုန်ဟန်တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် ရည်ရွယ်ကျင်းပသည့် ဘူမိသိပ္ပံဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲတွင် ဘူမိဗေဒဘာသာရပ်ဆိုင်ရာ သုတေသန စာတမ်းကိုးစောင်အား ဖတ်ကြားတင်သွင်းခဲ့ကြောင်း သိရသည်။

ဘူမိဗေဒဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းကိုးစောင်တွင် "Geopark (ဘူမိဗေဒဥယျာဉ်)နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ရှေ့ဆက်ဆောင်ရွက်မည့်အလားအလာ၊ မြန်မာနိုင်ငံရှိ စီးပွားဖြစ်သတ္တုရိုင်း သိုက်များအကြောင်း၊ တောင်ကြီးဒေသ၏ မြေအောက်ရေစီးဆင်းမှုနှင့် ရေအရည်အသွေးပိုင်းဆိုင်ရာများ၊ ဧရာဝတီဆင်စုဒေသမှ ရရှိသည့် ကျောရိုးရှိသတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိချက်များ၊ အင်ဂျင်နီယာဘူမိဗေဒပိုင်းဆိုင်မှာ ဆည်မြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများရှိ အောက်ခံကျောက်များ၊ ဧရာဝတီကမ်းလွန်ပင်လယ်ပြင် အနည်များမှ ရရှိလာသည့် အဏုကျောက်ဖြစ်ရုပ်ကြွင်းများ၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်တစ်မြို့နယ်အား ရွေးချယ်စာတမ်းပြုစုထားသည့် ရေကြီးရေလျှံမှုကို ဘယ်လိုဖြေရှင်းကြမလဲ၊ ကရင်ပြည်နယ်တွင် တွေ့ရှိရသည့် ဂေါဒန်ကျောက်များ



ရင်းမြစ်တင်ပြမှု၊ ရေနံဘူမိဗေဒနှင့်သက်ဆိုင်သည့် ရွှေစက်တော်ကျောက်လွှာစု၏ ကျောက်သားဆိုင်ရာ အရည်အသွေးနှင့် ရေနံခိုအောင်းနိုင်မှု စသည့် စာတမ်းများကို တင်သွင်းဖတ်ကြားခဲ့ကြောင်း စာတမ်းဖတ်ပွဲ သဘာပတိအဖြစ် ဆောင်ရွက်သူ ရန်ကုန်တက္ကသိုလ်၊ ဘူမိဗေဒဌာန၊ ပါမောက္ခ (ဌာနမှူး) ဒေါက်တာဒေဝအောင်ထံမှ သိရသည်။

**အထိမ်းအမှတ်လှုပ်ရှားမှု**

ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာနသည် ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုတွင် နိုင်ငံတကာ စာတမ်းဖတ်ပွဲ (International Conference) ကို ကျင်းပခဲ့ပြီး ယနေ့ကျင်းပသည့် ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲသည် ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် လှုပ်ရှားမှုတစ်ခုအဖြစ် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို Zoom application သုံးပြီး ကျင်းပတဲ့အခါ နိုင်ငံတကာက ပညာရှင်တွေပါ တက်ရောက်တာ မြင်ရတယ်။ ပညာရပ်ဖွံ့ဖြိုးတိုးတက်ရင် တက္ကသိုလ်လည်း ဖွံ့ဖြိုးတိုးတက်မှာမို့ အများကြီးအထောက်အကူပြုတဲ့ စာတမ်းဖတ်ပွဲဖြစ်ပါတယ်" ဟု ဒေါက်တာဒေဝအောင်က ပြောသည်။

စာတမ်းတင်သွင်းဖတ်ကြားသူများတွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ပါရဂူတန်း တက်ရောက်နေသည့် ပါရဂူ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ဆရာကြီးများနှင့် ဘူမိဗေဒဘာသာရပ်ကို လေ့လာလိုက်စားနေသည့် ပညာရှင်များ ပါဝင်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၂၆**

၂၀၂၁ ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "နိုင်ငံ၏တန်ဖိုး လူမျိုး၏ ဂုဏ်သိက္ခာ" ဟူသော ခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပခဲ့သည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုများ၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှုများ၊ နိုင်ငံသားတို့၏ စည်းကမ်းပြည့်ဝမှုများနှင့် လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရန် စက်တင်ဘာ ၁၀ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ဖိတ်ခေါ်ကျင်းပခဲ့သည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပညာရှင် ၂၀၉ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၁၁၁၆ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု မကေရီပြည်စိုး၊ ဒုတိယဆု တင်ထွဋ်နိုင်၊ တတိယဆု မျိုးမင်းကြွယ် (ရွှေတောင်ကြား)တို့က ရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် နိုင်ထွန်းလတ်၊ လှမိုးနိုင် (Ko Sat)၊ စိုင်းသူ (တောင်ကြီး)၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)၊ ဇော်ဇော်ကောင်းစံတို့က အသီးသီးဆုများ ရရှိကြသည်။ ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲ ကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၆၁၉ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၅-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၁၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၆၁၉) ဦး တွေ့ရှိရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၆-၁၁ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၃၀၉) ခု | (၁၈၀) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၇၇) ခု | (၉၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၁,၃၇၁) ခု | (၁၄၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဖော်လမြိုင်) | (၂၈၂) ခု | (၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၆၂၈) ခု | (၄) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၃၄၆) ခု | (၄၇) ဦး |
| ရန်ကုန်မြို့ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၃) ခု | - |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၁) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၀၉) ခု | (၃၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၆၀) ခု | (၂၄၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၁၄၂) ခု | (၈၇၆) ဦး |
| စုစုပေါင်း | (၂၀,၁၁၈) ခု | (၁,၆၁၉) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၀,၁၁၈) ဦး | (၁,၀၉၆,၅၀၀) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၆၁၉) ဦး | (၈၅,၂၀၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၂၇၉) ဦး | (၆၄,၆၄၅) ဦး |
| သေဆုံးလူနာ | (၃၆) ဦး | (၁,၈၄၆) ဦး |

- ယနေ့ သေဆုံးသူ (၃၆) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID-19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၃) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၂၇၉) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၄၀၉) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၈၇၀) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၂၀၆) ဦးတွင်-
  - Hotel Quarantine - (၁၄၃) ဦး
  - Facility Quarantine - (၃၅၀) ဦး
  - Community Based Facility Quarantine - (၆၃၁) ဦး
  - Anosmia Center - (၈၂) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၁၄၀၅၂၆ | ၇၈၀၈၀၅၉ | ၂၆၈၂၇၉ |
| ၂။ | အိန္ဒိယ | ၉၂၆၉၈၆၁ | ၈၆၈၀၇၃၉ | ၁၃၅၂၉၆ |
| ၃။ | ဘရာဇီး | ၆၁၆၆၈၉၈ | ၅၅၁၂၈၄၇ | ၁၇၀၇၉၉ |
| ၄။ | ရုရှား | ၂၁၈၇၉၉၀ | ၁၆၈၅၄၉၂ | ၃၈၀၆၂ |
| ၅။ | ပြင်သစ် | ၂၁၇၀၀၉၇ | ၁၅၆၅၅၂ | ၅၀၆၁၈ |
| ၆။ | စပိန် | ၁၆၂၂၆၃၂ | စိစစ်ဆဲ | ၄၄၀၃၇ |
| ၇။ | ဗြိတိန် | ၁၅၅၇၀၀၇ | စိစစ်ဆဲ | ၅၆၅၃၃ |
| ၈။ | အီတလီ | ၁၄၈၀၈၇၄ | ၆၃၇၁၄၉ | ၅၂၀၂၈ |
| ၉။ | အာဂျင်တီးနား | ၁၃၉၀၃၈၈ | ၁၂၁၇၂၈၄ | ၃၇၇၁၄ |
| ၁၀။ | ကိုလံဘီယာ | ၁၂၇၀၉၉၁ | ၁၁၇၄၉၅၉ | ၃၅၈၆၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၅၁၆၇၅၃ | ၄၃၃၆၄၉ | ၁၆၃၅၂ |
| ၂။ | ဖိလစ်ပိုင် | ၄၂၄၂၉၇ | ၃၈၇၂၆၆ | ၈၂၄၂ |
| ၃။ | မြန်မာ | ၈၅၂၀၅ | ၆၄၆၄၅ | ၁၈၄၆ |
| ၄။ | မလေးရှား | ၆၀၇၅၂ | ၄၉၀၅၆ | ၃၄၈ |
| ၅။ | စင်ကာပူ | ၅၈၁၉၅ | ၅၈၀၉၁ | ၂၈ |
| ၆။ | ထိုင်း | ၃၉၄၂ | ၃၇၈၈ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၃၃၁ | ၁၁၆၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၇ | ၂၉၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၅၀ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၃၉ | ၂၄ | ၀ |



## အခြေခံကျန်းမာရေးကောင်းဖို့အရေးကြီး



မကြာခင်ကာလမှာ ရုပ်မြင်သံကြားကနေတစ်ဆင့် အွန်လိုင်းကနေပြီး ကျန်းမာရေးကောင်းဖို့အတွက် ရည်ရွယ်ထားတဲ့ အကပြိုင်ပွဲတွေလည်းလုပ်ဖို့ စီစဉ်နေပါတယ်။ ပြည်သူတွေအနေနဲ့ အကတော်ရင် ဆုလည်းရနိုင်တယ်။ ဒါလုပ်ခြင်းအားဖြင့် စိတ်သက်သာမှုလည်း ရနိုင်တယ်။ ကျန်းမာရေးလည်း ပိုပြီးတိုးတက်နိုင်ပါတယ်။ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ ကျွန်မအကြိမ်ကြိမ်အခါခါ ပြောပါတယ်။ အခြေခံကျန်းမာရေးကောင်းတဲ့ ပုဂ္ဂိုလ်များဟာ ဒီရောဂါရရင်တောင်မှ သိပ်ပြီးပြင်းပြင်းထန်ထန်မခံစားရပါဘူး။ ဒါကြောင့် အခြေခံကျန်းမာရေးကောင်းဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်မတို့ နိုင်ငံမှာသာမက တခြားနိုင်ငံတွေမှာလည်း အခုတွေ့လာရတာတော့ ဆီးချိုရောဂါသည်များဟာ ကိုဗစ်ရောဂါကို သိပ်ပြီးတော့ သတိထားရပါလိမ့်မယ်။ ဆီးချိုရောဂါအခံရှိတယ်ဆိုရင် ကိုဗစ်ရောဂါရတဲ့အခါ ပြင်းထန်တတ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိတဲ့ပြည်သူတွေ တော်တော်များပါတယ်။ ဒါကတော့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အားနည်းချက်တွေ ရှိခဲ့လို့ပါ။ ကျွန်မတို့ ဒါတွေကိုလည်း ပြုပြင်ပြောင်းလဲဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီလိုအခြေခံကျန်းမာရေး ကောင်းတယ်ဆိုတာ နေ့ချင်း၊ ညချင်း မဖြစ်သွားပါဘူး။ နှစ်ပေါင်းများစွာ။ ပြောရမယ်ဆိုရင် အမိဝမ်းတွင်းကတည်းက စတယ်လို့တောင် ပြောလို့ရပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်မိခင်များကို ကလေးသန္ဓေတည်တာနဲ့ စပြီးတော့ ဂရုစိုက်ရတယ်။ ကလေးလွတ်တဲ့အထိ အထူးဂရုစိုက်ပြီးတော့ ပံ့ပိုးတာတွေ လုပ်နေတာဖြစ်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆-၁၁-၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၅-၁၁-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၃၀) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၈၃ |
| | | မင်္ဂလာဒုံ | ၆၇ |
| | | ရွှေပြည်သာ | ၄၃ |
| | | သန်လျင် | ၄၃ |
| | | အင်းစိန် | ၃၅ |
| | | တာမွေ | ၃၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၂ |
| | | လှိုင်သာယာ | ၃၀ |
| | | သင်္ဃန်းကျွန်း | ၃၈ |
| | | ကမာရွတ် | ၂၉ |
| | | [illegible] | ၂၆ |
| | | တောင်ဥက္ကလာပ | ၂၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃ |
| | | ဆင်ချောင်း | ၂၂ |
| | | မရမ်းကုန်း | ၁၉ |
| | | သာကေတ | ၁၈ |
| | | မင်္ဂလာတောင်ညွန့် | ၁၈ |
| | | လှိုင် | ၁၆ |
| | | ဒေါပုံ | ၁၄ |
| | | ဒလ | ၁၄ |
| | | ဒဂုံဆိပ်ကမ်း | ၁၄ |
| | | ကျောက်တန်း | ၁၃ |
| | | ကျောက်တံတား* | ၁၃ |
| | | ဗိုလ်တထောင် | ၁၁ |
| | | ရန်ကင်း | ၉ |
| | | ဗဟန်း | ၈ |
| | | အလုံ | ၈ |
| | | လသာ | ၈ |
| | | ခရမ်း | ၇ |
| | | ပုဇွန်တောင် | ၆ |
| | | ကော့မှူး | ၆ |
| | | ဒဂုံ | ၆ |
| | | သုံးခွ | ၆ |
| | | လမ်းမတော် | ၅ |
| | | ထန်းတပင် | ၅ |
| | | ကိုကိုးကျွန်း | ၄ |
| | | တွံတေး | ၄ |
| | | ကြည့်မြင်တိုင် | ၃ |
| | | လှည်းကူး | ၃ |
| | | ကွမ်းခြံကုန်း | ၂ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၇၈၈ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံ | ၅၇ |
| | | မဟာအောင်မြေ | ၄၀ |
| | | အောင်မြေသာဇံ | ၄၀ |
| | | ပြည်ကြီးတံခွန် | ၂၇ |
| | | ချမ်းမြသာစည် | ၂၆ |
| | | အမရပူရ | ၂၆ |
| | | ပုသိမ်ကြီး | ၇ |
| | | မတ္တရာ | ၅ |
| | | မိတ္ထီလာ | ၂ |
| | | မိုးကုတ် | ၂ |
| | | ညောင်ဦး | ၂ |
| | | [illegible] | ၂ |
| | | တောင်သာ | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | ကျောက်ဆည် | ၁ |
| | | စုစုပေါင်း | ၂၃၉ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၀ |
| | | ပြည် | ၈ |
| | | သာယာဝတီ | ၈ |
| | | ကျောက်တံခါး | ၆ |
| | | ဝေါ | ၅ |
| | | ညောင်လေးပင် | ၅ |
| | | ရေတာရှည် | ၄ |
| | | ပန်းတောင်း | ၃ |
| | | ကျောက်ကြီး | ၂ |
| | | နတ်တလင်း | ၂ |
| | | ပေါင်းတည် | ၂ |
| | | ရွှေတောင် | ၁ |
| | | သနပ်ပင် | ၁ |
| | | ကဝ | ၁ |
| | | မိုးညို | ၁ |
| | | စုစုပေါင်း | ၈၉ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဟင်္သာတ | ၂၆ |
| | | ဒေးဒရဲ | ၁၂ |
| | | မြောင်းမြ | ၈ |
| | | ပုသိမ် | ၇ |
| | | လပွတ္တာ | ၇ |
| | | ကျိုက်လတ် | ၅ |
| | | [illegible] | ၃ |
| | | ညောင်တုန်း | ၃ |
| | | ကျုံပျော် | ၃ |
| | | ဇလွန် | ၂ |
| | | မအူပင် | ၁ |
| | | ဖျာပုံ | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | ဘိုကလေး | ၁ |
| | | စုစုပေါင်း | ၈၃ |
| ၅။ | မွန်ပြည်နယ် | သထုံ | ၁၉ |
| | | မော်လမြိုင် | ၁၄ |
| | | ကျိုက်ထို | ၁၁ |
| | | ပေါင် | ၂ |
| | | မုဒုံ | ၁ |
| | | စုစုပေါင်း | ၄၇ |
| ၆။ | ရခိုင်ပြည်နယ် | ဘူးသီးတောင် | ၈ |
| | | စစ်တွေ | ၆ |
| | | အမ်း | ၅ |
| | | ကျောက်ဖြူ | ၄ |
| | | ကျောက်တော် | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၇ |
| | | ပုလဲ | ၄ |
| | | ယင်းမာပင် | ၃ |
| | | [illegible] | ၂ |
| | | ရွှေဘို | ၂ |
| | | ခင်ဦး | ၂ |
| | | ဝက်လက် | ၁ |
| | | [illegible] | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၈။ | ရှမ်းပြည်နယ် | တောင်ကြီး | ၄ |
| | | ရွာငံ | ၃ |
| | | ညောင်ရွှေ | ၃ |
| | | နမ့်ဆန် | ၂ |
| | | ကျောက်မဲ | ၁ |
| | | တာချီလိတ် | ၁ |
| | | ဟိုပုံး | ၁ |
| | | ဆီဆိုင် | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၉။ | မကွေးတိုင်းဒေသကြီး | မကွေး | ၃ |
| | | စလင်း | ၂ |
| | | အောင်လံ | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | မင်းဘူး | ၁ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၉ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၄ |
| | | ထားဝယ် | ၁ |
| | | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၁။ | နေပြည်တော် | တပ်ကုန်း | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | ဒက္ခိဏသီရိ | ၁ |
| | | ပုဗ္ဗသီရိ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၂။ | ကချင်ပြည်နယ် | ဗန်းမော် | ၄ |
| | | စုစုပေါင်း | ၄ |
| ၁၃။ | ကရင်ပြည်နယ် | ဘားအံ | ၂ |
| | | စုစုပေါင်း | ၂ |
| | (၂၅-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၃၃၀) ဦး |

* ကျောက်တံတားမြို့နယ်မှ (၂)ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၂၅-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၃၀) ဦးတွင် အနံ့မရရှိသူ (၂၈၇) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို နည်းပညာအသုံးပြုပြီး ဝန်ဆောင်မှုများ မြန်ဆန်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ထက်လျှံ**

**အစီအစဉ်မှူး။** ။ဒီနေ့အစီအစဉ်မှာ မြန်မာနိုင်ငံ စီးပွားရေးရဲ့ အဓိက အခြေခံကျတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေအပါအဝင် စီးပွားရေးလုပ်ငန်းတွေကို နည်းပညာနဲ့ ဆန်းသစ်တီထွင်မှုကို အသုံးပြုပြီး ဘယ်လိုတွေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မလဲဆိုတဲ့ အကြောင်းအရာတွေအပါအဝင် ဒစ်ဂျစ်တယ် နည်းပညာကို အသုံးပြုပြီး စီးပွားရေးလုပ်ငန်းတွေကို ဖော်ဆောင်သွားမယ့် အကြောင်းအရာတွေကို ဗဟုသုတအဖြစ် မျှဝေပေးသွားမယ့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်းသိကောင်းစရာအမေး/အဖြေအစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီအစီအစဉ်မှာ ပါဝင်ဆွေးနွေးကြမယ့်သူတွေက မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်နဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အိုင်တီနည်းပညာအကြံပေး ဦးသာထက် တို့ဖြစ်ပါတယ်။

ပထမဦးဆုံးမေးခွန်းအနေနဲ့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိက ဆောင်ရွက်တဲ့ နိုင်ငံဖြစ်ပြီး ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ စိုက်ပျိုးရေး၊ မွေးမြူရေးတွေကို ဘယ်လိုမျိုးဖော်ဆောင်သင့်သလဲ၊ ဘယ်လိုမျိုးဖော်ဆောင်နိုင်သလဲဆိုတာကို ဆရာဦးရဲမင်းအောင်က အကြံပြုဆွေးနွေးပေးပါဦး။

**ဦးရဲမင်းအောင်။** ။စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံမှုကို အထောက်အပံ့ဖြစ်သလို တစ်ဖက်ကလည်း နိုင်ငံတကာဈေးကွက်ကို တင်ပို့ရောင်းချနိုင်တဲ့ အလားအလာတွေလည်း အများကြီးရှိပါတယ်။

ကျွန်တော်တို့ လူဦးရေအများစုရဲ့ အလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းကလည်း ဒီစိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေမှာပဲ မှီခိုနေရတာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှုက အလွန်ကို အရေးတကြီး နီးနွှယ်ပတ်သက်နေတဲ့ အနေအထားရှိပါတယ်။

### လုပ်ရကိုင်ရတဲ့ပုံသဏ္ဌာန်ပြောင်းလဲလာ

ကျွန်တော်တို့ ကုန်သည်စက်မှုအသင်းချုပ်က ညီနောင်အသင်းတွေရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ အသင်းအဖွဲ့တွေ၊ မွေးမြူရေးနဲ့ပတ်သက်တဲ့ အသင်းအဖွဲ့တွေ၊ ရေလုပ်ငန်းနဲ့ပတ်သက်တဲ့ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းညှိနှိုင်းပြီး ပုဂ္ဂလိက ကဏ္ဍကို ကိုယ်စားပြုပြီး ပြောင်းလဲလာတဲ့အခြေအနေမှာ ဒီပြောင်းလဲမှုကလည်း ကိုဗစ် – ၁၉ ကြောင့် အားလုံးလုပ်ရကိုင်ရတဲ့ ပုံသဏ္ဌာန်တွေကအစ ပြောင်းလဲလာပါတယ်။

နိုင်ငံတကာဈေးကွက် လိုအပ်ချက်တွေ ပြောင်းလဲလာတယ်။ ပြည်တွင်းရဲ့ ဈေးကွက်အနေအထားတွေ ပြောင်းလဲလာတယ်။ ဒီပြောင်းလဲလာတဲ့ အနေအထားတွေမှာ ကျွန်တော်တို့ရဲ့ လုပ်ငန်းရှင်တွေ၊ ပုဂ္ဂလိက လုပ်ငန်းကို လုပ်ကိုင်နေတဲ့ အငယ်စား၊ အသေးစား၊ အကြီးစား အားလုံးအတူတကွ ပြောင်းလဲပြီးတော့ လုပ်နိုင်ကိုင်နိုင်ဖို့အတွက် ညှိနှိုင်းပေါင်းစပ်ပြီး ပြောင်းလဲနေတဲ့ အနေအထားဖြစ်ပါတယ်။

ပထမအချက် ကျွန်တော် အဓိကထားပြီး ပြောချင်တာက လယ်ယာသားငါးကဏ္ဍက ဈေးကွက်ရဲ့အပေါ်မှာ အများကြီးမှီခိုပါတယ်။ ဈေးကွက်သည် အရင်တုန်းက ပုံမှန်အတိုင်း သမားရိုးကျဈေးကွက်တွေ ရှိပါတယ်။ အခုခေတ်မှာ ကိုဗစ်–၁၉ ကြောင့်လည်း ပါပါတယ်။ ဒစ်ဂျစ်တယ် နည်းပညာတွေနဲ့ အွန်လိုင်းကနေတစ်ဆင့် ရောင်းချရတဲ့ လုပ်ငန်းစဉ်တွေ၊ Platform တွေ လိုအပ်လာတယ်။

ဒါတွေကလည်း အမှန်တကယ်ပြောမယ်ဆိုရင် ပြီးခဲ့တဲ့ ၄/၅ နှစ်လောက်ကတည်းက ကြိုတင်ပြင်ဆင်ထားတာတွေရှိပါတယ်။ ဒါတွေလည်း ကိုဗစ်–၁၉ ကြောင့် ပိုပြီးလျင်လျင်မြန်မြန်နဲ့ ဖြစ်ပေါ်လာတာတွေ ရှိပါတယ်။ ပထမတစ်ချက်အနေနဲ့ နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပြီး လုပ်ဆောင်သင့်တဲ့နေရာမှာ စိုက်ပျိုးမွေးမြူရေးကို ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကုန်စည်ဒိုင်တွေရဲ့ အခန်းကဏ္ဍ ဖြစ်ပါတယ်။

ကုန်စည်ဒိုင်တွေဟာ အနယ်နယ်အရပ်ရပ်မှာ ရှိတယ်။ လယ်ယာထွက်ကုန်တွေ၊ မွေးမြူရေး ထွက်ကုန်တွေကလည်း ကုန်စည်ဒိုင်တွေကနေတစ်ဆင့် ကူးသန်းရောင်းဝယ်နိုင်တယ်။ ကုန်စည်ဒိုင်တွေကို အွန်လိုင်းနဲ့ e–Marketplace ဖြစ်အောင်၊ ပြည်တွင်းက စိုက်ပျိုးမွေးမြူ ထုတ်လုပ်တဲ့ တောင်သူတွေအပါအဝင် ကုန်သည်တွေ၊ နည်းပညာရှင်တွေ၊ ကျွမ်းကျင်တဲ့သူတွေ၊ ကုမ္ပဏီတွေ နောက် နိုင်ငံတကာကလည်း ဝယ်လိုအား၊ ရောင်းလိုအားတွေကိုပါ သိရှိနိုင်အောင် ကုန်စည်ဒိုင်တွေကို အီလက်ထရောနစ် ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပြောင်းလဲဖို့ ဆောင်ရွက်နေတဲ့ အနေအထားတွေ ရှိပါတယ်။




ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အိုင်တီနည်းပညာအကြံပေး ဦးသာထက်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

နောက်တစ်ချက်က Sharing Economy ရဲ့ သဘောက လုပ်ဖော်ကိုင်ဖက်တွေ အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လို့ရတဲ့ လုပ်ငန်းစဉ်၊ ဒါတွေကိုလည်း ပေါင်းစပ်ညှိနှိုင်းမှုတွေများလာအောင် ကျွန်တော်တို့က လုပ်ပါတယ်။ ဥပမာ ရန်ကုန်ကနေ မြန်မာနိုင်ငံရဲ့ တနင်္သာရီတိုင်းဒေသကြီး ဆိုရင် ဆန်စပါးစိုက်ပျိုးမှုနည်းတော့ ရန်ကုန်က ဆန်ကို တနင်္သာရီကို ပို့ရတယ်။ ပို့တဲ့အခါမှာ ရေလမ်းကြောင်းကို သုံးပြီး ပို့ရတယ်။ အဲဒီလိုပဲ တနင်္သာရီက စိုက်ပျိုးထုတ်လုပ်တဲ့ နာနတ်သီးနဲ့ အခြားသစ်သီးဝလံတွေကိုအပြန်မှာ ဒီသင်္ဘောနဲ့သယ်လာတယ်ဆိုရင် စရိတ်စကတွေကိုလည်း မျှဝေပြီး ကျခံနိုင်တာဖြစ်တဲ့အတွက် ဒါဟာကောင်းမွန်တဲ့ အစီအမံတွေဖြစ်ပါတယ်။

နောက်တစ်ချက်က ကျေးရွာတွေမှာ ပူးပေါင်း ဆောင်ရွက်မှု ပုံသဏ္ဌာန်တွေပေါ့နော်။ လယ်ထွန်စက်တို့၊ ရိတ်သိမ်းခြွေလှေ့စက်တို့၊ အခြောက်ခံစက်တို့၊ သိုလှောင်ရုံတို့ ဒါတွေကို အချင်းချင်းမျှဝေပြီး ဝန်ဆောင်မှုပေးပြီး သုံးစွဲတဲ့ ပုံသဏ္ဌာန်တွေကို ဆောင်ရွက်နေတဲ့ အနေအထားတွေ ရှိပါတယ်။

ကျွန်တော် ခြုံငုံပြီးပြောရမယ်ဆိုရင် ဒီနေ့ခေတ်ရဲ့ ပြောင်းလဲမှုလမ်းကြောင်းပေါ်မှာ အားလုံး ဘယ်သူမှမကျန်ခဲ့ဘဲနဲ့ အတူတကွ လိုက်ပါလျှောက်လှမ်းဖို့အတွက် နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိက အသင်းအဖွဲ့တွေ၊ အဖွဲ့အစည်းတွေက ဆောင်ရွက်ရပါမယ်။ နောက်တောင်သူလယ်သမားတွေကလည်း အများပါဝင်မှုနဲ့ စုဖွဲ့ပြီး ဆောင်ရွက်ရမယ်။ မျှဝေပြီး ဆောင်ရွက်ရမယ့် အနေအထားတွေ ရှိပါတယ်။ ကိုယ့်မှာရှိတဲ့ အားသာချက်တွေကို အခြားသူတွေကို ဝန်ဆောင်မှုပေးနိုင်တဲ့ အနေအထားမျိုးရှိနိုင်တယ်။

### လှေ့လာသုံးသပ် ပြုပြင်ပြောင်းလဲ

အဲဒီလိုပဲ အခြားသူတွေဆီကနေ မျှဝေပြီးသုံးစွဲနိုင်တဲ့ အနေအထားမျိုးတွေလည်း ကျွန်တော်တို့ ဆောင်ရွက်နိုင်မယ့် အနေအထားတွေ အများကြီးရှိပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကလည်း ကျွန်တော်တို့ နိုင်ငံကို စားနပ်ရိက္ခာ တင်ပို့ရောင်းချတဲ့နိုင်ငံဖြစ်ဖို့၊ ထုတ်လုပ်ရောင်းချတဲ့ နိုင်ငံဖြစ်ဖို့၊ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံမှုတွေသာမက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုနဲ့ ကမ္ဘာ့ဈေးကွက်အတွက်ပါ ဆောင်ရွက်ဖို့ နိုင်ငံတော်က လမ်းညွှန်ထားတာဖြစ်တဲ့အတွက် လမ်းညွှန်ချက်နဲ့အညီ ခေတ်ကာလအခြေအနေနဲ့ ကိုဗစ်–၁၉ ရဲ့ သက်ရောက်မှုတွေအပေါ်မှာ ကျွန်တော်တို့ အများကြီး လေ့လာသုံးသပ်ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေတဲ့ အနေအထားရှိတယ်ဆိုတာ ဦးစွာဆွေးနွေးချင်ပါတယ် ခင်ဗျာ။

**အစီအစဉ်မှူး။** ။ကိုဗစ်–၁၉ ဖြစ်ပွားနေတဲ့အချိန်မှာ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေတွေနဲ့ အလုပ်အကိုင် အခွင့်အလမ်း ဖော်ဆောင်တဲ့အခြေအနေတွေက ဘယ်လိုမျိုးတွေ ဖြစ်လာသလဲဆိုတာကို ဆရာဦးသာထက်က သုံးသပ်ပြောကြားပေးပါဦး။

**ဦးသာထက်။** ။ကိုဗစ်–၁၉ ကြောင့် မြန်မာပြည်သာမက ကမ္ဘာတစ်ဝန်းကရှိတဲ့ လုပ်ငန်းတွေအပေါ်မှာ ရိုက်ခတ်မှုတွေ ပြင်းပြင်းထန်ထန် ရှိပါတယ်။ အလုပ်ရှင်ရော၊ အလုပ်သမားတွေရော တည်ငြိမ်နေတဲ့ အခြေအနေတစ်ခုကနေ ရုတ်တရက်ကြီး အကျပ်အတည်းမျိုးစုံကြုံကြရပါတယ်။

### စက်ဘီးတွေ ရောင်းအားကောင်းလာ

ဒီလိုထိခိုက်မှုကြောင့် အလုပ်လက်မဲ့ဖြစ်သွားတဲ့ လူတွေ၊ အလုပ်ပြောင်းလုပ်ရတဲ့လူတွေ၊ လုပ်ငန်းပုံစံ ပြောင်းသွားတာတွေ စသည်ဖြင့် အလုပ်အကိုင်ဈေးကွက်မှာ လိုအပ်ချက်နဲ့ ဖြည့်ဆည်းနိုင်စွမ်း Supply and Demand က ပြောင်းသွားပြီး ရုတ်တရက်ကြီး မမျှတတာ၊ အံဝင်ခွင်ကျ မဖြစ်တာတွေ ဖြစ်လာတယ်။ လက်တွေ့ဥပမာကြည့်မယ်ဆိုရင် ခရီးသွားလုပ်ငန်း ထိခိုက်လာတော့ ခရီးသွားအေးဂျင့်လုပ်တဲ့ ရုံးဝန်ထမ်းတွေ အများကြီးမလိုတော့ဘူး။ စားသောက်ဆိုင်တွေ ပိတ်လိုက်ရတော့ စားပွဲထိုးဝန်ထမ်းတွေ အများကြီးမလိုတော့ဘူး။ တစ်ဖက်မှာလည်း အွန်လိုင်းကနေ ရောင်းဝယ်တဲ့လုပ်ငန်းတွေပေါ်လာတဲ့အခါ Delivery ပို့မယ့်သူတွေ အများကြီးလိုလာပြန်ရော၊ သူတို့တွေက စက်ဘီးတွေနဲ့ ပို့ကြတယ်ဆိုတော့ စက်ဘီးနဲ့ ဆက်စပ်ပစ္စည်းတွေရဲ့ရောင်းအားတွေ ကောင်းလာပြန်ရော။ စက်ဘီးပြင်တတ်တဲ့သူတွေလည်း အများကြီးလိုလာပြန်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေဘက်က ကြည့်မယ်ဆိုရင် ဖြန့်ဖြူးရောင်းချတဲ့ပုံစံတွေ၊ ထုတ်လုပ်တဲ့ပုံစံတွေ ပြောင်းလိုက်ရပါတယ်။ အခုဆိုရင် Facebook ကနေ live လွှင့်ပြီးကားလည်း ရောင်းတယ်၊ လက်ဝတ်ရတနာတွေလည်း ရောင်းတယ်၊ စားသောက်ကုန်တွေလည်း ရောင်းတယ် အကုန်လုံး အွန်လိုင်းမှာ တက်ရောင်းကြတာပေါ့နော်။ အွန်လိုင်းကနေ ဝယ်ယူတာတွေ၊ မှာယူတာတွေ လုပ်နေကြတာက အားလုံးရဲ့အမြင်ပါ။ ရုတ်တရက်ကြီး လုပ်ငန်းတွေ ပြောင်းသွားတဲ့ အခြေအနေတွေပါ။ ဒါက ပြည်တွင်းမှာ ရိုက်ခတ်မှုကြောင့် ထိခိုက်ပြောင်းလဲသွားတဲ့ အခြေအနေ ဥပမာတွေကို ပြောတာပါ။

ပြည်တွင်းမှာသာမက နည်းနည်းလေး ချဲ့ပြီးကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ အာဆီယံဒေသအတွင်းကို ကြည့်ကြပါစို့။ အာဆီယံအိမ်နီးချင်းနိုင်ငံတွေမှာ သွားရောက်ပြီး လုပ်ကိုင်နေကြတဲ့ ကဏ္ဍအမျိုးမျိုးမှာရှိကြတဲ့ ကျွန်တော်တို့ နိုင်ငံသားကျွမ်းကျင်သူတွေ ရှိကြပါတယ်။ အဲဒီနိုင်ငံတွေမှာလည်း ကိုဗစ်ဖြစ်တယ်ဆိုတော့ စီးပွားရေးတွေ၊ ကျန်းမာရေးအခြေအနေတွေ ပြောင်းလဲသွားတော့ သူတို့ဆီမှာလည်း သူတို့နိုင်ငံသားတွေကို ဦးစားပေးရတယ်။

ဦးစားပေးတဲ့အခါမှာ နေထိုင်လုပ်ကိုင်ဖို့ အခက်အခဲဖြစ်လာတဲ့ ပြည်ပရောက် ကျွန်တော်တို့ နိုင်ငံသားတွေ၊ ကျွမ်းကျင်သူတွေဟာ ပြည်တော်ပြန်ဝင်လာရမယ့် အခြေအနေတွေ ရှိလာတာပေါ့နော်။ သူတို့ပြန်ရောက်လာပြီဆိုရင် ဘာဖြစ်လာမလဲဆိုတော့ သူတို့ပြည်တွင်းကို ရောက်လာတဲ့အခါ သူတို့ရဲ့ အတတ်ပညာ၊ အသိပညာ၊ အတွေ့အကြုံတွေနဲ့ လုပ်ကိုင်ဖို့ အပ်စပ်တဲ့ဈေးကွက်က မရှိဘူးဆိုရင် လုပ်အားတွေ အများကြီး ပိုလျှံတာမျိုးဖြစ်လာမယ်။ ဆိုလိုတာက ကျွမ်းကျင်တဲ့သူရယ်၊ တတ်ကျွမ်းတဲ့ပညာရယ်နဲ့ ဈေးကွက်လိုအပ်ချက်က တည့်တည့်မကျဘူး ဖြစ်နေတာပေါ့နော်။

ဈေးကွက်ရဲ့ သဘောအရ တဖြည်းဖြည်းနဲ့ ညီမျှခြင်း မျှခြေတစ်ခုကို ပြန်ရောက်သွားမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီကိုရောက်သွားမယ့် မျှခြေက အရင်က မျှခြေ မဟုတ်တော့ဘူးဆိုတာကို ကျွန်တော်တို့အားလုံး သတိပြုဖို့လိုပါတယ်။ အဲဒီမျှခြေကို ရောက်သွားတဲ့အချိန်မှာ ကိုယ်ရှိနေဖို့၊ ကိုယ်ပါနေဖို့ကို ကျွန်တော်တို့ ကြိုးစားကြရမယ့် အခြေအနေမျိုး ဖြစ်နေတာပါ။

### အကြာကြီးအားထုတ်ပြီးမှရနိုင်

အဲဒီမျှခြေကို ပြန်ရောက်ဖို့ ကြားကာလဟာ ကြာလေလေ ကျွန်တော်တို့ နိုင်ငံသားတွေနဲ့ လုပ်ငန်းတွေရဲ့ ဝင်ငွေတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဘဝရပ်တည်မှု မတည်ငြိမ်မှုက ကြာလေလေ ဖြစ်နေမှာပါ။ ပုံမှန်အတိုင်းဆိုရင် ဒီလိုမျိုး အပြောင်းအလဲဖြစ်ဖို့အတွက်ကို စီမံကိန်းတွေအမျိုးမျိုး၊ အားထုတ်မှုတွေအမျိုးမျိုး၊ အချိန်ကာလတွေ အကြာကြီး အားထုတ်ပြီးမှ ရနိုင်တာမျိုးပါ။

အခု ကိုဗစ်ရိုက်ခတ်မှုကြောင့် ဈေးကွက်အခြေအနေကြီး ရုတ်တရက်ပြောင်းလဲဖို့ အချိန်တိုအတွင်းမှာ ဖြစ်လာတာဟာ တစ်ဖက်ကကြည့်ရင် နိုင်ငံအတွက်က အခွင့်အလမ်းတစ်ခုပါပဲ။ ဒါကို အခွင့်အရေးတစ်ခုအနေနဲ့ ယူရမှာပါ။ ရောက်ရှိသွားမယ့် အခြေအနေက နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် ပိုမိုကောင်းမွန်တဲ့ လူမှုစီးပွားအခြေအနေ ဖြစ်လာဖို့၊ အဲဒီအခြေအနေကို မြန်မြန်ရောက်ပြီး အားလုံးအခြေကျနိုင်ဖို့အတွက်ကို ရှေ့ကဆွေးနွေးခန်းမှာပါသွားတဲ့ ဆရာဦးဝေဖြိုးတို့၊ ဒေါက်တာထွန်းသူရသက်တို့ ဆွေးနွေးသွားတဲ့ Myanmar Economic Recovery and Reform Plan (MERRP) လိုဟာမျိုးကို အစိုးရက အကောင်အထည်ဖော်ဖို့ ကြိုးစားနေတယ်လို့ ကျွန်တော်တို့ နားလည်ပါတယ်။

အနှစ်ချုပ်ပြောရမယ်ဆိုရင် အခြေအနေအသစ်တစ်ခုကိုတော့ ကျွန်တော်တို့ ပြောင်းနေပြီ။ တစ်ခါတည်းနဲ့ တည့်တည့်ကျမှာ မဟုတ်ဘူး။ ဒါပေမယ့် ဒါဟာ အခွင့်အလမ်းတစ်ရပ်ဆိုတာ ကျွန်တော်တို့ သိထားရမယ်။ ပြောင်းလဲမှုဖြစ်စဉ်မှာ လိုက်လျောညီထွေရှိအောင်၊ ကောင်းတဲ့ဘက်ကို ရောက်အောင်လုပ်ဖို့၊ လုပ်ငန်းတွေရော၊ အလုပ်သမားတွေရော မနာရအောင် အစိုးရက ဆောင်ရွက်နေပါတယ်။ ဒါကို သတိမူပြီး ကိုယ့်လုပ်ငန်း၊ ကိုယ့်ဝန်ထမ်း တတ်ကျွမ်းမှု အသိပညာ၊ အတတ်ပညာတွေ အခြေအနေအသစ်နဲ့ လိုက်လျောညီထွေရှိအောင် အားလုံးကြိုးစား ပြောင်းလဲရတော့မယ်လို့ ကျွန်တော်မြင်ပါတယ်။

**အစီအစဉ်မှူး။** ။မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းတွေကိုသာ ဒစ်ဂျစ်တယ် နည်းပညာနဲ့ ပြောင်းလဲပြီး လုပ်မယ်ဆိုရင် ဘယ်လိုမျိုးတွေ ဖော်ဆောင်နိုင်မလဲဆိုတာကိုလည်း ဦးရဲမင်းအောင် အနေနဲ့ ဆွေးနွေးပေးပါဦး။

**ဦးရဲမင်းအောင်။** ။ကျွန်တော်တို့ ခုနက ဆွေးနွေးတဲ့ အထဲမှာပြောသလို အဓိက ဈေးကွက်နဲ့ ဈေးကွက်တင်ပြီး ရောင်းချတဲ့အပိုင်းမှာ ကုန်စည်ဒိုင်တွေရဲ့ အခန်းကဏ္ဍပါ။ ကုန်စည်ဒိုင်တွေက ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေနဲ့ သွားဖို့ ဒါကိုဦးစားပေးပြီး ဆောင်ရွက်နေတယ်။ အမှန်တကယ်က ကျွန်တော် ခုနကပြောသလိုပါပဲ။ လွန်ခဲ့တဲ့ ၄/၅ နှစ်ကစတယ်။ အခုကိုဗစ်ကြောင့် ဒါတွေက လျင်လျင်မြန်မြန် ပြောင်းလဲမှုဖြစ်လာတဲ့ အားသာချက်နဲ့ အခွင့်အလမ်းကောင်းတွေ အဖြစ် ကျွန်တော်တို့ ရလိုက်ပါတယ်။

နောက်တစ်ချက်က ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေမှာ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားတွေ၊ မွေးမြူထုတ်လုပ်တဲ့သူတွေပါ ပါဝင်လာအောင် ဆောင်ရွက်နေတဲ့ အနေအထားတွေ ရှိပါတယ်။ နိုင်ငံတော်အစိုးရဘက်ကလည်း ဒါကို အားပေးကူညီမှုတွေရှိတယ်။ ကျွန်တော်တို့ ပုဂ္ဂလိက အသင်းအဖွဲ့အစည်းတွေကလည်း ဆောင်ရွက်နေတာတွေ ရှိပါတယ်။

ဒီလိုမျိုး ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေကနေ ပြည်တွင်းက ဝယ်ယူလိုတဲ့သူတွေသာမက နိုင်ငံတကာက ဝယ်ယူလိုတဲ့သူတွေအထိပါ ချိတ်ဆက်ပြီး ရောင်းချနိုင်မယ့် အနေအထားတွေ ဖန်တီးလာနိုင်ပြီဖြစ်ပါတယ်။ နောက်ဆုံးမှာ အားလုံးက အသေးစား၊ အငယ်စား ထုတ်လုပ်နေတဲ့သူတွေ ကိုယ်တိုင်က ကိုယ်ထုတ်လုပ်တဲ့ စိုက်ပျိုးရေးထွက်ကုန်၊ မွေးမြူရေးထွက်ကုန်တွေကို ရောင်းချနိုင်တဲ့ အနေအထားတွေရှိလာမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၉ သို့ ✻

# ကိုဗစ်-၁၉ အမေး / အဖြေ



✻ စာမျက်နှာ ၁၈ မှ

နောက်တစ်ချက်က ကျွန်တော်တို့ တိုင်းပြည်ရဲ့ ထူးခြားတဲ့ သဘောသဘာဝက နိုင်ငံတကာက ပြန်လာတဲ့သူတွေ၊ များသောအားဖြင့် ကျွန်တော်တို့ တိုင်းပြည်က ထိုင်းနိုင်ငံတို့၊ မလေးရှားနိုင်ငံတို့မှာသွားပြီး အလုပ်လုပ်ကြတာများတယ်။ သူတို့ပြန်လာတဲ့အခါ စိုက်ပျိုးမွေးမြူရေး ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးနိုင်မယ်။

ဒီလိုဖန်တီးနိုင်ဖို့ဆိုရင် ကျွန်တော်တို့က Agriculture၊ လယ်ယာသားငါးကဏ္ဍနဲ့သက်ဆိုင်တဲ့ အခြေခံအဆောက်အအုံတွေကို ရင်းနှီးမြှုပ်နှံမှုတွေ၊ အဲဒီမှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း လာနိုင်သလို ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေနဲ့လည်း အခုထုတ်လုပ်နေတဲ့ သမားရိုးကျ ထုတ်လုပ်မှုပုံစံကနေ တန်ဖိုးမြှင့်ထုတ်လုပ်တဲ့ ပုံသဏ္ဍာန်တွေကိုပါ ကူးပြောင်းပြီး အခွင့်အလမ်းတွေကို အရအမိ ရယူဆောင်ရွက်သွားဖို့လည်း လိုအပ်ချက်ရှိမယ်လို့ ပြောချင်ပါတယ်။

**ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အထ ထွန်းကားလာ**

နောက် အဓိကထားပြီး ဆွေးနွေးချင်တာက ကိုဗစ်-၁၉ ကြောင့် အချင်းချင်းပူးပေါင်းဆောင်ရွက်တဲ့ အလေ့အထတွေလည်း ထွန်းကားလာတာ တွေ့ရပါတယ်။ ရန်ကုန်မှာဆိုရင် ကုန်ပစ္စည်းထုတ်လုပ်တဲ့သူနဲ့ Delivery ဝန်ဆောင်မှုပေးတဲ့သူတွေ ပူးပေါင်းပြီး လုပ်ဆောင်လာကြပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်တဲ့သူတွေ၊ ရောင်းချတဲ့သူတွေက Delivery Service Provider ကို အားကိုးပြီး ဆောင်ရွက်ကြပါတယ်။

အွန်လိုင်းနည်းပညာရပ်တွေကို အားကိုးပြီး ဆောင်ရွက်ကြတယ်။ ပူးပေါင်းဆောင်ရွက်မှုက မြို့ပြမှာဖြစ်လာသလို ကျေးလက်မှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေ တွေ့လာရပါတယ်။ ဥပမာ-ဆန်စပါးစိုက်ပျိုးတဲ့ တောင်သူတွေက သူတို့ကိုယ်တိုင် ဆန်စပါးကထွက်လာတဲ့ ကောက်ရိုးတွေကို သုံးပြီးတော့ မှိုစိုက်တဲ့လုပ်ငန်းကို လုပ်လာတယ်။ ဒီလိုပဲ မှိုစိုက်တဲ့ တောင်သူတွေကလည်း ဆန်စပါးစိုက်တဲ့ တောင်သူတွေနဲ့ပူးပေါင်းပြီး တစ်ဖက်က ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းတွေကို သူတို့လုပ်ငန်းအတွက် သုံးစွဲဖို့ကို ချိတ်ဆက်ပြီး လုပ်လာတာမျိုးတွေ တွေ့ရပါတယ်။

ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေက အတော်ကို ကောင်းပါတယ်။ တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရက ပထမဆောင်ရွက်တဲ့ Covid Economic Relief Plan (CERP)မှာလည်း ချေးငွေတွေ ပေးတဲ့အခါ စားသောက်ကုန်ထုတ်တဲ့လုပ်ငန်းတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ပတ်သက်ပြီး တန်ဖိုးမြှင့်ထုတ်တဲ့ လုပ်ငန်းတွေကို အများကြီး ပေးလိုက်တာတွေ့ရပါတယ်။

ဒီလိုမျိုး ချေးငွေအစီအစဉ်ကလည်း စီးပွားရေးလုပ်ငန်းတွေ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အပြည့်စုံဆုံး မဟုတ်တောင်မှ အထိုက်အလျောက် အကူအညီတွေ ရပါတယ်။ အခုဆက်ပြီး MERRP ဆိုတဲ့ စီမံကိန်းတစ်ခုကို ထပ်ပြီးဆောင်ရွက်ဖို့ကြားသိရပါတယ်။ ဒီ Plan ဆောင်ရွက်တဲ့အခါမှာလည်း ပြည်ပက ပြန်ရောက်နေတဲ့သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဖို့ဆိုတာပါသလို တစ်ဖက်ကလည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ၊ စားသောက်ကုန်ထုတ်လုပ်ငန်းတွေကို အားပေးမယ်ဆိုတာပါတယ်လို့ သိရပါတယ်။

ဒါတွေကလည်း တကယ့်ကို ဆောင်ရွက်ရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ နောက်တစ်ချက်က ၂၀၂၀ ပြည့်နှစ် ကိုဗစ်ကာလ မတိုင်ခင်လေးမှာ တိရစ္ဆာန်မွေးမြူရေးနဲ့ ပတ်သက်ပြီး ဥပဒေတစ်ခု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီဥပဒေက မွေးမြူရေးကဏ္ဍက မျှော်လင့်နေတဲ့ ဥပဒေဖြစ်တယ်။ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးဖို့အတွက် တကယ်ကိုလိုအပ်တဲ့ဥပဒေတစ်ခုကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှာ ပြဋ္ဌာန်းနိုင်ခဲ့တယ်။

နောက်တစ်ချက်က မြေအသုံးချတဲ့ကိစ္စပါ။ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေက မြေကိုအသုံးချရတယ်။ မြေကိုအသုံးချတဲ့ လုပ်ငန်းတွေမှာ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ဥပဒေကိုလည်း ၂၀၂၀ ပြည့်နှစ် ကိုဗစ်မတိုင်ခင်လေးမှာပဲ ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေဥပဒေမှာ အခြားသီးနှံနဲ့ ရာသီသီးနှံတွေ ပြောင်းလဲစိုက်ပျိုးတဲ့ကိစ္စတွေမှာ အကန့်အသတ်လေးတွေရှိတော့ ဒါတွေကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှာ လယ်ယာမြေဥပဒေကို ပြုပြင်ပြောင်းလဲတဲ့ ဥပဒေပြဋ္ဌာန်းနိုင်ခဲ့တယ်။ တိရစ္ဆာန်မွေးမြူရေးနဲ့ပတ်သက်တဲ့ ဥပဒေကို ပြဋ္ဌာန်းနိုင်တယ်။ နောက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ ကျေးလက်ဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

ကျေးလက်ဖွံ့ဖြိုးရေးက ကျွန်တော်တို့ တိုင်းပြည်ရဲ့ အဓိကကျတဲ့ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ ဒီ ကျေးလက်ဖွံ့ဖြိုးရေးဥပဒေမှာ ကျေးရွာရဲ့ အရင်းမပျောက်တဲ့ ရန်ပုံငွေစနစ်တစ်ရပ်ကို ထူထောင်ပြီး ကျေးရွာရဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းကို တစ်ဖက်ကလည်း အရင်းမပျောက်အောင် ရန်ပုံငွေကို ထိန်းသိမ်းမယ်။ တစ်ဖက်ကလည်း အလားအလာရှိတဲ့ လုပ်ငန်းတွေကို စုပေါင်းပြီး ညီညီညွတ်ညွတ်နဲ့ တိုင်ပင်ညှိနှိုင်းပြီးလုပ်မယ်ဆိုတဲ့ အစီအစဉ်တွေပါ ကျေးလက်ဖွံ့ဖြိုးရေးဥပဒေမှာ ပါလာပါတယ်။

ဒါကြောင့် ဥပဒေပိုင်းဆိုင်ရာ၊ နည်းဥပဒေပိုင်းဆိုင်ရာကိုလည်း ၂၀၁၉ - ၂၀၂၀ မှာ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးဖို့အတွက် ပြောင်းလဲထားတဲ့ Legal Reform လုပ်ထားပြီးသားလည်း ဖြစ်ပါတယ်။ ဒီဘက်မှာ ကိုဗစ်ကထွက်လာတဲ့ MERRP နဲ့လည်း ချိတ်ဆက်ပြီး နိုင်ငံတော်အစိုးရရဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အပါအဝင် အခြားပုဂ္ဂလိကဘဏ်တွေကလည်း လယ်ယာသားငါးဖွံ့ဖြိုးရေးအတွက် ပိုပြီးတော့ ထောက်ပံ့ငွေတွေ၊ ချေးငွေတွေ စီစဉ်ပေးလာပါတယ်။

တစ်ဖက်ကလည်း SME လုပ်ငန်းတွေက ဒီအချိန်မှာ စားနပ်ရိက္ခာဈေးကွက်ရဲ့ လိုအပ်ချက်တွေ၊ ဝယ်လိုအားတွေက များလာတဲ့အတွက် နိုင်ငံတကာမှာလည်း စစချင်းက Panic Shopping ဖြစ်ပါတယ်။ နောက်ပိုင်းကျတော့ ဟိုတယ်တွေပိတ်၊ စားသောက်ဆိုင်တွေပိတ်ဆိုတော့ စားနပ်ရိက္ခာဈေးကွက်က တစ်ခါပြန်ပြီးကျသွားတယ်။ မတည်ငြိမ်တဲ့အနေအထားတွေမှာ သတင်းအချက်အလက်ကလည်း အရေးကြီးပါတယ်။

ဒစ်ဂျစ်တယ်နည်းစနစ်တွေ၊ အွန်လိုင်းပလက်ဖောင်းတွေက အတော့်ကို အရေးကြီးပါတယ်။ ဒီလိုပြောင်းလဲနေတဲ့ အချိန်မှာ ခုနကပြောတဲ့ ဥပဒေတွေလည်း ရှိတယ်၊ အစီအမံတွေလည်းရှိတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းပြီး ကျေးရွာအဆင့်ကစပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်အောင် လာမယ့် ၂၀၂၁ ခုနှစ်မှာ အားထည့်ပြီး ဆောင်ရွက်မယ်ဆိုရင် နိုင်ငံတော်အကြီးအကဲတွေ မျှော်မှန်းတဲ့၊ ရိက္ခာတင်ပို့ရောင်းချတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွက်လာမယ့် အခွင့်အလမ်းကောင်းတွေလည်း ရှိနေပါတယ်။

**အစီအစဉ်မှူး။** ။ ဆရာဦးသာထက် အရှေ့ပိုင်းမှာ ဆွေးနွေးသွားတာက နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေက အွန်လိုင်းပေါ်ကို ရောက်လာမယ်။ ပြည်ပကနေ ပြန်ဝင်လာတဲ့ ကျွမ်းကျင်ပညာရှင်တွေရဲ့ လုပ်အားကလည်း ပိုနေပြီ။ အလုပ်အကိုင်အခွင့်အလမ်းတွေကလည်း ပြောင်းလဲလာတယ်ဆိုပြီး သိရှိရပါတယ်။ နိုင်ငံတော်အစိုးရက မကြာခင်မှာလည်း စီမံကိန်းအသစ်ဖြစ်တဲ့ MERRP ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုတော့ လက်တွေ့အကောင်အထည်ဖော်မယ့် အပိုင်းမှာရော ဘယ်လိုမျိုးတွေရှိလာနိုင်မလဲဆိုတာ ဆွေးနွေးပေးပါဦး။

**ဦးသာထက်။** ။ လွန်ခဲ့တဲ့ရက်ကဆွေးနွေးတင်ပြသွားတဲ့ အထဲမှာ MERRP မှာပါဝင်တဲ့ မဟာဗျူဟာကဏ္ဍတွေကို ဦးဝေဖြိုး ဆွေးနွေးတင်ပြသွားတာရှိပါတယ်။ အဲဒီအထဲမှာ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးချဆောင်ရွက်မယ့် လုပ်ဆောင်ချက်တွေရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဥပမာ ပြောရမယ်ဆိုရင် ပြည်တော်ပြန်ဝင်လာတဲ့ ပြည်ပရောက်နိုင်ငံသားတွေရဲ့ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံတွေနဲ့ ကောင်းကောင်းအသုံးဝင်မယ့် ပြည်တွင်းက အလုပ်အကိုင်အခွင့်အလမ်းတွေကို အလွယ်တကူရှာဖွေနိုင်ဖို့၊ ချိတ်ဆက်နိုင်ဖို့၊ အလုပ်အကိုင်တွေကို တွဲဖက်ပေးမယ့် နည်းပညာအသုံးပြုတဲ့၊ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်လောက်တဲ့ အလုပ်အကိုင်ရှာဖွေရေး ကွန်ရက်တွေ တည်ဆောက်ဖို့၊ အားပေးမြှင့်တင်ဖို့ လိုပါတယ်။

**မျှဝေပြီးသုံးတာက ပိုအကျိုးရှိ**

နောက်ပြီး ကျွမ်းကျင်သူ၊ အစွမ်းရှိသူတွေဆိုတာကလည်း တစ်နေရာတည်းမှာ၊ အဖွဲ့အစည်းတစ်ခုတည်းမှာ ရှိနေပြီး အသုံးပြုတာထက်စာရင် လိုအပ်ချက်က ပိုများနေတဲ့အခါမျိုးမှာ လုပ်ငန်းတစ်ခုတည်းကို ဝင်လုပ်နေတာထက် လိုအပ်တဲ့နေရာတိုင်းမှာ ပါဝင်နိုင်ဖို့ Self Contract သို့မဟုတ် အလွတ်တမ်းပညာရှင်အဖြစ် လုပ်တာမျိုး ပညာရှင်ကို မျှဝေပြီးသုံးတာမျိုးက အဘက်ဘက်အတွက် ပိုပြီးအကျိုးရှိစေနိုင်တယ်လို့ ကျွန်တော်မြင်ပါတယ်။

ဒါကိုတော့ နိုင်ငံတကာမှာ gig economy လို့ခေါ်ပါတယ်။ gig economy ဆိုတာ အထူးအဆန်း မဟုတ်ပါဘူး။ ပညာရှင်ကို မျှဝေပါဝင်စေတယ်ဆိုတာကလည်း ယခင်ကတည်းကလည်း ရှိပါတယ်။ အနီးစပ်ဆုံး ဥပမာပါ။ မင်္ဂလာဆောင်မှာ ဘိသိက်ဆရာလိုမျိုး၊ တီးဝိုင်းတို့၊ အဆိုတော်တို့ကို လုပ်ငန်းရှိမှ ငှားတာမျိုးပါ။ ကိုယ်တိုင်ကလည်း နေ့တိုင်း မင်္ဂလာဆောင်နေတာမဟုတ်တော့ ကိုယ်ပိုင် အချိန်ပြည့် ခန့်ထားဖို့လည်း လိုတာမဟုတ်ပါဘူး။

ဒါပေမယ့် ငှားဖို့လိုပြီဆိုရင် အကောင်းဆုံး၊ အကျွမ်းကျင်ဆုံးကို လိုချင်ကြပါတယ်။ အဲဒီလိုဟာမျိုးမှာဆိုရင် ပညာရှင်ကို မျှဝေပြီးအချိန်ပိုင်းနဲ့ ငှားရမ်းအသုံးချတာက အားလုံးအတွက် အကျိုးရှိပါတယ်။ ဒါက ဥပမာပြောပြတာပါ။ တကယ်တော့ လုပ်ငန်းကဏ္ဍအသီးသီးမှာ အဲဒီလို ကျွမ်းကျင်မှုတွေရှိတယ်။ သူတို့ကို လိုအပ်နေတဲ့ လုပ်ငန်းတွေကလည်း အများကြီးဖြစ်နေတဲ့အတွက်ကြောင့် မျှဝေပြီး အသုံးပြုနိုင်တဲ့နည်းက အားလုံးအတွက် အကျိုးအရှိဆုံး ဖြစ်ပါလိမ့်မယ်။

ဒီလိုမျိုး လိုအပ်ချက်နဲ့ ဖြည့်ဆည်းနိုင်မယ့် ကျွမ်းကျင်သူကို တွဲဖက်ပေးတဲ့ အွန်လိုင်း သို့မဟုတ် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုတဲ့ကွန်ရက်တွေကို တည်ဆောက်ဖို့၊ အားပေးမြှင့်တင်ဖို့တွေကို MERRP က လုပ်လိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒီလို ဝက်ဘ်ဆိုက်တွေ၊ ပလက်ဖောင်းတွေက အမှန်ပြောရရင် ကမ္ဘာတစ်ဝန်းမှာ ရှိနေပြီးသားပါ။ ဒါတွေကိုသုံးပြီး အင်တာနက်ရှိတာနဲ့ ကမ္ဘာခြားနေတဲ့နေရာက အလုပ်တွေကို ပြည်တွင်းမှာ ထိုင်ပြီး လှမ်းလုပ်ပေးနေတဲ့ ပညာရှင်တွေလည်း ရှိကြပါတယ်။

ပြည်တွင်းမှာလည်း ဒီလိုမျိုး ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး အလုပ်အကိုင်ရှာဖွေတဲ့ ဝက်ဘ်ဆိုက်တွေ၊ လုပ်ငန်းတွေ၊ လိုအပ်နေတဲ့ တတ်ကျွမ်းမှုရှိတဲ့ အလွတ်တန်းကျွမ်းကျင်သူတွေကို ချိတ်ဆက်ပေးနေတဲ့ ဝက်ဘ်ဆိုက်တွေလည်း ရှိနေသင့်ပါတယ်။ ဒါမျိုးတွေကို အားပေးမြှင့်တင်ဖို့လည်း လုပ်လိမ့်မယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဒီနေရာမှာ လူတိုင်းနီးပါးက အခုခေတ်မှာ အင်တာနက်တွေ၊ မိုဘိုင်းဖုန်းတွေ သုံးနေကြပြီဆိုတော့ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုတဲ့ ကွန်ရက်တွေ၊ ပလက်ဖောင်းတွေ ဖြစ်လာပြီဆိုရင် လူတိုင်း လူတိုင်းအတွက်ကို တူညီတဲ့အခွင့်အလမ်း ပေးနိုင်လာမှာ ဖြစ်ပါတယ်။

**အခွင့်အလမ်းကို အားလုံးမြင်သွားပြီ**

ဒီနေရာမှာ ဒစ်ဂျစ်တယ်နည်းလမ်းဆိုလို့ စကားစပ်လို့ ပြောပါရစေ။ အခုဆိုရင် ကိုဗစ်ကာလမှာ အားလုံး သဘောပေါက်သွားတာက ဘာပဲရောင်းရောင်း အွန်လိုင်းက ရောင်းလို့ရတယ်ဆိုတာ မြင်သွားပြီ။ ကားလည်းရောင်းတယ်၊ စိန်ဘယက်ကြီးလည်းရောင်းတယ်၊ အဝတ်အထည်လည်း ရောင်းတယ်။ ပန်းပင်လည်း ရောင်းတယ်။ နံနက်စာ မုန့်ဟင်းခါးတောင်မှ အွန်လိုင်းကနေ ဝယ်စားကြတယ်ဆိုတာ ဖြစ်ကုန်ပြီဆိုတော့ ပြည်တွင်းလုပ်ငန်းတွေဟာ ဒစ်ဂျစ်တယ်နည်းလမ်းကို အသုံးပြုဖို့နဲ့ သမားရိုးကျမဟုတ်တဲ့ ဆန်းသစ်ဖန်တီးမှုတွေကိုလုပ်လို့ရတဲ့ အခွင့်အလမ်းကို အားလုံးကမြင်သွားပြီ။ သဘောတူသွားပြီ။

ဒါတွေကို အားပေးမယ်ဆိုရင် ပြည်တွင်းလုပ်ငန်းတွေအနေနဲ့ အွန်လိုင်းပေါ်တက်ဖို့၊ ဒစ်ဂျစ်တယ်သုံးဖို့၊ ဆန်းသစ်ဖန်တီးမှုတွေ လုပ်ဖို့အတွက်ကို အားပေးလိုက်မယ်ဆိုရင် ကိုဗစ် - ၁၉ ကြောင့် နှောင့်နှေးသွားရတဲ့၊ ပြောင်းလဲသွားရတဲ့ လုပ်ငန်းတွေကို လမ်းသစ်ဖောက်ပေးသလိုဖြစ်ပြီး လုပ်ငန်းတွေ ပိုကောင်းလာဖို့၊ ကောင်းမွန်တဲ့ လမ်းကြောင်းပေါ်ရောက်လာဖို့ လုပ်ပေးနိုင်မယ်လို့ ကျွန်တော်မြင်ပါတယ်။

ဒီတော့ e-Commerce Platform တွေ၊ အွန်လိုင်းကနေဈေးရောင်းတဲ့ ဝက်ဘ်ဆိုက်တွေ အဲဒီမှာ ပြည်တွင်းက ဝယ်သူတွေ အလွယ်တကူ ငွေပေးချေနိုင်ဖို့၊ အခွန်အခတွေ တိတိကျကျဖြစ်စေဖို့၊ ရောင်းသူတွေက ဒီဘဏ်မို့လို့ ဝယ်သူက ဟိုဘဏ်မို့လို့ ပိုက်ဆံပေးလို့မရဘူး ဆိုတာမျိုးတွေ မဖြစ်အောင်၊ ဘဏ်မတူရင်တောင်မှ အွန်လိုင်းကနေ ငွေလွှဲလို့ရတယ်၊ ပေးလို့ရတယ် ဆိုတာမျိုးတွေ ဖြစ်အောင်၊ Mobile Payment တွေမှာလည်း သူကဟို Pay ၊ ငါက ဒီ Pay နာမည်မတူလို့ တစ်ခုနဲ့တစ်ခု ပေးလို့မရဘူးဆိုတဲ့ ဟာမျိုးတွေမဖြစ်အောင် လိုအပ်တဲ့ Digital Gate Way အသုံးချမှုတွေ ဖြစ်လာအောင် ပြုပြင်တာတွေ၊ အားပေးမြှင့်တင်တာတွေကို Recovery Plan ထဲမှာ လုပ်မယ်လို့ ယူဆပါတယ်။

ဒီလို ဒစ်ဂျစ်တယ်နည်းပညာနဲ့ လုပ်ထားတဲ့ ဝက်ဘ်ဆိုက်တွေမှာ ပြည်တွင်းက လုပ်ငန်းတွေအနေနဲ့ ဈေးရောင်းတတ်၊ အသုံးပြုတတ်လာပြီဆိုရင် မြန်မာ့ထုတ်ကုန်ကို နိုင်ငံတကာရဲ့ အွန်လိုင်းပလက်ဖောင်းတွေမှာ တင်ရောင်းဖို့ လုပ်တတ်သွားပါလိမ့်မယ်။ ဒါမျိုး လုပ်နိုင်လာပြီဆိုရင် အားလုံးက ကမ္ဘာနဲ့ချီပြီးသွားဖို့ အခွင့်အလမ်းဖြစ်သွားတဲ့အတွက်ကြောင့် ဒါကို အားပေးပံ့ပိုးကူညီရမယ့် အဆင့်ထဲမှာ ထည့်သွင်းသင့်ပါတယ်။

အချုပ်အားဖြင့် ပြောရမယ်ဆိုရင် လုပ်ငန်းတွေရဲ့ တတ်ကျွမ်းသူလိုအပ်ချက်နဲ့ ဖြည့်ဆည်းမှုတွေ အံဝင်ခွင်ကျဖြစ်အောင် တွဲဖက်နိုင်ဖို့၊ ကိုဗစ်ကြောင့် ထိခိုက်သွားတဲ့ လုပ်ငန်းတွေ ပြန်လည်ဦးမော့လာနိုင်ဖို့အတွက်မှာလည်း ဒစ်ဂျစ်တယ်စနစ်တွေကို ပြောင်းသုံးဖို့၊ ကောင်းမွန်တဲ့ ရွေးချယ်စရာ တစ်ခုအနေနဲ့ သုံးနိုင်ဖို့၊ နည်းပညာအသုံးပြုမှုနဲ့ ဆန်းသစ်ဖန်တီးမှုတွေကို လက်တွေ့ကျကျလုပ်နိုင်ဖို့ အစိုးရက MERRP မှာ ဗျူဟာတစ်ရပ်အနေနဲ့ အားပေးမြှင့်တင်မှုတွေ လုပ်သွားမယ်ဆိုရင် ဒါဟာ ကျွန်တော်တို့အားလုံးအတွက် ဒစ်ဂျစ်တယ်ရဲ့ ပြောင်းလဲမှု အကောင်းဆုံး အခွင့်အရေး ဖြစ်လိမ့်မယ်လို့ မြင်ပါတယ်။

**အစီအစဉ်မှူး။** ။ ဒီအစီအစဉ်ကနေ ဦးရဲမင်းအောင် အနေနဲ့ ထပ်မံဖြည့်စွက်ပြီး ပြည်သူတွေကို ပြောချင်တဲ့အကြောင်းအရာရှိရင်လည်း မျှဝေပေးပါဦး။

**ဦးရဲမင်းအောင်။** ။ ဒီနေ့ အနယ်နယ်အရပ်ရပ်က ပြည်သူတွေ၊ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေတဲ့ လုပ်ငန်းရှင် အသေးစား၊ အငယ်စားအားလုံးကို ကျွန်တော့်အနေနဲ့ အကြံပြုတိုက်တွန်းချင်တာက ဒစ်ဂျစ်တယ်နည်းစနစ်နဲ့ ပြုပြင်ပြောင်းလဲပြီး လုပ်ရမယ်ဆိုတဲ့ အသိစိတ်ရယ်၊ လုပ်နေတာတွေက တော်တော်များများ ဖြစ်လာပါပြီ။ ဒါပေမယ့် စုပေါင်းညှိနှိုင်းတိုင်ပင်ပြီး ဆောင် ရွက်ရမယ့်ကိစ္စကိုလည်း မမေ့လျော့စေချင်ပါဘူး။

**စုပေါင်းညှိနှိုင်းလုပ်ရ**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေက တစ်ဦးကောင်း၊ တစ်ယောက်ကောင်းလုပ်လို့ မရပါဘူး။ အားလုံးစုပေါင်းညှိနှိုင်းပြီး လုပ်ရတဲ့အနေအထား ဖြစ်ပါတယ်။ ကျေးရွာအဆင့်မှာလည်း တူရာတူရာ စုဖွဲ့ပြီး ဆောင်ရွက်ဖို့လိုပါတယ်။ တစ်ဖက်ကလည်း ဒီကဏ္ဍအတွင်းမှာရှိနေတဲ့ စိုက်ပျိုးရေးလုပ်ငန်း လုပ်နေတဲ့သူတွေနဲ့ မွေးမြူရေးလုပ်ငန်းလုပ်နေတဲ့သူတွေ ပူးပေါင်းဖို့လိုပါတယ်။ အရင်တုန်းကလည်း ရှိပါတယ်။ ဆန်စက်လုပ်ငန်းလုပ်နေတဲ့ လုပ်ငန်းရှင်တွေက ဆန်စက်ကထွက်လာတဲ့ ဖွဲ၊ ဆန်ကွဲတို့ကို မွေးမြူရေးလုပ်ငန်းရှင်တွေကို ရောင်းကြပါတယ်။

ဒီတော့ ဆန်စက်လုပ်ငန်းလုပ်နေတဲ့ လုပ်ငန်းရှင်နဲ့ မွေးမြူရေးလုပ်ငန်းလုပ်တဲ့ လုပ်ငန်းရှင်တွေ Public Private Partnership ပါ။ တစ်ခါတလေကျရင် ပုဂ္ဂလိကနဲ့ အစိုးရ ပူးပေါင်းဆောင်ရွက်မှုကို ပြောသလိုပဲ တစ်ဖက်မှာလည်း ကိုယ့်ရဲ့ပုဂ္ဂလိကကဏ္ဍအတွင်းမှာ ပူးပေါင်းဆောင်ရွက်မှုတွေ၊ မျှဝေဆောင်ရွက်မှုတွေ ပိုပြီးအရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းအကြံပြုပြောကြားလိုပါတယ်။

နောက်တစ်ချက်က နိုင်ငံတော်အစိုးရပိုင်းက အခု MERRP ပေါ့။ အားလုံးမျှော်လင့်နေတဲ့ အစီအစဉ် ထွက်လာပါပြီ။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက်လုပ်ပြီဆိုရင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ ဘာတွေလုပ်သင့်သလဲ၊ ဘယ်လိုတွေလုပ်မှာလဲဆိုတဲ့ကိစ္စတွေကို ကျွန်တော်တို့လည်း ပြင်ဆင်ထားပါတယ်။ ကျန်တဲ့ကိုယ့်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်နေတဲ့ အသင်းအဖွဲ့တွေ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေကလည်း စဉ်းစားထားဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရက ပြည်သူနဲ့အတူဆိုပြီး မူဝါဒချမှတ်ဆောင်ရွက်နေတဲ့ချိန်မှာ ကျွန်တော်တို့ကလည်း နိုင်ငံတော်အစိုးရနဲ့အတူ ဘာတွေလုပ်နိုင်မလဲဆိုတာ အခုကတည်းက ပြင်ဆင်တွက်ချက်ပြီး ကိုယ့်ရဲ့လုပ်ငန်းတွေကို ပြုပြင်ပြောင်းလဲဆောင်ရွက်ဖို့ လိုအပ်တဲ့ အနေအထားရှိပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေက ကိုယ့်နိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာဖူလုံရေးဆိုရာမှာလည်း အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံရေး၊ Food Safety ပိုင်းလည်း ပါပါတယ်။ ဒါတွေကို ဂရုစိုက်ပြီး စနစ်တကျထုတ်လုပ်မယ်၊ နိုင်ငံတော်အစိုးရနဲ့အတူ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်ပြီးလုပ်မယ်ဆိုရင် ၂၀၂၁ ခုနှစ်က လယ်ယာကဏ္ဍရဲ့ အလှည့်အပြောင်းနှစ်တစ်ခု ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ မျှော်လင့်ပါတယ်။

**အစီအစဉ်မှူး။** ။ ဆရာဦးသာထက်အနေနဲ့ ပြည်သူတွေကို ထပ်မံပြီး အကြံပြုချင်တဲ့ အကြောင်းအရာရှိရင်လည်း မျှဝေပေးပါဦး။

**ဦးသာထက်။** ။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍသာမက အခြားအခြားသော ကဏ္ဍတွေမှာရှိနေတဲ့ လုပ်သားတွေ၊ အလုပ်အခြေအနေအရ အပြောင်းအလဲဖြစ်ကြတဲ့ အခြေအနေထဲမှာ ရှိနေတဲ့သူတွေ၊ နောက်ပြီး လုပ်ငန်းရှင်တွေအနေနဲ့ ဒီလို အချိန်ကာလအတွင်းမှာ ဒစ်ဂျစ်တယ် နည်းလမ်းကိုသုံးပြီး ဖျော်ဖြေရေးတွေ၊ ပျော်စရာတွေပဲ ကြည့်နေမယ့်အစား ဒီဟာကိုသုံးပြီး သူများတွေ ဘယ်လိုဈေးတွေရောင်းနေတယ်။

ဒီအချက်အလက်ကိုသုံးပြီး ဘယ်လိုဈေးကွက်ရှာနေကြတယ် ဆိုတာမျိုးတွေကိုလည်း မြင်အောင်ကြည့်ပြီး ကိုယ်လည်း ဒါကို သုံးတတ်အောင်၊ လုပ်တတ်အောင်လုပ်ဖို့ အကြံပြုချင်ပါတယ်။ နည်းပညာလို့ ကျွန်တော်တို့ အမြဲတမ်းပြောတဲ့အခါ နည်းပညာက စက်ပစ္စည်းတွေနဲ့ Infrastructure လိုမျိုးသာမက ဒါကို ဘယ်လိုအသုံးပြုရသလဲဆိုတဲ့ နည်းလမ်းကလည်း နည်းပညာရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

နည်းပညာဆိုတာက Processes လည်းပါတယ်။ ကိုယ့်ရဲ့စီးပွားရေးလုပ်ငန်းတွေက ယခင် ဒစ်ဂျစ်တယ်စနစ်မဖြစ်ခင်က လုပ်တဲ့ပုံစံနဲ့ ဒစ်ဂျစ်တယ်စနစ်ကို သုံးလိုက်လို့ မြန်မြန်ရောင်းလို့ရတယ်။ လွယ်လွယ်ရောင်းလို့ရတယ်။ များများရောင်းလို့ရမယ်ဆိုရင် ဘယ်လိုမျိုး ကိုယ့်လုပ်ငန်းကို ပြောင်းလဲရမယ်ဆိုတာကအစ ဒီအချိန်မှာစပြီး တွေးဖို့လိုနေပါပြီ။ အဲဒီလို မဖြစ်ဘူး၊ အဲဒီလို မလုပ်ထားဘူးဆိုရင် ရွှေ့လျားသွားမယ့် မျှခြေအခြေအနေရောက်တဲ့ အချိန်မှာ ကိုယ့်ရဲ့လုပ်ငန်းက မရှိတော့တာမျိုး ဖြစ်သွားနိုင်တယ်။ အဲဒီလိုမဖြစ်အောင် ဘယ်လိုပြောင်းလဲမယ်ဆိုတာ စဉ်းစားပြီး နည်းပညာကို ကိရိယာတစ်ခုလို အသုံးပြုပြီး လုပ်နိုင်အောင်၊ ကြီးပွားအောင်လုပ်ဖို့အတွက်ကို ပြင်ဆင်ဖို့ အခွင့်အလမ်းကောင်းဖြစ်တယ်လို့ မြင်ပါတယ်။ အဲဒါကို လုပ်ဖို့အတွက် တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။

ကြေးမုံ
နိုဝင်ဘာ ၂၇၊ ၂၀၂၀

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၅၀၇.၁၅၉) သန်း၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၁၁၇.၆၈၁)သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | စက်မှုကဏ္ဍ | ၁၁ | ၂၁၂.၈၃၉* | ၅ | ၁၁၁.၀၉၁* |
| (ခ) | အိမ်ရာအဆောက်အဦကဏ္ဍ | ၂ | ၂၂၀.၁၃၅ | - | - |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | | ၁၀.၁၅၈* | - | - |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၆၄.၀၂၇ | - | ၀.၂၀၀* |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၅.၀၀၀ |
| (စ) | စိုက်ပျိုးရေးကဏ္ဍ | - | - | ၁ | ၁.၃၉၀ |
| စုစုပေါင်း | | ၁၇ | ၅၀၇.၁၅၉ | ၇ | ၁၁၇.၆၈၁ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ်(၁၆၈၉၀၇.၀၈၇)သန်းနှင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ်(၆၂၉၆၂.၃၁၉) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်နှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) |
| (က) | စက်မှုကဏ္ဍ | - | ၁၄၅၀၂.၁၂၀* | ၇ | ၂၁၂၆၂.၈၄၀ |
| (ခ) | အိမ်ရာအဆောက်အဦကဏ္ဍ | - | - | ၁ | ၇၅၀၀.၀၀၀ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂ | ၁၀၁၃၆.၀၀၀ | ၂ | ၃၂၀၀.၀၀၀ |
| (ဃ) | ဆောက်လုပ်ရေးကဏ္ဍ | - | ၂၁၁၀၂.၁၂၂* | - | - |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၆ | ၆၈၁၁၇.၂၅၅ | ၃ | ၂၉၀၈၉.၈၆၃* |
| (စ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂ | ၁၉၇၁.၅၀၀ | - | ၁၆၀၉.၆၁၆* |
| (ဆ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၅၃၀၇၈.၀၀၀ | - | - |
| (ဇ) | စိုက်ပျိုးရေးကဏ္ဍ | - | - | ၁ | ၃၀၀.၀၀၀ |
| စုစုပေါင်း | | ၁၁ | ၁၆၈၉၀၇.၀၈၇ | ၁၄ | ၆၂၉၆၂.၃၁၉ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

၆။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | စက်တင်ဘာလ | အောက်တိုဘာလ |
| (က) | စက်မှုကဏ္ဍ | ၁၂၂၅၈* | ၂၉၈၆* |
| (ခ) | အိမ်ရာအဆောက်အဦကဏ္ဍ | ၃၆၇ | - |
| (ဂ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | ၅၉ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၉၉ | - |
| (င) | လယ်ယာကဏ္ဍ | - | ၁၃ |
| စုစုပေါင်း | | ၁၃၀၂၄ | ၃၀၅၈ |

*လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင်ဖြစ်ပါသည်။

၇။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | စက်တင်ဘာလ | အောက်တိုဘာလ |
| (က) | စက်မှုကဏ္ဍ | - | ၈၉၄ |
| (ခ) | အိမ်ရာအဆောက်အဦကဏ္ဍ | - | ၇၁ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၇၄ | ၉၂ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၈၉၀ | ၄၁၃ |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၃၀ | - |
| (စ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၄၀ | - |
| (ဆ) | လယ်ယာကဏ္ဍ | - | ၁၈ |
| စုစုပေါင်း | | ၁၀၃၄ | ၁၄၈၈ |

## MyFINANCE စီမံကိန်းဆောင်ရွက်မှုအပေါ် လေ့လာသုံးသပ်မှု အစည်းအဝေးပြုလုပ်



**နေပြည်တော် နိုဝင်ဘာ ၂၆**

သမဝါယမဦးစီးဌာနနှင့် ကနေဒါနိုင်ငံ သမဝါယမအဖွဲ့ချုပ်(CCA)တို့ နားလည်မှုစာချွန်လွှာအရ “မြန်မာနိုင်ငံ သမဝါယမ အသင်းများမှတစ်ဆင့် ငွေကြေးကဏ္ဍတွင် ပါဝင်ခြင်းနှင့် တိုးချဲ့ဆောင်ရွက်ခြင်း (MyFINANCE) စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် လေ့လာသုံးသပ်မှု အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် Online Meeting ဖြင့် ကျင်းပခဲ့ရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် တာဝန်ရှိသူများ၊ LIFT ၏ Evaluation အကြံပေး Mr. Barcaly နှင့် တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးကြသည်။

အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာလုံခြုံရေးရန်ပုံငွေအဖွဲ့ (LIFT) ၏ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သုံးသန်းဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံနှင့် နွားထိုးကြီးမြို့နယ်တို့ရှိ သမဝါယမဦးစီးဌာနများ၊ မြို့နယ်သမဝါယမအသင်းစုများနှင့်ပူးပေါင်း၍ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပေးခြင်း၊ မြို့နယ်သမဝါယမ အသင်းစုများတွင် ငွေစုငွေချေးလုပ်ငန်း ထူထောင်၍ လယ်သမားချေးငွေ၊ ကုန်စည်လုပ်ငန်းချေးငွေတို့ကို ထုတ်ချေးပေးခြင်း၊ စုဆောင်းငွေတိုးပွားစေရန် တိုးတက်ဘဝအကောင့်၊ အနာဂတ်အကောင့်၊ ကလေးအကောင့် စသည်တို့ဖြင့် စုဆောင်းငွေလုပ်ငန်းများကို ၂၀၁၇ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ် မေလအထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်မှုကြောင့် မြင်းခြံနှင့် နွားထိုးကြီးမြို့နယ်တို့ရှိသမဝါယမအသင်းသားများတွင် ငွေစုဆောင်းသည့်အလေ့အထ ရရှိလာကြောင်း၊ စုဆောင်းငွေအပေါ် အတိုးနှုန်းကို အခြားသောဘဏ္ဍာရေးအဖွဲ့အစည်းများထက် တိုးမြှင့်ပေးခြင်းဖြင့် အသင်းသားများ၏ စုဆောင်းငွေကို ဆွဲဆောင်နိုင်ခြင်း၊ စုဆောင်းငွေကို အချိန်မရွေး ပြန်လည်ထုတ်ယူနိုင်သည့်စနစ်ကြောင့် သမဝါယမလုပ်ငန်းအပေါ် အသင်းသားများ၏ ပိုမိုယုံကြည်မှုရရှိစေကြောင်း၊ အသင်းစုများ၏ စာရင်းဇယားများကို MIS စနစ်ဖြင့် ဆောင်ရွက်ခြင်းကြောင့် သတင်းအချက်အလက်များကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ကြောင်း၊ Capacity Building များ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် စီမံကိန်းဒေသရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာကြောင်းနှင့် ယခုကဲ့သို့ စီမံကိန်း၏ အားသာချက်များကို အခြားသော မြို့နယ်သမဝါယမအသင်းစုများကလည်း နမူနာယူ၍ ကျင့်သုံးဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်ဆွေးနွေးခဲ့သည်။

ရှေ့ဆက်၍လည်း LIFT ၏ ပံ့ပိုးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြားသော မြို့နယ်များတွင်လည်း အလားတူ စီမံကိန်းများကို Pilot Project အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် သမဝါယမဦးစီးဌာနအနေဖြင့် ဆန္ဒရှိပါကြောင်း၊ သမဝါယမလုပ်ငန်းများ နည်းစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အထောက်အပံ့ပေး၍ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄၈) လွှတ်တော်ကိုယ်စားလှယ်လောင်းတို့ ဆောင်ရွက်ရန်ကျန်ရှိသည်များ



မောင်စာဂ

တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် ချောမောအောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲကြီး ကျင်းပပြီးစီးသွားပြီဖြစ်သော်လည်း ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအားလုံး ဆောင်ရွက်ရန် တာဝန်တစ်ခု ကျန်ရှိနေပါသေးသည်။ ယင်းသည်ကား ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန်ပင်ဖြစ်သည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။

## သုံးစွဲခွင့်ရှိသောငွေပမာဏနှင့် ငွေအမျိုးအစား

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲကုန်ကျစရိတ်အဖြစ် ငွေကျပ်သိန်းတစ်ရာအထိ သုံးစွဲနိုင်သည်။ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်အထိသုံးစွဲနိုင်သည်။ ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိ၏ ကိုယ်ပိုင်ငွေဖြင့် သုံးစွဲနိုင်သည်။ ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းစီကဖြစ်စေ ကုမ္ပဏီ (သို့မဟုတ်)ကုမ္ပဏီအစုအဖွဲ့များကဖြစ်စေ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသောငွေများကိုလည်း သုံးစွဲနိုင်သည်။ သက်ဆိုင်ရာပါတီအဖွဲ့အစည်းက ထောက်ပံ့သည့်ငွေဖြင့်လည်း သုံးစွဲနိုင်သည်။

## ငွေစာရင်းစာအုပ်များ ထားရှိသုံးစွဲခြင်း

လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် ငွေစာရင်းစာအုပ်များကို စနစ်တကျထားရှိရမည်။ သတ်မှတ်ထားသည့်အတိုင်း ရေးမှတ်ရမည်။ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ အသုံးစရိတ်များကို သတ်မှတ်ချက်နှင့်အညီ ကျခံသုံးစွဲရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်လည်းကောင်း၊ ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကလည်းကောင်း ရွေးကောက်ပွဲကုန်ကျစရိတ်များကို ပေးချေနိုင်သည်။

## ကုန်ကျစရိတ်စာရင်း တင်သွင်းခြင်း

ရွေးကောက်ပွဲကျင်းပပြီးစီးသည့်အခါ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ရွေးကောက်တင်မြှောက်ခံရခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်သည် မိမိတို့သုံးစွဲခဲ့သည့် ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍သက်ဆိုင်ရာပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ (သို့မဟုတ်) ခရိုင်ကော်မရှင်အဖွဲ့ခွဲထံ တင်သွင်းရမည်။

တင်သွင်းရမည့်အချိန်ကာလသတ်မှတ်ချက်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်။ သို့ဖြစ်၍ မိမိနှင့်သက်ဆိုင်သည့် ကြေညာသည့်နေ့ရက်ကို သေချာသိရှိရန်လိုအပ်သည်။

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ (၂၀) ဖြင့် ရေးသွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့်ပူးတွဲ တင်သွင်းရမည်။ ပုံစံ (၂၀) ကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် ဖော်ပြထားသည်။ မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူကြီးတစ်ဦးဦးရှေ့မှောက်၌ ယင်းစာရင်းများမှန်ကန်ကြောင်း ကျမ်းကျိန်လွှာကိုလည်း ပူးတွဲတင်သွင်းရမည်။

## ဖြည့်သွင်းရန်အချက်များ

ပုံစံ (၂၀) ဖြစ်သည့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတွင် ဖြည့်သွင်းရန်အချက်များကို အပိုင်းလိုက်ဖော်ပြထားသည်။ အပိုင်း (က) မှ အပိုင်း (ဏ) အထိ ပါရှိသည်။ အပိုင်း(က)မှ အပိုင်း (ဋ)အထိ မည်သည့်အသုံးစရိတ်များအတွက် ဖြည့်သွင်းရမည်ကို တိကျစွာဖော်ပြထားသည်။ အပိုင်း(ဌ)တွင် အပိုင်း(က)မှ အပိုင်း(ဋ) အထိ မပါရှိသည့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲကိစ္စအလို့ငှာ သုံးစွဲခဲ့သည့် အခြားအသုံးစရိတ်များရှိပါက ဖော်ပြရန်ဖြစ်သည်။ အပိုင်း (ဍ) သည် အသုံးစရိတ်စုစုပေါင်းကို ဖော်ပြရန်ဖြစ်သည်။ အပိုင်း (ဎ) သည် ရွေးကောက်ပွဲကိုယ်စားလှယ်၏ ကျမ်းကျိန်လွှာဖြစ်ပြီး အပိုင်း (ဏ) သည် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ကျမ်းကျိန်လွှာဖြစ်သည်။ ပုံစံ (၂၀) ကိုသေချာလေ့လာ ဖတ်ရှုရပါမည်။ တိကျမှန်ကန်စွာ ဖြည့်သွင်းဖော်ပြရန်လိုပါသည်။

## ကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်ရမည့်အချက်

ပုံစံ (၂၀) ဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းလွှာကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ငွေစာရင်းတင်သွင်းသည့် နေ့ရက်ကိုလည်းကောင်း၊ သတ်မှတ်ထားသော အချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်း ပြု/မပြုကိုလည်းကောင်း ယင်းစာရင်း၌ မှတ်တမ်းတင်ထားရမည်။ လက်ခံရရှိသည့်နေ့မှ နှစ်ရက်အတွင်း ပုံစံ (၂၀) မိတ္တူတစ်စုံကို မိမိရုံး အများမြင်သာသောနေရာတွင် ကပ်ထားရမည်။ မိတ္တူကူးယူလိုပါက စာတစ်မျက်နှာလျှင် တစ်မျက်နှာပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ ငွေကျပ် ၁၀၀၀ ပေးဆောင်ပါက မဲဆန္ဒရှင် မည်သူကိုမဆို လျှောက်ထားရယူခွင့် ရှိစေရမည်။

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် သတ်မှတ်ထားသော နေ့ရက်ကုန်ဆုံးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အစီရင်ခံစာ တင်သွင်းရမည်။ ယင်းအစီအရင်ခံစာတွင် ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်များ၊ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းသည့် ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့် ကိုယ်စားလှယ်လောင်း၏အမည်များ၊ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းပါက တင်သွင်းသည့် နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် သတ်မှတ်ချက်အတိုင်း တင်သွင်းခြင်း ပြု/မပြုနှင့် တင်သွင်းရန်ပျက်ကွက်သည့် ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့အား အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာသင့်ကြောင်း တင်ပြချက် စသည်တို့ပါရှိရမည်။

သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အထက်ပါအတိုင်း အစီရင်ခံစာတင်သွင်းပြီးနောက် မိမိရုံးရှိ အများမြင်သာသောနေရာ၌ ကြော်ငြာစာကပ်ထားရမည်။ ယင်းကြော်ငြာစာတွင် ရွေးကောက်ပွဲယှဉ်ပြိုင်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်များ၊ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းသည့် ကိုယ်စားလှယ်လောင်းများနှင့် မတင်သွင်းသည့် ကိုယ်စားလှယ်လောင်းများ၏ အမည်များ၊ တင်သွင်းပါက ယင်းသို့ တင်သွင်းသည့် နေ့ရက်၊ သတ်မှတ်ထားသောအချိန်နှင့် သတ်မှတ်ချက်အတိုင်း တင်သွင်းခြင်း ပြု/ မပြုနှင့် သတ်မှတ်ရက်အတွင်း မတင်သွင်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အရည်အချင်းပျက်ယွင်းသူဟု သတ်မှတ်ရန် တင်ပြထားသူများ စသည့်အချက်များ ပါရှိရမည်။

## ကိုယ်စားလှယ်လောင်းက ဆောင်ရွက်ရန်အချက်

သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ၎င်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အထက်ပါအတိုင်း ကြော်ငြာစာကပ်သည့်နေ့မှစ၍ ၁၅ ရက်အတွင်း မိမိအား အရည်အချင်းပျက်ယွင်းသူအဖြစ် မသတ်မှတ်သင့်ကြောင်း အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားနိုင်သည်။ မိတ္တူတစ်စောင်ကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

## ကော်မရှင်ကဆောင်ရွက်ရန်အချက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက တင်ပြလာသည့် အစီရင်ခံစာအရဖြစ်စေ၊ သက်ဆိုင်ရာကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်တို့က လျှောက်ထားလာချက်အရဖြစ်စေ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သူများသည် အရည်အချင်းပျက်ယွင်းသူများ ဟုတ်/မဟုတ် ဆုံးဖြတ်နိုင်ရန် ရွေးကောက်ပွဲခုံအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးစေရမည်။ ရွေးကောက်ပွဲခုံအဖွဲ့၏ အစီရင်ခံစာအပေါ်မူတည်၍ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့်/မသင့် ဆုံးဖြတ်ရမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်ခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်စာရင်းများကို ကြေညာချက်ဖြင့် ထုတ်ပြန်ကြေညာရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရပါမည်။

## အကျိုးသက်ရောက်မှု

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အရည်အချင်းပျက်ယွင်းသည်ဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ရွေးကောက်ပွဲကိုယ်စားလှယ်သည် ယင်းသို့ကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါ။

## သာဓကဖြစ်စဉ်များ

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ကြေညာ ခြင်းခံရသူများနှင့်စပ်လျဉ်း၍ ၂၀၁၀ ပြည့်နှစ် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၂ ဦး၊ ရွေးကောက်ပွဲကိုယ်စားလှယ် ၃၁ ဦးရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၉ ဦး၊ ရွေးကောက်ပွဲကိုယ်စားလှယ် ၂၄ ဦး ရှိခဲ့သည်။

## အရည်အချင်းပျက်ယွင်းသူများ မဖြစ်စေလိုပါ

ရွေးကောက်ပွဲတစ်ခုပြီးလျှင် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့၏ရွေးကောက်ပွဲအသုံးစရိတ်ငွေစာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းကြရမည်မှာ မဖြစ်မနေဆောင်ရွက်ကြရမည့် တာဝန်ဖြစ်သည်။ ရွေးကောက်ပွဲပြီးသွားသော်လည်း ယင်းတာဝန်ကို ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အသီးသီး၌ ပါဝင်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦးရှိသည်။ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များလည်း ရှိကြသည်။ ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် ဂုဏ်ယူကြရမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်အားလုံးတို့သည် ရွေးကောက်ပွဲကာလ မိမိတို့သုံးစွဲခဲ့သည့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ထားသည့်အတိုင်း သတ်မှတ်သည့်အချိန်ကာလအတွင်း သတ်မှတ်ချက်နည်းလမ်းများနှင့်အညီ တင်သွင်းကြခြင်းဖြင့် အရည်အချင်းပျက်ယွင်းသူများ မဖြစ်ကြစေလိုကြောင်းပါဗျာ။

- **ရွေးကောက်ပွဲတွင် ဥပဒေနှင့်အညီ တရားသဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြင့် ဂုဏ်ယူနိုင်ကြပါစေ။**
- **ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကိုသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ချိန်အမီ တင်သွင်းနိုင်ကြပါစေ။**
- **ပြည်သူနှင့် နိုင်ငံတော်အကျိုး ကျရာနေရာမှ ထမ်းဆောင်ခြင်းဖြင့် သမိုင်းပေးတာဝန် ကျေပွန်ကြပါစေ။**

**ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ အသုံးစရိတ်များကို သတ်မှတ်ချက်နှင့်အညီ ကျခံသုံးစွဲရမည်။**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်-ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင်ကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝဏ္ဏကျော်ထင်၊ စည်သူ၊ သရေစည်သူ ဦးအောင်ကိုဝင်း-**
**အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်) မိသားစု**
**နာယက**
**ကမ္ဘောဇဘဏ်လီမိတက်**

SKY
အုံ့မြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိ မြေကွက်များ
ဝယ်လိုသည်။
09-5088603
09-250009921

သစ်
တော
နဲ့
သစ်ပင်
ချစ်
ခင်
တဲ့
လူမျိုး
သစ်
ပင်
ကို
နှစ်စဉ်
စိုက်
ရွှေတိုက်
ကိုစိုး

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးသန်းနိုင်-ဒေါ်ဝင်းဥမ္မာညွန့်**
**Excellent Myanmar Co.,Ltd.**
**တောင်ကြီးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ**

**သီဟသုဓမ္မမဏိဇောတဓရ**

### ဦးစံငြိမ်း(အသက်၈၀)

**ဒါရိုက်တာ၊ ရွှေဂုံတိုင်ဆေးရုံ(SSC)**

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်သိန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကနှင့်ကန်တော့ခံပုဂ္ဂိုလ်ဦးစံငြိမ်းသည် ၂၅-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)မှ ရေနံချေး ၂၃၇,၇၂၀ ဂါလန် (ဂါလန်နှစ်သိန်းသုံးသောင်းခုနစ်ထောင်ခုနစ်ရာ့နှစ်ဆယ်တိတိ)အား ၂၈-၁၂-၂၀၂၀ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်ပြီး ယင်းနေ့ ၁၄:၀၀ နာရီတွင် တင်ဒါ ဖွင့်လှစ်၍လည်းကောင်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပုရာကန်)မှ ရေနံမီးသွေး ၁၀၀၀ မက်ထရစ်တန် (မက်ထရစ်တန်တစ်ထောင်တိတိ)အား ၂၁-၁-၂၀၂၁ ရက်၊ ၁၃:၀၀ နာရီတွင် တင်ဒါပိတ်ပြီး ယင်းနေ့ ၁၄:၀၀ နာရီတွင် တင်ဒါဖွင့်လှစ်၍လည်းကောင်း ရောင်းချမည်ဖြစ်ပါကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း ၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်-၄၈ ဟုခေါ်တွင်သော ဧရိယာ (၂၅'x၆၀') ရှိ စတုတ္ထထပ် (ခြေရင်း) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာရောင်းချသည့် ဒေါ်ခင်ဥမ္မာရီ (၁၂/ဗတထ(နိုင်)၀၂၁၄၉၃၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဆုဆုခိုင် (LL.B) ဦးမြတ်သူ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၀၇၀၅) အထက်တန်းရှေ့နေ (စဉ်-၅၃၁၅၃)
ရုံး-အမှတ်-၂၂၅ (ပထပ်)၊ ၃၅-လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၃၃၉၉၄

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးဝင်းနိုင် အသက်(၅၆)နှစ်

**Managing Director, Shwe Zin Yaw Hein Co., Ltd (SZYH Jetty)**

**ရွှေဇင်ယော်ငါးဖမ်းစက်လှေအုပ်စု**

ဦးဝင်းနိုင် အသက်(၅၆)နှစ် Managing Director, Shwe Zin Yaw Hein Co., Ltd (SZYH Jetty) ရွှေဇင်ယော်ငါးဖမ်းစက်လှေအုပ်စုသည် ၂၅-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၀၇ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းနှင့်ဇနီး ဒေါ်နီလာညွန့်**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (မွေးရေကျေးလက်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်း၊ မိသားစုများ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး**

**အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ**

**သီဟသုဓမ္မမဏိဇောတဓရ**

### ဦးစံငြိမ်း

**အသက်(၈၀)**

ရန်ကုန်မြို့၊ အမှတ်(၈၂၀)၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်သိန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ရွှေဂုံတိုင်ဆေးရုံ(SSC)၏ ဒါရိုက်တာ ဖခင်ကြီးတစ်ဦးကဲ့သို့ လေးစားချစ်ခင်ရပါသော လေးလေး ဦးစံငြိမ်း အသက်(၈၀)သည် ၂၅-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးလှမော်)၊ ဒေါ်လှလှသန်း**
**(သမီး) မခင်စန္ဒာမော်၊ (သား) မောင်တင့်ထူးမော်**
**ခင်စန္ဒာမော် ပုံနှိပ်လုပ်ငန်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မြတ်သူ

**အသက်(၇၂)နှစ်**

**ရမည်းသင်း**

**ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်) ဘဏ္ဍာရေးမှူး**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ရွှေဘုံသာလမ်း၊အမှတ်(၈၉)နေ ဆရာကြီး ဦးရန်ကြီးအောင် (ဆန်းကျမ်းနှင့်လက္ခဏာ)၏ဇနီး၊ ရမည်းသင်းမြို့နယ်အသင်း (ရန်ကုန်)မှ ပေးအပ်သောတာဝန်များကို ကျေပွန်စွာဆောင်ရွက်ခဲ့သူ ဒေါ်ခင်မြတ်သူသည် ၂၅-၁၁-၂၀၂၀ ရက် ညနေ ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)**

သင့်သွေးဖြင့်
အသက်ကယ်ပါ

Air Con အဟောင်း/အပျက်
များဈေးကောင်း
ပေးဝယ်သည်။
ကိုမောင်မောင်တင်
09-5085850, 09-765085850

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင် သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊**
**ဇနီး ဒေါ်စန်းစန်းထွန်းနှင့်**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ**
**မီးသတ်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဘစိန်

**ဦးဘစိန်လျှပ်စစ်ပစ္စည်းဆိုင်**

**အသက်(၇၈)နှစ်**

1985–95 Batch ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်း ဒေါက်တာကံစိုး၏ ချစ်လှစွာသောဖခင်ကြီး ဦးဘစိန်သည် ၂၄-၁၁-၂၀၂၀(အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ရန်ကုန်မြို့ ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းတို့ရဲ့ မိသားစုနှင့် အတူ စာနာစွာဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ် (၁)85–95 Batch မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စိန်စိန် (မုံရွာ)

**အသက်(၈၄)နှစ်**

မုံရွာမြို့၊ စတိတ်တူးဆရာ (ဦးမောင်မောင်စိုးမြင့်)၏ဇနီး စတိတ်တူးကျောင်းသူဟောင်း ဒေါ်စိန်စိန်သည် ၂၆-၁၁-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ရောက် စတိတ်တူး မိတ်ဆွေများ၊**
**အကျိုးဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးအုန်းကြိုင်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့နေ ဦးအေးဝင်း-ဒေါ်စန်းစန်းဝေ (ပြည့်စုံ စိန်ရွှေရတနာဆိုင်၊ အင်းစိန်ဈေးကြီး)တို့၏ ဖခင်၊ ဒေါ်အုန်းကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးအုန်းကြိုင်သည် ၂၄-၁၁-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြင့်ရတနာရွှေဆိုင်မိသားစု**
**ပထမထပ်၊ စံပြငမိုးရိပ်ဈေး၊ သဃ်ာန်းကျွန်းမြို့နယ်**

**မလှိုင်မြို့နယ်အသင်း (ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်မျိုးဦး (မလှိုင်)

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၂၆/အေ)နေ ဗိုလ်ချုပ်ညွန့်တင် (လယ်/ဆည် ဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မျိုးဦး(မလှိုင်)သည် ၂၄-၁၁-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက**
**အမှုဆောင်အဖွဲ့**
**မလှိုင်မြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမ**

**ဒေါ်ခင်ခင်ဝင်း အသက်(၅၉)နှစ်**

**(နယူးတိုင်စင်၊ လပ်ကီးတိုင်စင်-ရတနာရွှေဆိုင်)**

ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ဇေယျသိဒ္ဓိကျောင်းတိုက်ကြီးများ၏ သာသနာ့ဒါယိကာမ၊ (ဦးသန်းရှိန်)-ဒေါ်လွေလျူးကျင်တို့၏ ချစ်လှစွာသောသမီးဖြစ်သူ ဒေါ်ခင်ခင်ဝင်း အသက်(၅၉) နှစ်သည် ၂၄-၁၁-၂၀၂၀ ရက်(အင်္ဂါနေ့) ည ၇:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သင်္ခါရတရားတို့၏ မမြဲမှုသဘောကို သံဝေဂဉာဏ်တင် အထပ်ထပ် ဆင်ခြင်ပွားများလျက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပရိယတ္တိ၊ ပဋိပတ္တိသာသနာဥပတ္ထမ္ဘကအဖွဲ့**
**ဇေယျသိဒ္ဓိကျောင်းတိုက်**
**ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်နှင့် ဇနီး ဒေါ်မိုးစန္ဒာဝင်း**
**ပြည်ထဲရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် - ဒေါ်နီလာစိန်တို့၏ မိခင်ကြီး ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်(၉၀-L)နေ [ဗိုလ်မှူးချုပ်လွန်းမောင် (ဝန်ကြီးချုပ်ရုံးဝန်ကြီး-ငြိမ်း)]၏ ဇနီး၊ နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်(ပြည်ထဲရေးဝန်ကြီး)-ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Shining Myanmar Co.,Ltd, Managing Director**
**သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်စွာထွဋ်-ဒေါ်ပိုးဖြူ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး နှင့် ဇနီး ဒေါ်နှင်းသန္တာဦး**
**ပြည်ထဲရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင် ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**ပြည်ထဲရေးဝန်ကြီးဌာန**

## ဦးလှဦး

**အင်ဂျင်နီယာ(စ) မြို့ပြ**

**အသက်(၇၂)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့၊ ဥယျာဉ်တော်ကျေးရွာနေ (ဦးခင်မောင်-ဒေါ်စောရီ)တို့၏ သားကြီး၊ မြစ်ငယ်မြို့နေ ဦးတူး-ဒေါ်အုန်းကြင်၊ ဦးသန်းလွင်-ဒေါ်လွင်လွင်ဦး၊ ဒေါ်မြင့်မြင့်စန်း၊ ဦးဖိုးကော်-ဒေါ်ညိုညိုစန်း တို့၏ အစ်ကို၊ ကူမဲမြို့နေ (ဦးအုန်းကျော်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်မျိုး၊ ဦးအောင်စိုး၊ ဒေါ်ယဉ်ယဉ်မျိုး၊ ဦးမောင်မောင်ဝင်း၊ ဒေါ်ကျင်ကျင်မျိုး၊ ဦးမြင့်သူတို့၏ အစ်ကို၊ စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်နေ ဒေါ်ခင်စန်းရီ (အထက်တန်းသူနာပြု-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်မင်းထိုက်-ဒေါ်ခင်ဖြူဖြူအုန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်မျိုးထိုက်-ဒေါက်တာနှစ်သစ်ရှိန်တို့၏ ဖခင်၊ မသဇင်မင်းထိုက်၏အဘိုး ဦးလှဦးသည် ၂၆-၁၁-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ယုန်ဖြူသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများ သိရှိပါရန် အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြကြည် (၉၈)နှစ်**

**တံတားဦးမြို့နယ်**

စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်-ဒေါ်အေးအေးမွန်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မြကြည်သည် ၂၅-၁၁-၂၀၂၀ရက် ညနေ ၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်**
**စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းမိသားစုများ**

## ဒေါ်မေမေခင်

**ကညော့်၊ ဘီလူးကျွန်း**

**အသက်(၈၆)နှစ်**

ကညော့်၊ ဘီလူးကျွန်းနေ (ဦးအေးဖေ-ဒေါ်ရင်မေ)တို့၏ သမီး၊ (ဦးအောင်ခင်-ဒေါ်စော)တို့၏သမီးချွေးမ၊ (ဒေါ်သင်းကြူ)၊(ဦးရွှေဘုန်း)၊(ဦးခိုင်)၊(ဒေါ်ငြိမ်းလှ)၊ (ဒေါ်သောင်းရီ)၊ (ဒေါ်အေးကြည်)တို့၏ ညီမ၊ ဦးတင်မောင်ထွဏ်း၏ ဇနီး၊ ဦးကိုကိုမောင်ထွန်း-ဒေါ်နွယ်နွယ်ဦး၊ ဦးကိုကိုအောင်-ဒေါ်ခင်မမထွဏ်းတို့၏ မိခင်၊ မောင်ကျော်ဇေယျထွန်း (2nd Years, IT, TU-မှော်ဘီ)၊ မောင်သန့်သူရိန်ထွန်း (Grade-10၊ အထက-၄၊ စမ်းချောင်း)တို့၏ အဘွားသည် ၂၆-၁၁-၂၀၂၀ ရက် နံနက် ၄:၅၀ နာရီတွင် စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ (၂/၄)ချမ်းသာလမ်း နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် နံနက် ၁၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး**

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**

**သီဟသုဓမ္မမဏိဇောတဓရ**

## ဦးစံငြိမ်း (အသက် ၈၀)

**ဒါရိုက်တာ၊ ရွှေဂုံတိုင်ဆေးရုံ(SSC)**

**ဂုဏ်ထူးဆောင်နာယကကြီး**

**(ညောင်လေးပင်မြို့နယ်အသင်း၊ ရန်ကုန်)**

ရန်ကုန်မြို့၊ အမှတ်(၈၂၀)၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ အသင်းဝင် ဒေါ်သိန်းဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာကူညီလှူဒါန်းပေးခဲ့ပါသော နာယကကြီး ဦးစံငြိမ်းသည် ၂၅-၁၁-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းနိုင်

**အသက်(၅၆)နှစ်**

ရွှေဇင်ယော်ဟိန်း ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းနိုင် အသက်(၅၆)နှစ်သည် ၂၅-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဖြိုးမြတ်ကုမ္ပဏီလီမိတက်နှင့် ကြို့ကုန်းငါးတင်ငါးချဆိပ်ခံတံတား**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းနိုင်

**အသက်(၅၆)နှစ်**

မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဝင်ဖြစ်သော (ရွှေဇင်ယော်ဟိန်းကုမ္ပဏီလီမိတက်)၏ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းနိုင် အသက်(၅၆)နှစ်သည် ၂၅-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်စိုး(ဥက္ကဋ္ဌ-မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း)**
**-ဒေါ်မြင့်မြင့်နွယ်**

## ဝမ်းနည်းကြေကွဲခြင်း

**ပင်လည်ဘူးမြို့နယ်အသင်း နာယက**

**ဦးစိုးသန်း(၈၄)နှစ်**

**ခရိုင်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

အမှတ်(၂၄၅/၂)၊ ဖိုးခေါင်လမ်း၊ တောင်ဥက္ကလာပနေ ဒေါ်စန်းလှိုင်၏ ခင်ပွန်း ဦးစိုးသန်းသည် ၂၄-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပင်လည်ဘူးမြို့နယ်အသင်း(ရန်ကုန်/မန္တလေး/ဌာနေ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘိုးခင်မောင်ဖောင်ဒေးရှင်းနာယက**

**ဦးစိုးသန်း (၈၄)နှစ်**

**ခရိုင်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

အမှတ်(၂၄၅/၂)၊ ဖိုးခေါင်လမ်း၊ တ/ဥက္ကလာပနေ ဒေါ်စန်းလှိုင်၏ ခင်ပွန်း ဦးစိုးသန်းသည် ၂၄-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်အေး-ဒေါ်ညွန့်တင်**
**ဘိုးခင်မောင်ပညာရေးဖောင်ဒေးရှင်း**
**အဖွဲ့ဝင်များ၊ ပင်လည်ဘူးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းနိုင်

**အသက်(၅၆)နှစ်**

မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဝင်ဖြစ်သော (ရွှေဇင်ယော်ဟိန်း ကုမ္ပဏီလီမိတက်)၏ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းနိုင် အသက်(၅၆)နှစ်သည် ၂၅-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**
**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြတ်သူ(ရမည်းသင်း)

**အသက်(၇၂)နှစ်**

**တောင်ကြီးကောလိပ်ကျောင်းသူဟောင်း**

တောင်ကြီးကောလိပ်တွင် အတူပညာသင်ကြားခဲ့သော သူငယ်ချင်း၊ ဆရာရန်ကြီးအောင်(ဆန်းကျမ်းလက္ခဏာ)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မြတ်သူသည် ၂၅-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ စိတ်ရင်းစေတနာကောင်းမွန်သော သူငယ်ချင်း၊ မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေ။

**၁၉၆၁ မှ ၁၉၇၄ တောင်ကြီးကောလိပ် ကျောင်းသူ၊ ကျောင်းသားများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

## ဒေါ်ခင်မျိုးဦး

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၂၆/အေ)နေ ဗိုလ်ချုပ်ညွှန့်တင်(လယ်/ဆည်ဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မျိုးဦးသည် ၂၄-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်လင်းလင်းထွန်း၊ ဦးအောင်နိုင်ထွန်း@Willy၊ ဦးဇော်နိုင်ထွန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်အေး (ဒိုက်ဦး)

**လက်ထောက်ကထိက(ငြိမ်း)**

**ဗဟိုသမဝါယမကောလိပ်(ဖောင်ကြီး)**

**အသက် (၇၆) နှစ်**

ဒိုက်ဦးမြို့၊ ကုန်သည်လမ်းနေ (ကျောင်းအုပ်ကြီးဦးအုန်းဖေ-ဒေါ်စောရီ)တို့၏သားကြီး၊ ရန်ကုန်မြို့နေ ဒေါ်ကြည်ကြည်ဝင်း၏ ခင်ပွန်း၊ ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့ဝင်ဟောင်း ဦးမောင်မောင်အေးသည် ၂၃-၁၁-၂၀၂၀ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## မူးယစ်ကို ပစ်
## ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ဥတုရာသီ တောကိုမှီ၏

## ဒေါက်တာချစ်ရွှေ

**အသက်(၈၄)နှစ်**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အခြေခံပညာဦးစီးဌာန**

မကွေးမြို့နေ (ဦးသန့်-ဒေါ်ဖွားကြည်)တို့၏ သားကြီး၊ မကွေးမြို့နေ (ဦးစိုး-ဒေါ်စိန်ရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာနေ ဒေါ်ခင်မမကြီး (အထပြ-ငြိမ်း၊ အထက-၂၊ ဗဟန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေလင်း (Chief Mate-FG, NYKSM)-ဒေါ်တင်တင်မော်၊ ဦးမိုးကျော်သူ-ဒေါက်တာဖြူဖြူခင်၊ (ဗိုလ်ကြီးနေလင်းဦး)-ဒေါ်ပပခင်တို့၏ ချစ်လှစွာသောဖခင်၊ မဖူးငုံလင်း၊ မောင်ထွန်းအေးချမ်း၊ မောင်ထိပ်တင်ကြီး(ခ)မောင်ရဲလင်းမြတ်ဘုန်းတို့၏ အဘိုးသည် ၂၅-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၁ နာရီတွင် ၈၄ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁:၃၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြလှိုင် (ဝ-ယ-မ-ပ) ရွှေပါရမီရှင်

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၇၅)၊ ပထမထပ်နေ (ဦးအန့်ကြီး-ဒေါ်ပန်းမြိုင်)တို့၏ သား၊ (ဦးထွန်းရွှေ)-ဒေါ်ကျင်ညိမ်းတို့၏ သားသမက်၊ ဒေါ်စန်းပွင့်၏ ခင်ပွန်းသည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းနိုင်

**အသက်(၅၆)နှစ်**

**Managing Director, Shwe Zin Yaw Hein Co.,Ltd(SZYH Jetty)**

**ရွှေဇင်ယော်ဟိန်းဖမ်းစက်လှေအုပ်စု**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(က/၁၀/A)နေ (ဦးအင်ဝင်း-ဒေါ်လှအေး)တို့၏ ချစ်လှစွာသောသား၊ ဦးအောင်သန်းဦး-ဒေါ်တင်တင်ဝင်း၊ (ဦးပြည့်စိုးထွန်း)-ဒေါ်ဖြူဖြူသင်းတို့၏ ချစ်လှစွာသောအစ်ကို၊ မောင်သန်းထက်အောင်၊ မောင်ဇွဲထက်လင်း၊ မထက်ထက်ဝင်းအောင်တို့၏ ချစ်လှစွာသောဦးလေးသည် ၂၅-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၀၇ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးဆွေကျော်(ခ)ကိုရင်ထိုင် (ပဲခူး)

**အသက်(၅၀)**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးမြင့်-ဒေါ်အုန်း)၊ ယခင် စင်ဘန်ဟင်းမုန့်တိုက်၊ မွန်ပြည်နယ်၊ စစ်တောင်းမြို့နေ (ဦးရန်နား-ဒေါ်အေးနွယ်)တို့၏ မြေး၊ ပဲခူးမြို့၊ အမှတ်(၅)၊ မင်းလမ်းနေ ဦးကျော်ဝင်း(ခ)ဦးရီရှမ်း-ဒေါ်မြမြမိုးတို့၏ ချစ်လှစွာသောသားကြီး၊ [ဦးသန့်အောင်ကျော်(ခ)ကိုစီတုန်း]-ဒေါ်အိအိခင်၊ ဦးဆန်းလင်း-ဒေါ်မြဝတ်ရည်ကျော်(မိုးမုန့်တိုက်)တို့၏ အစ်ကိုကြီး၊ ကိုထက်ကျော်ရဲ (ခေတ္တ-စင်ကာပူ)၊ မအိမ့်သက်မှူးကျော် (စတုတ္ထနှစ်-အင်္ဂလိပ်စာ-ပဲခူးတက္ကသိုလ်)၊ မောင်ဘုန်းပြည့်လျှံကျော် (ပထမနှစ်-သတ္တဗေဒ-ပဲခူးတက္ကသိုလ်)၊ မကြည်စင်လင်းလဲ့ကျော် (ဒုတိယနှစ်-ရုက္ခဗေဒ-ရန်ကုန်တက္ကသိုလ်)၊ မကြည်ချိုအေးမြကျော် (အထက-၃၊ ပဲခူး)၊ မကြည်ချိုမွှေးမြကျော် (အထက-၃၊ ပဲခူး)တို့၏ ချစ်လှစွာသောဘကြီးသည် ၂၅-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှရီ

**မြန်မာ့လေကြောင်း (အင်ဂျင်နီယာမှူးကြီး-ငြိမ်း)**

**အသက်(၈၀)**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊အမှတ်(၁၉၉)၊ ရာဇသင်္ကြန်(၅)လမ်း၊ (၁၁)ရပ်ကွက်နေ (ဦးခင်မြင့်-ဒေါ်သိန်းကြည်)တို့၏ သား၊ (ဦးကျော်တင်-ဒေါ်သိန်းရွှေ)တို့၏ သားသမက်၊ (ဒေါ်ဝင်းကြည်)၏ ခင်ပွန်း၊ ဦးဥာဏ်ထွန်း-ဒေါ်စန်းစန်းနွယ်၊ (ဦးကျော်ညွန့်)၊ ဦးဝင်းမြင့်-ဒေါ်ခင်ရီမြင့်၊ ဒေါ်စန္ဒာအေး (YCDC ဈေးများဌာန)၊ ဦးသာလှ-ဒေါ်အေးအေးသန့်၊ ဦးမြတ်သိန်းထိုက်-ဒေါ်နှင်းအိဖြူတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၁၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၂ နာရီတွင် ၈၆ ပါးရောဂါဖြင့် ပင်လုံဆေးရုံ(ICU)၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေသက်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်(၉၀-L)နေ (ဝန်ကြီးချုပ်ရုံးဝန်ကြီး-ဗိုလ်မှူးချုပ် သီရိပျံချီ လွန်းမောင်)၏ ချစ်လှစွာသောဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်-ဒေါ်နီလာစိန်တို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်ရွှေသက်သည် ၂၆-၁၁-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေး နှင့် ဇနီး ဒေါ်မြမြစန်း**
**မိသားစု**

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊ရေတွင်း၊ရေကန် ဒါယိကာမကြီး

# ဒေါ်ခင်ခင်ဝင်း

## (နယူးတိုင်စင်၊ လပ်ကီးတိုင်စင်ရတနာရွှေဆိုင်)

## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ် (၇၀/၇၂)နေ (ဦးသန်းရှိန်)-ဒေါ်လွေလျူးကျင်တို့၏ ချစ်လှစွာသောသမီး၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးယုမောင်-ဒေါ်စန်းစန်းမြင့်၊ ဦးယုခင်တို့၏ ညီမ၊ ဦးယုကျင်၊ ဒေါ်လှလှဝင်း၊ ဒေါ်ချိုချိုဝင်း၊ Dr.ဦးယုအောင်တို့၏ အစ်မ၊ Dr.ကြည်ထူးအောင်၊ မပြည့်ဖြိုးကြွယ်၊ မအိဖြူစင်တို့၏အဒေါ် ဒေါ်ခင်ခင်ဝင်းသည် ၂၄-၁၁-၂၀၂၀ (အင်္ဂါနေ့) ည ၇:၅၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာမြင့်မြင့်လွင်

**အသက်(၇၄)နှစ်**

**အဏုဇီဝဗေဒ-အထူးကုဆရာဝန်ကြီး**

**မှိုဗေဒဌာနမှူး (ငြိမ်း)**

**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၁၄)၊ မြေညီထပ်နေ Dr. တင်ဖုန်း (ဒလ)၏ ဇနီး၊ ဦးကျော်ဝဏ္ဏ-Dr. ဇင်မာဦး (ခေတ္တ-စင်ကာပူ)၊ ဦးအောင်ဝဏ္ဏ-ဒေါ်သီရိစောလွင်(ခေတ္တ-စင်ကာပူ)တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မောင်ထွဋ်ကျော်ဇင်၏ အဘွားသည် ၂၄-၁၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာမြင့်မြင့်လွင်

**အသက်(၇၄)နှစ်**

**အဏုဇီဝဗေဒ-အထူးကုဆရာဝန်ကြီး**

**မှိုဗေဒဌာနမှူး (ငြိမ်း)**

**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၁၄)၊ မြေညီထပ်နေ Dr. တင်ဖုန်း(ဒလ) ဇနီး၊ (ဦးတင်လေး-ဒေါ်ကြည်)၊ (ရဲမှူးမောင်မောင်ကြီး-ဒေါ်အမာပု)တို့၏ ညီမ၊ ဦးလှဖုန်း-ဒေါ်ခင်နု၊ Dr. မျိုးမြင့်အောင်-ဒေါ်တင်တင်စန်း၊ ဦးတိုးမြင့်အောင်-Dr. မကြည်လှိုင်၊ (ဗိုလ်ကြီးစိုးမြင့်အောင်)၊ ဦးကိုကိုကြီး-ဒေါ်ခင်ဝင်း၊ ဦးအောင်ဝင်း-ဒေါ်နီလာမြင့်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်အစ်မကြီးသည် ၂၄-၁၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကို၊ မောင်နှမများ

## ဒေါက်တာမြင့်မြင့်လွင်

**အသက်(၇၄)နှစ်**

**အဏုဇီဝဗေဒ-အထူးကုဆရာဝန်ကြီး**

**မှိုဗေဒဌာနမှူး (ငြိမ်း)**

**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၁၄)၊ မြေညီထပ်နေ Dr. တင်ဖုန်း (ဒလ)၏ ဇနီး၊ Dr. ခင်မောင်ထွန်း-ဒေါ်သန်းသန်းလွင်(USA)၊ (ဦးကြည်ဇင်)-ဒေါ်သင်းသင်းဖြူ၊ ဦးကြည်ဆွေ-ဒေါ်သန်းသန်းလှ(USA)၊ ဦးသစ်လွင်-(ဒေါ်ဝင်းဝင်းမာ)(USA)၊ ဦးသန့်ဇင်-(ဒေါ်အေးအေးမာ)(USA)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်အစ်မကြီးသည် ၂၄-၁၁-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၃၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူညီအစ်ကို၊ မောင်နှမများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစံငြိမ်း

**အသက်(၈၀)**

**အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ**

**ဒါရိုက်တာ S.S.C ဆေးရုံ**

ကျေးဇူးရှင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်းသည် ၂၅-၁၁-၂၀၂၀ ရက် နံနက် ၄နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်အတူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ဦးပြေအောင်-ဒေါ်ယုယုလွင်**
**Dr.သာထက်အောင်**
**Dr.စစ်ငြိမ်းအောင်-Dr.မေသော်ရည်ဝင်း**
**Dr.သက်လျာအောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်မြင့်မြင့်လွင်

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်းနေ၊ဒလမြို့နယ်၊ (ပညာ၊ ကျန်းမာရေးဖောင်ဒေးရှင်း) ဒု-ဥက္ကဋ္ဌ ဒေါက်တာတင်ဖုန်း၏ ဇနီးဒေါက်တာ ဒေါ်မြင့်မြင့်လွင်(ပိုးမွှားဗေဒမှူး၊ ငြိမ်း)/ကျန်းမာဓာတ်ခွဲဌာန)သည် ၂၄-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **အလုပ်အမှုဆောင်အဖွဲ့**

**ဒလမြို့နယ်ပညာ၊ ကျန်းမာဖောင်ဒေးရှင်း**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁ လမ်း၊ အမှတ် (၁၁) မျက်နှာမူလျှင် (ညာ)၊ မြေညီထပ်+ ပထမထပ် တိုက်ခန်း(၂)ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသော ဦးတင်မောင်ချစ် [၁၂/မဂတ(နိုင်)၀၁၅၅၈၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B,D.B.L,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon (IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ကွန်မြူနစ်ပါတီနှင့် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံရေးပါတီတို့အကြား ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် တရုတ်ကွန်မြူနစ်ပါတီနှင့် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံရေးပါတီတို့အကြား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည့် ဆွေးနွေးပွဲအခမ်းအနား (CPC in Dialogue with Political Parties of Southeast Asian Countries) သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ကပ်ရောဂါကာလကြာရှည်ခြင်းသည် ဒေသတွင်းစီးပွားရေး ပြန်လည်နာလန်ထူနိုင်ရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေနိုင်သည့် အချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နေထိုင်မှုပုံစံအသစ်၏ ခွင့်ပြုနိုင်သည့် ဘောင်အတွင်းမှ အတူတကွ တိုးတက်အောင်မြင်ရန် နည်းလမ်းအမျိုးမျိုးကို ထည့်သွင်းစဉ်းစားသွားရမည် ဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံမှုသည်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပြုလုပ်သည့် တရုတ်ကွန်မြူနစ်ပါတီနှင့် အရှေ့တောင်အာရှနိုင်ငံများမှ နိုင်ငံရေးပါတီတို့အကြား ဆွေးနွေးပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများ မကြာမီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနိုင်တော့မည်ဟု ဥရောပကော်မရှင် အကြီးအကဲပြောကြား**

စာမျက်နှာ » ၁၃

**အစိုးရဌာနများ၏ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များကို Myanmar National Portal၊ Facebook Page နှင့် Mobile Application တို့မှတစ်ဆင့် ပြည်သူများ အလွယ်တကူ ရယူသုံးစွဲနိုင်**

စာမျက်နှာ » ၁၅

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် သင်္ဘောကြီး ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ




ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသည့် CNTIC VPOWER ENERGY သင်္ဘောကြီးကို တွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၆**

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ သဘာဝဓာတ်ငွေ့ရည်( LNG)ကို အသုံးပြုကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် တန်ချိန်တစ်သိန်းကျော်ရှိ သင်္ဘောကြီး ယနေ့နံနက်ပိုင်းက ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာပြီဖြစ်သည်။

**အောင်မြင်စွာ ဆိုက်ကပ်**

အလျား ၂၇၂ မီတာရှည်ပြီး ၁၀၆၂၈၃ တန်ချိန်ရှိ CNTIC VPOWER ENERGY သင်္ဘောကြီးသည် ယနေ့နံနက်ပိုင်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုအောက်၌ ရန်ကုန်ဆိပ်ကမ်းသမိုင်းတွင် ပထမဆုံးသောတန်ချိန်တစ်သိန်းကျော်ရေယာဉ်ကြီးကို သီလဝါဆိပ်ကမ်းဒေသ အကွက်အမှတ်(၁၄) Dalphin Jetty သို့ အောင်မြင်စွာ ဆိုက်ကပ်နိုင်ခဲ့ပြီဖြစ်သည်။

"ဒီလောက်ကြီးတဲ့ သင်္ဘောကြီးက မြန်မာနိုင်ငံမှာ ပထမဆုံးပါပဲ။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အတွက်သာမက နိုင်ငံအတွက်လည်း ဂုဏ်ယူစရာကောင်းပါတယ်။ ကျွန်တော်တို့ရဲ့ရေယာဉ်မှူးတွေအတွက်လည်း ဂုဏ်ယူမိပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ○



# မိုင်းရှူးမြို့နယ်၌ နှာခေါင်းစည်း ၂၀၀၀ နှင့် ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင် ၁၅၀၀ ဖြန့်ဝေ

**မိုင်းရှူး နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်းမဖြစ်မနေဝတ်ရေး အသိပညာပေးခြင်းကို မိုင်းရှူးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့က ယနေ့နံနက် ၈ နာရီခွဲတွင် ဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုအနေဖြင့် ကာကွယ်ရေးနည်းလမ်းများကို ပိုမိုအလေးပေးဂရုစိုက်ပြီး အလေ့အကျင့်မှ အလေ့အထသို့ ရောက်ရှိစေရန် ရည်ရွယ်၍ မိုင်းရှူးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ဖွဲ့မှူး ဦးစိုင်းစိုးထွန်းက ဦးဆောင်၍ အသွားအလာများသည့် မြို့လယ်တံတားထိပ်၊ မြို့မဈေး၊ ပြည့်စုံဈေးနှင့် ရွှေဟင်္သာဈေးတို့တွင် နှာခေါင်းစည်း ၂၀၀၀ နှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင် ၁၅၀၀ တို့ကို အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)